# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**စောင့်ရှောက်ထားအပ်သောစိတ်**

အလွန့်အလွန်မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက် | ၂၀၂၂ ခုနှစ်၊ မတ် ၁၈ ရက်၊ သောကြာနေ့ | အတွဲ (၆၁)၊ အမှတ် (၁၆၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး H.E. Mr. Saud bin Abdullah Al-subaie နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

နေပြည်တော် မတ် ၁၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Mr. Saud bin Abdullah Al-subaie သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ညွှန့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။


*စာမျက်နှာ ၃ ကော်လံ ၁*❈


## ယနေ့ ဖတ်စရာ


စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ နှုန်းဖြင့် လိုက်လံရောင်းချပေးလျက်ရှိ

ပြည်တွင်းသတင်း | စာ - ၉



လူငယ်လူရွယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာမှ လူငယ်ဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များအကြောင်း တစေ့တစောင်း

ဆောင်းပါး | စာ - ၁၀

အရွယ်ရောက်သူတိုင်း နိုင်ငံသားကတ်ရှိဖို့လိုသည်



ဆောင်းပါး | စာ - ၂၀

## အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး

နိုင်ငံတော်ကို ကာကွယ်ရန်၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပြည်သူကိုကာကွယ်ရန်မှာ တပ်မတော်၏တာဝန်ဖြစ်သည်။ ဤတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် တပ်မတော်သည် စွမ်းရည်မြင့်မားသည့် တပ်မတော်ဖြစ်ရန်လိုသည်။ မိမိတို့နိုင်ငံ၏ ပထဝီနိုင်ငံရေးအနေအထားနှင့် မျက်မှောက်ကာလ ကမ္ဘာ့နိုင်ငံရေး အခြေအနေအရပ်ရပ်တို့ကလည်း နိုင်ငံတော်၏ ကာကွယ်ရေး စွမ်းပကားဖြစ်သည့် တပ်မတော်ကို အင်အားတောင့်တင်းခိုင်မာစေရန်နှင့် စွမ်းဆောင်ရည်မြင့်မားစေရန် မြှင့်တင်ရေးကို တောင်းဆိုလျက်ရှိပြီဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၂)တွင် နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ကာကွယ်ရေးစွမ်းပကား မြှင့်တင်ရေးနှင့်ပတ်သက်၍ ပြောကြားရာတွင် မိမိတွင် ရည်မှန်းချက် သုံးခု ရှိကြောင်း၊ တစ်အချက်သည် တိုင်းပြည်စီးပွားရေးကို ရအောင်ဆွဲတင်မည်။ ၂၀၂၂ ခုနှစ်တွင် စီးပွားရေးအားကောင်းအောင်၊ တိုးတက်အောင် လုပ်မည်။ ဒုတိယအနေဖြင့် နိုင်ငံရေး၊ ပါတီစုံဒီမိုကရေစီစနစ် ဖော်ဆောင်ရေးနှင့် ပတ်သက်၍ ရသည့်လမ်းကြောင်းများမှ အကုန်လုပ်မည်။ နိုင်ငံရေး၊ စီးပွားရေးတို့ အားကောင်းပြီဆိုလျှင် တတိယဖြစ်သည့် ကာကွယ်ရေးစွမ်းပကားကို မြှင့်တင်ရမည်ဟု ထည့်သွင်းပြောကြားခဲ့သည်။

"ကာကွယ်ရေးစွမ်းအားမကောင်းရင်တော့ ကျွန်တော်တို့ ခံသွားရမှာပေါ့။ သူများက ဖင်ပုတ်၊ ခေါင်းပုတ် လာလုပ်သွားမှာပေါ့။ စီးပွားရေးအားမကောင်းရင်လည်း ပိုက်ဆံမရှိတော့ မျက်နှာငယ်ရတယ်။ နိုင်ငံရေး အားမကောင်းတဲ့အခါကျတော့ သူများတွေ ကျွန်တော်တို့ကို မျိုးစုံပြဿနာတွေရှာမှာ။ စစ်ရေးအရ ကာကွယ်ရေးစွမ်းအားမကောင်းတော့ ဖင်ပုတ် ခေါင်းပုတ် လာလုပ်မယ်၊ ကျွန်တော်တို့တွေ စော်ကားခံရလိမ့်မယ်၊ ခြိမ်းခြောက်ခံရမယ်၊ ခြံစည်းရိုးတွေ လုံမှာမဟုတ်ဘူး၊ ဒီသုံးခုက ကျွန်တော်တို့ မဖြစ်မနေလုပ်ရမယ့် ကိစ္စရပ်ဖြစ်ပါတယ်" ဟူ၍လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက ပြောကြားခဲ့သည်။ သို့ဖြစ်ရာ နိုင်ငံတော်၏ အဓိကအင်အားတောင့်တင်းခိုင်မာရေးအတွက် တည်ဆောက်ကြရမည့်သူများမှာ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ ဖြစ်သည်။ နိုင်ငံ၏ စီးပွားရေးမြင့်မားလာအောင် ကြိုးပမ်းမြှင့်တင်ရေး၊ နိုင်ငံအတွင်း စည်းလုံးညီညွတ်မှု ခိုင်မာအောင် တည်ဆောက်ရေးနှင့် ကာကွယ်ရေးစွမ်းအား ကောင်းမွန်မြင့်မားရေးတို့ကို အောင်မြင်စွာ ဆောင်ရွက်နိုင်သည်နှင့်အမျှ နိုင်ငံတကာအလယ်တွင် လေးစားခန့်ညားမှုကို ခံယူရသည့် နိုင်ငံအဖြစ် ထည်ထည်ဝါဝါ ရပ်တည်နိုင်မည်ဖြစ်သည်။

ကမ္ဘာ့နိုင်ငံရေးမျက်နှာစာတွင် နိုင်ငံအချင်းချင်း ပခုံးချင်းယှဉ်၍ အားပြိုင်ကြရာတွင် စစ်ရေးအင်အား (Military Might) ကို ဦးစွာ ကြည့်ကြခြင်းဖြစ်သည်။ စစ်အင်အားချို့တဲ့ချည့်နဲ့နေပါက ပိုင်နက်ဝေဟင်၊ ရေပြင်၊ မြေပြင်တို့ကို ဝင်ချင်တိုင်းဝင် ထွက်ချင်တိုင်းထွက်ကြသည်ကို လက်ပိုက်ကြည့်နေရမည်ဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံတိုင်းသည် မိမိတို့၏ ကာကွယ်ရေးစွမ်းအားဖြစ်သည့် စစ်အင်အားကို နိုင်ငံ၏အရွယ်အစားအလိုက် အမျိုးသားအကျိုးစီးပွား ရည်မှန်းချက်များနှင့်ကိုက်ညီအောင် တည်ဆောက်ကြရသည်။ ယနေ့ မြန်မာ့တပ်မတော်သည် ခေါင်းဆောင်အဆက်ဆက်တို့၏ ကြိုးပမ်းတည်ဆောက်မှုများဖြင့် ဒေသတွင်းနိုင်ငံများတွင် အဆင့်တစ်ဆင့် ရပ်တည်နေနိုင်ပြီဖြစ်သော်လည်း ကာကွယ်ရေး အင်အားတည်ဆောက်မှုဟူသည် ရပ်ထား၍မရသည့်အလျောက် အနာဂတ်ကာလအထိပါ မျှော်မှန်းတည်ဆောက်နေရမည် ဖြစ်သည်။

တပ်မတော်သည် တိုင်းပြည်၏အင်အားတစ်ရပ်ဖြစ်သည်။ တိုင်းပြည်၏ ကာကွယ်ရေးစွမ်းအားကို မြှင့်တင်ရာတွင် စီးပွားရေး အခြေခံခိုင်မာတောင့်တင်းရန်လိုသလို နိုင်ငံရေးအရလည်း စည်းလုံးညီညွတ်ရန်လိုသည်။ ရေမြင့်မှကြာတင့်သကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ကာကွယ်ရေးတို့ကို မြင့်မားစေရေး စည်းလုံးညီညွတ်မှုဖြင့် တည်ဆောက်ကြရမည် ဖြစ်ပါကြောင်း။ ။

## (၇၇) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ကာကွယ်စောင့်ရှောက်လျက် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် အမျိုးသား နိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ကူညီဆောင်ရွက်ရေး။

၂။ နိုင်ငံတော်အစိုးရ၏ အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် အဓိကဆောင်ရွက်လျက်ရှိသည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာပေါများဖူလုံရေး လုပ်ငန်းစဉ်များတွင် တပ်မတော်အနေဖြင့် ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား တာဝန်ယူဆောင်ရွက်ရေး။

၃။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တပ်မတော်က တိုင်းရင်းသား ပြည်သူအားလုံးနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၄။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

၅။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဇော် ကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## တိမ်အသင့်အသင့် ဖြစ်ထွန်းမည်

နေပြည်တော် မတ် ၁၇

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## ကချင်ပြည်နယ်အစိုးရအဖွဲ့ကကြီးမှူး၍ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲကျင်းပ



မြစ်ကြီးနား မတ် ၁၇

သာသနာနှစ် ၂၅၆၅၊ ကောဇာသက္ကရာဇ် ၁၃၈၃ ခုနှစ် တပေါင်းလပြည့်နေ့တွင် ကချင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကို မတ် ၁၆ ရက် မွန်းလွဲ ၁ နာရီခွဲက မြစ်ကြီးနားမြို့ မင်းရပ် ရပ်ကွက်ရှိ သာသနာ့ဗိမာန်တော်၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်သာသနာရေးမှူး ဦးယဉ်မောင်ထွေးက အခမ်းအနားဖွင့် စာတမ်းကို ဖတ်ကြားပြီး ကချင်ပြည်နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မိုးကောင်းမြို့ မဟာတိလောကာရာမကျောင်းတိုက် ပဓာနဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏထံမှ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ဇနီး ဒေါ်နန်ဆိုင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ မဟာဂန္ဓာရုံကျောင်းတိုက်မှ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်(ရွှေကျင်) ဘဒ္ဒန္တဟိတေသိတက သမ္ဗောဒနီယဩဝါဒကထာကို မြွက်ကြား ချီးမြှင့်တော်မူပြီး ပြည်နယ်ဝန်ကြီးချုပ် ကိုယ်စား ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးဝင်းရဲထွန်းက သာသနာတော်ဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများက ကချင်ပြည်နယ်အတွင်းမှ ဘွဲ့တံဆိပ်တော်ရ ရဟန်း/သံဃာတော် ခြောက်ပါးတို့အားလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးနှင့် ပြည်နယ်ဝန်ကြီးများ၏ ဇနီးများက ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီး သုံးပါးတို့အားလည်းကောင်း အသီးသီးဆက်ကပ်လှူဒါန်းခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပူတာအိုမြို့ လုံးစွတ်ရပ်ကွက်နေသူ ဦးအောင်အောင်အား ဘွဲ့တံဆိပ်တော် ချီးမြှင့်ပေးအပ်သည်။ ၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့မှ သာသနာ့ဗိမာန်တော် ဘက်စုံပြုပြင်မွမ်းမံနိုင်ရေးအတွက် အလှူငွေကျပ်သိန်း ၁၀၀ ကိုပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

*❊ ရှေ့ဖုံးမှ*

ထို့နောက် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုဆိုင်ရာ ကိစ္စရပ်များ၊ ကုန်သွယ်မှုတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများကို ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဟန်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Mr. Saud bin Abdullah Al-subaie က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။**



**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး H.E. Mr. Saud bin Abdullah Al-subaie နှင့် အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် မတ် ၁၇**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသားအကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများ စသည့်ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

**ကာကွယ်ဆေးထိုးနှံပေး**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မတ် ၁၆ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌ ဒေသခံပြည်သူ ၃၉၈၃ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် လေးမြို့နယ်တို့၌ ဒေသခံပြည်သူ ၂၃၉၉ ဦး၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၅၅၀ ၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၉၇၁၃ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ကိုးမြို့နယ်တို့၌ ဒေသခံပြည်သူ ၉၀၅၀၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၆၂၂၀ နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သုံးမြို့နယ်၌ ဒေသခံပြည်သူ ၁၀၈၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသားကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ မတ် ၁၆ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့၌ ကျောင်းသား ကျောင်းသူ ၅၆ ဦးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၁၁၉ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

**သွားရောက်ကြည့်ရှု**

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၂)တွင် အမှာစကားပြောကြားစဉ်။

# ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂)သို့ တက်ရောက်အမှာစကားပြောကြား

## စီမံကိန်းကြီးများနှင့်ပတ်သက်၍ မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သည့် နိုင်ငံအတွက် အကျိုးရှိစေမည့် စီမံကိန်းကြီးများကိုသာ ဦးစားပေးဆောင်ရွက်

**နေပြည်တော် မတ် ၁၇**

ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၂)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

### ချိတ်ဆက်တက်ရောက်

အစည်းအဝေးသို့ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အတွင်းရေးမှူး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်သီတာဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်နှင့် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များက Video Conferencing ဖြင့် ချိတ်ဆက်တက်ရောက်ကြသည်။

### ဦးစားပေးလျာထားဆောင်ရွက်

ဦးစွာ ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းများကို ရေးဆွဲရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ်တို့ကို အခြေခံပြီး မူဝါဒ၊ ညွှန်ကြားချက်များနှင့်အညီ ရေးဆွဲကြရမည်ဖြစ်ပါကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ကိုဗစ်-၁၉ ရောဂါနှင့် နိုင်ငံရေးဖြစ်စဉ်များကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဟန့်အတား၊ အနှောင့်အယှက်များ ရှိနေသော်လည်း မိမိတို့လျာထားသည့် ရငွေများကို လျာထားချက်အတိုင်းရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ အသုံးစရိတ်များကိုလည်း နိုင်ငံတော်၏ စီးပွားရေး ပြန်လည်ဖွံ့ဖြိုးတိုးတက်မှုကို အလျင်အမြန်အထောက်အကူပြုမည့်အသုံးစရိတ်များကိုသာ ဦးစားပေးလျာထားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

### အကောင်အထည်ဖော်ဆောင်ရွက်

နိုင်ငံအတွင်းတွင်ရှိသည့် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေပြည်သူများ ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အခြေခံပြီး အသက်မွေးဝမ်းကျောင်းပြုကြရသည့် သူများဖြစ်သည့်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်များကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများက ဦးဆောင်လမ်းပြ ကူညီပံ့ပိုး ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံတော်တွင် လိုအပ်နေဆဲဖြစ်သည့် အခြေခံအဆောက်အအုံဆိုင်ရာ လမ်း၊ တံတား၊ အဆောက်အဦ၊ လျှပ်စစ်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး စသည့် အသုံးစရိတ်များ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ အသုံးစရိတ်များကိုလည်း ခွဲဝေပေးသည့် ရန်ပုံငွေဖြင့် ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်သည့် လုပ်ငန်းများအတွက် ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်ပေးကြစေလိုပါကြောင်း။

ယခုအချိန်သည် နိုင်ငံ့စီးပွားရေးကို ပြန်လည်ဦးမော့လာအောင် ကြိုးပမ်းဆောင်ရွက်ရမည့်အချိန်ဖြစ်သည့်အတွက် အစိုးရ၏အသုံးစရိတ် သုံးစွဲမှုများသည် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသည့် ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများကို အထောက်အကူပြုနိုင်ရမည်ဖြစ်ပါကြောင်း၊ ပြည်သူတို့၏ လူမှုစီးပွားဘဝမြင့်မားတိုးတက်ရေး၊ တစ်ဦးချင်းဝင်ငွေတိုးမြင့်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းရရှိစေရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေး၊ ပြည်ပပို့ကုန်မြှင့်တင်ရေး၊ သွင်းကုန်အစားထိုးထုတ်လုပ်ရေး စသည်များကို ဦးတည်ရည်မှန်းချက်ထား ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

> ◆ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ကိုဗစ်-၁၉ ရောဂါနှင့် နိုင်ငံရေးဖြစ်စဉ်များကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဟန့်အတား၊ အနှောင့်အယှက်များ ရှိနေသော်လည်း မိမိတို့လျာထားသည့် ရငွေများကို လျာထားချက်အတိုင်းရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်
>
> ◆ အသုံးစရိတ်များကိုလည်း နိုင်ငံတော်၏ စီးပွားရေး ပြန်လည်ဖွံ့ဖြိုးတိုးတက်မှုကို အလျင်အမြန် အထောက်အကူပြုမည့် အသုံးစရိတ်များကိုသာ ဦးစားပေးလျာထား ဆောင်ရွက်

### ဆက်လက်သုံးစွဲသွားရမည်

မိမိတို့အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ အားကစားနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး အသုံးစရိတ်များကိုလည်း ဆက်လက်အားပေးမြှင့်တင်သုံးစွဲသွားမည် ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါသည် လုံးဝချုပ်ငြိမ်းသွားခြင်း မရှိသေးသည့်အတွက် ကာကွယ်ဆေးအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အသုံးစရိတ်များကိုလည်း မဖြစ်မနေ ဆက်လက်သုံးစွဲသွားရမည် ဖြစ်ပါကြောင်း။

### ပြည်သူကို တိုက်ရိုက်အကျိုးပြု

တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့်လည်း စီမံအုပ်ချုပ်ရေးဆိုင်ရာ အသုံးစရိတ်များထက် ပြည်သူကို တိုက်ရိုက်အကျိုးပြုနိုင်သည့် လမ်း၊ တံတား၊ ရေ၊ လျှပ်စစ်မီးအသုံးစရိတ်များ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအသုံးစရိတ်များကို ဦးစားပေး သုံးစွဲကြစေလိုပါကြောင်း။

နိုင်ငံတော်၏ မက်ခရိုစီးပွားရေးအခြေအနေပြ ညွှန်ကိန်းများအရ အရအသုံးခန့်မှန်းခြေငွေစာရင်း လိုငွေနှင့် ဂျီဒီပီအချိုးကို ရှိသင့်သည့်ပမာဏ အတိုင်းအတာအတွင်း ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ သို့မှသာ နိုင်ငံတော်၏လိုငွေများကြောင့်ရယူထားရသည့် ပြည်တွင်း၊ ပြည်ပ ကြွေးမြီများ၏ ဝန်ထုပ်ဝန်ပိုးကို ကြိုတင်ကာကွယ်နိုင်မည် ဖြစ်ပါကြောင်းဖြင့် မှာကြားသည်။

*စာမျက်နှာ ၅ သို့*

■ **ယခုအချိန်သည် နိုင်ငံ့စီးပွားရေးကို ပြန်လည်ဦးမော့လာအောင် ကြိုးပမ်းဆောင်ရွက်ရမည့်အချိန် ဖြစ်သည့်အတွက် အစိုးရ၏ အသုံးစရိတ်သုံးစွဲမှုများသည် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသည့် ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများကို အထောက်အကူပြုနိုင်ရမည်၊ ပြည်သူတို့၏ လူမှုစီးပွားဘဝမြင့်မားတိုးတက်ရေး၊ တစ်ဦးချင်းဝင်ငွေတိုးမြင့်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေး၊ ပြည်ပပို့ကုန်မြှင့်တင်ရေး၊ သွင်းကုန်အစားထိုးထုတ်လုပ်ရေး စသည်များကို ဦးတည်ရည်မှန်းချက်ထား ဆောင်ရွက်ရမည်**

*စာမျက်နှာ ၄ မှ*

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရငွေပိုင်းတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ၏ နောက်ဆက်တွဲစီးပွားရေးထိခိုက်မှုနှင့် နိုင်ငံရေးဖြစ်စဉ်များကြောင့် ရငွေလျော့နည်းနိုင်မည် ဖြစ်သော်လည်း အမှန်ရရှိနိုင်မည့် အခြေအနေအပေါ်မူတည်၍ လျာထားမှုအပေါ် စိစစ်ထားရှိပါကြောင်း၊ အသုံးစရိတ်ပိုင်းတွင် ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာစေရေးစီမံချက် Covid-19 Economic Relief Plan (CERP) လုပ်ငန်းအစီအစဉ်တွင်ပါရှိသည့် အစိုးရ၏ ရင်းနှီးမြှုပ်နှံမှုများကို ဦးစားပေးဆောင်ရွက်ခြင်း လုပ်ငန်းအစီအစဉ်အရ လက်ငင်းအကျိုးရှိစေမည့် လုပ်ငန်းများ၊ ဘက်စုံအကျိုးသက်ရောက်မှုများစေမည့် လုပ်ငန်းများ၊ မရှိမဖြစ်လိုအပ်သည့် အခြေခံအဆောက်အအုံဆိုင်ရာ လုပ်ငန်းများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဦးစားပေး စိစစ်ခွင့်ပြုခဲ့ခြင်းဖြစ်ပါကြောင်း၊

**ယခုဘဏ္ဍာရေးနှစ်တွင် အထူးစိစစ်ခဲ့**

သာမန်အသုံးစရိတ်ပိုင်းတွင် ဝန်ထမ်းသစ်များခန့်ထားမှု၊ စက်သုံးဆီသုံးစွဲမှုများကိုလည်း ယခုဘဏ္ဍာရေးနှစ်တွင် အထူးစိစစ်ခဲ့ပါကြောင်း၊ လုပ်ငန်းလည်ပတ်မှုနှင့် ကုန်ထုတ်လုပ်မှုကို တိုက်ရိုက်အကျိုးပြုစေသည့် သာမန်အသုံးစရိတ်များကို စိစစ်ခွင့်ပြုထားပါကြောင်း၊

ငွေလုံးငွေရင်း အသုံးစရိတ်ပိုင်းတွင် ၂၀၂၂-၂၀၂၃ မှ ၂၀၂၆-၂၀၂၇ (၅)နှစ်စီမံကိန်းလုပ်ငန်းများ၊ နိုင်ငံတော်မူဝါဒအရ ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းစီမံကိန်းများနှင့် ဆောင်ရွက်ဆဲစီမံကိန်းများ အနက် ဦးစားပေးအဆင့်လိုက် ခွဲခြားစေပြီး စိစစ်ခဲ့ပါကြောင်း၊ ပြည်ပချေးငွေ၊ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်မည့် စီမံကိန်းများအတွက် ချေးငွေ၊ ထောက်ပံ့ငွေ အမှန်ရရှိသုံးစွဲနိုင်မည့် လုပ်ငန်းများကိုသာ ဦးစားပေးလျာထားခွင့်ပြုပေးခဲ့ပါကြောင်း၊ မူဝါဒ၊ ညွှန်ကြားချက်များနှင့် ကိုက်ညီမှုမရှိသည့် အသုံးစရိတ်များကို စိစစ်လျှော့ချနိုင်ခဲ့ပါကြောင်း၊

**ငွေကျပ် ၁၅ ဘီလီယံ ထည့်သွင်းလျာထား**

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ယခင်နှစ်နည်းတူ ကြိုတင်မမျှော်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အရေးပေါ်ရန်ပုံငွေကို ဗဟိုတွင် ငွေကျပ် ၁၀၀ ဘီလီယံ၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်များအတွက် ငွေကျပ် ၁၅ ဘီလီယံ ထည့်သွင်းလျာထားပါကြောင်း၊ ထို့ပြင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေသို့လည်း ယခင်နှစ်နည်းတူ ထည့်ဝင်ရန် ငွေကျပ်ဘီလီယံ ၂၀ ဖြင့် စုစုပေါင်း ငွေကျပ် ၁၃၅ ဘီလီယံကို ထည့်သွင်းလျာထားခဲ့ပါကြောင်း၊

တိုင်းဒေသကြီး/ပြည်နယ်များသို့ ပြည်ထောင်စုမှ ထောက်ပံ့ငွေပေးရာတွင် နှစ်လတ်ဘဏ္ဍာရေးမူဘောင်နှင့် ဦးစွာတွက်ချက်ပြီးမှ လူမှုစီးပွားရေးအခြေအနေပြ ညွှန်းကိန်း(၆)ခု အသုံးပြုတွက်ချက်၍ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် အချိုးကျမျှတမှုရှိစေရန် ခွဲဝေလျာထားပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ ပြည်သူကို တိုက်ရိုက်အကျိုးပြုနိုင်မည့် အသုံးစရိတ်များ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး အသုံးစရိတ်များကို ဦးစားပေးသုံးစွဲကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က




ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရှင်းလင်းပြောကြားစဉ်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် ၂၀၂၂ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းတို့ကို ရှင်းလင်းတင်ပြသည်။

**အကြံပြုဆွေးနွေး**

ဆက်လက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်က ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းများနှင့်စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်များအရ အနာဂတ်ကာလတွင် ဆောင်ရွက်သင့်သည့် အချက်များကို အကြံပြုဆွေးနွေးတင်ပြသည်။

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ၂၀၂၀ - ၂၀၂၂ မီနီဘတ်ဂျက်အတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် အခြားသောအကြောင်းအမျိုးမျိုးကြောင့် ရငွေများလျော့နည်းခဲ့ကြောင်း၊ ယင်းကိုကုစားနိုင်ရန်အတွက် နည်းလမ်းပေါင်းစုံဖြင့် စဉ်းစားဆောင်ရွက်ခဲ့ကြောင်း၊ ရငွေများတိုးတက်ရရှိစေရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ အဓိကကျသည့် ကုန်ထုတ်လုပ်မှုကို မြှင့်တင်နိုင်ရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ကုန်ထုတ်လုပ်မှုအတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် မြေ၊ ရေနှင့် လူသားအရင်းအမြစ်များရှိပြီးဖြစ်ကြောင်း၊ ပြည်ပပို့ကုန်များကို အရည်အသွေးပြည့်မီစွာဖြင့် ထုတ်လုပ်တင်ပို့နိုင်မည်ဆိုပါက ပြည်ပဝင်ငွေများ တိုးတက်လာမည်ဖြစ်ကြောင်း။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ရရှိသည့် ထွက်ကုန်များဖြင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ခြင်းအားဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို တိုးတက်စေမည်ဖြစ်ကြောင်း၊ Quick Win ဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းများ ယခုထက်အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့် ငွေကြေးလည်ပတ်မှုကို ပိုမိုအားကောင်းစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ၏စီးပွားရေးများစွာ တိုးတက်ပြောင်းလဲလာမည်ဖြစ်ကြောင်း၊ ပြည်သူများပါသည့် စီးပွားရေးကို ပီပြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံသာယာဝပြောမည်ဖြစ်ကြောင်း။

**နိုင်ငံတော်မှ ရင်းနှီးမြှုပ်နှံဆောင်ရွက်**

စီမံကိန်းကြီးများနှင့် ပတ်သက်၍ မဖြစ်မနေအကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သည့်၊ နိုင်ငံအတွက်အကျိုးရှိစေမည့် စီမံကိန်းကြီးများကိုသာ ဦးစားပေးဆောင်ရွက်ကြရန် လိုကြောင်း၊ လတ်တလောကာလအတွင်း ဆောင်ရွက်ရန် မလိုအပ်သေးသည့် စီမံကိန်းများကို လျှော့ချဆောင်ရွက်သွားရန် လိုကြောင်း၊ အရှုံးပေါ်လျက်ရှိနေသည့် လုပ်ငန်းများနှင့် စီမံကိန်းများကိုလည်း ပြန်လည်စိစစ်ကြပ်မတ်သွားရန်လိုကြောင်း၊ ကျန်းမာရေးနှင့် လုံခြုံရေးအတွက် မဖြစ်မနေရင်းနှီးမြှုပ်နှံရမည့် လုပ်ငန်းများကို နိုင်ငံတော်မှ ရင်းနှီးမြှုပ်နှံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့သည် မူဝါဒချမှတ်ပေးသည့်အဖွဲ့အစည်းဖြစ်ပြီး သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းအဆင့်ဆင့်က အကောင်အထည်ဖော်ဆောင်ရွက်ရကာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက အနီးကပ်ကြပ်မတ် အကောင်အထည်ဖော်ရခြင်းဖြစ်သဖြင့် တာဝန်ရှိသူများအနေဖြင့် ဖိဖိစီးစီးထိထိမိမိဖြင့် ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း ဆွေးနွေးပြောကြားသည်။

**အချိန်မီအတည်ပြုပြဋ္ဌာန်း**

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယနေ့ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်အစည်းအဝေးက ဆွေးနွေးအတည်ပြုပြီးဖြစ်သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်၏ ထောက်ခံချက်နှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့ကတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ ဆက်လက်တင်ပြပြီး ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို အချိန်မီအတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်၏ လုပ်ငန်းတာဝန်အရပ်ရပ်ကို တာဝန်ယူဆောင်ရွက်နေချိန်တွင် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ အဓိကရည်မှန်းချက်ထား ဆောင်ရွက်နေသည်မှာ နိုင်ငံသာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက်ပင်ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ စီးပွားရေးနှင့် ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ခေတ်မီနည်းစနစ်များနှင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးသည် မိမိတို့၏စီးပွားရေးဦးတည်ချက်များထဲမှ အဓိကဦးတည်ချက်တစ်ခုဖြစ်ပါကြောင်း၊ လက်ရှိနိုင်ငံ၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အားပေးကူညီခြင်း၊ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းများနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်ပစ္စည်းများကို အထွက်နှုန်းကောင်းပြီး စံချိန်မီအရည်အသွေးရှိသည့် ဈေးကွက်ဝင်ကုန်ပစ္စည်းများ ဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဘဏ္ဍာငွေများသုံးစွဲရာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် စနစ်တကျအကျိုးရှိရှိသုံးစွဲကြရန် လိုအပ်ပါကြောင်း။

လက်ရှိအခြေအနေအရ ပြည်ပပို့ကုန်တိုးမြှင့်ရေးနှင့် ပြည်ပသွင်းကုန်များ စိစစ်တင်သွင်းရေးကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ပြည်ပသွင်းကုန်အစားထိုးနိုင်မည့် အရည်အသွေးပြည့်မီသည့် ပြည်တွင်းထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

**အကျိုးရှိစွာအသုံးချ**

မိမိတို့အစိုးရချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များကို ဖော်ဆောင်နိုင်ရေးအတွက် ဝန်ကြီးဌာနအလိုက် ခွဲဝေချထားပေးသည့် အသုံးစရိတ်ရန်ပုံငွေများကို အကျိုးရှိစွာအသုံးချပြီး ဆောင်ရွက်ပေးကြရန် မှာကြားလိုပါကြောင်း၊ ရငွေများ ရှာဖွေကောက်ခံပေးရမည့်ဌာနများအနေဖြင့်လည်း လျာထားချက်ပါရငွေများကို အပြည့်အဝရရှိစေရန် အချိန်ကာလပိုင်းခြားသတ်မှတ်ပြီး ရည်မှန်းချက်များချမှတ်၍ ဆောင်ရွက်ကြစေလိုပါကြောင်း၊ အခက်အခဲများကြုံတွေ့ရပါက အချိန်နှင့်တစ်ပြေးညီ တင်ပြပြီး ဖြေရှင်းဆောင်ရွက်ကြရန် လိုပါကြောင်း။

အသုံးစရိတ်များသုံးစွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများကို တိကျစွာလိုက်နာကြရန်နှင့် တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကိုလည်း တိကျစွာ လိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ အသုံးစရိတ်သုံးစွဲမှုမှန်သမျှကို စာရင်းစစ်စစ်ဆေးခံယူနိုင်ရေးအတွက် စနစ်တကျဆောင်ရွက်ထားရမည်ဖြစ်ပါကြောင်း၊ ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီသုံးစွဲနိုင်ရန်လည်း အထူးလိုအပ်ပါကြောင်း။

နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ဦးထိပ်ထားပြီး ကောင်းမွန်သော ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစွမ်းရည်များနှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များအားလုံး မိမိတို့ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေများနှင့်အညီ ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ပေးကြရန် တိုက်တွန်းကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❂ **တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့်လည်း စီမံအုပ်ချုပ်ရေးဆိုင်ရာ အသုံးစရိတ်များထက် ပြည်သူကို တိုက်ရိုက်အကျိုးပြုနိုင်သည့် လမ်း၊ တံတား၊ ရေ၊ လျှပ်စစ်မီးအသုံးစရိတ်များ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု အသုံးစရိတ်များကို ဦးစားပေးသုံးစွဲ**

# နိုင်ငံခြားရေးဝန်ကြီးဌာန (၇၅) နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

နေပြည်တော် မတ် ၁၇

**နိုင်ငံခြားရေးဝန်ကြီးဌာန (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ယနေ့ နံနက်ပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမ၌ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဦးကိုကိုလှိုင်တို့ ကြီးမှူး၍ ဝန်ထမ်းများက ပျဉ်းမနားမြို့ ရတနာမှန်ကျောင်းဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိလာသ ဦးဆောင်သော သံဃာတော်ငါးပါးအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။** (ယာပုံ)



ထို့နောက် ယခုနှစ်တွင် နိုင်ငံတော်ကချီးမြှင့်သည့် သဒ္ဓမ္မဇောတိကဓဇ သာသနာပြု ဘွဲ့တံဆိပ်တော် ရရှိတော်မူသော ရတနာမှန်ကျောင်း ဆရာတော် ဘဒ္ဒန္တဝိလာသ မထေရ်မြတ်အား ဂုဏ်ပြုပူဇော်သည့် ဂုဏာပူဇာမင်္ဂလာအခမ်းအနားကို ကျင်းပရာ ရတနာမှန်ကျောင်း ပင်မအဆောက်အဦ အကြီးစားပြုပြင်မွမ်းမံရန် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ပရှိ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးတို့မှ အရာထမ်း၊ အမှုထမ်းများ၏ ထည့်ဝင်လှူဒါန်းငွေကျပ်သိန်း ၂၀၀ ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို ကျင်းပရာ ဦးစွာပြည်ထောင်စုဝန်ကြီးများက အမှာစကားများ ပြောကြားကြသည်။ ထို့နောက် စကားရည်လုပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ဗိုလ်လုပွဲကို ကျင်းပသည်။

ယင်းနောက် နိုင်ငံနှင့် ဝန်ကြီးဌာနအပေါ် တာဝန်သိသိ သစ္စာရှိရှိဖြင့် လုပ်သက်ကြာမြင့်စွာ တာဝန်ထမ်းဆောင်ခဲ့ကြသော အရာထမ်းတစ်ဦးနှင့် အမှုထမ်းတစ်ဦးတို့ကို ဂုဏ်ပြုဆုများ ချီးမြှင့်ခြင်း၊ ၂၀၂၀ - ၂၀၂၁ ခုနှစ်တွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်/ အောက်မြန်မာပြည်) တို့၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ဝန်ထမ်းများ၊ ၂၀၂၁ ခုနှစ် သားကောင်းတမန်မဂ္ဂဇင်း၏ ဆောင်ပုဒ်အဖြစ် ရွေးချယ်ခြင်းခံရသည့် ကလောင်ရှင် ဝန်ထမ်း၊ စကားရည်လုပြိုင်ပွဲနှင့် ကျပန်းစကားပြော ပြိုင်ပွဲများတွင် ဆုရရှိသူများကို ဆုများချီးမြှင့်ခြင်း၊ ဝန်ထမ်းများအတွက် ကံစမ်းမဲအထူးဆုကြီးများ မဲဖောက်ခြင်းတို့ကို ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ကျင်းပခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ရှမ်းပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများ ကြည့်ရှုစစ်ဆေး
# တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းစွာဖြေဆိုနိုင်ရေး ဝိုင်းဝန်းကူညီ

**နေပြည်တော် မတ် ၁၇**

ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်းတို့နှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် ကလောမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းဆောင်များ၊ စာသင်ခန်းများနှင့် ကျောင်းဘောလုံးကွင်းကို ကြည့်ရှုစစ်ဆေး၍ ကျောင်းဥပစာရပ်ကောင်းမွန်ရေးနှင့် ကျောင်းဘောလုံးကွင်း အဆင့်မြှင့်တင်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။



ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးမြို့ အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကာ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲခန်းများ ပြင်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေး၍ တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုမည့် ကျောင်းသားကျောင်းသူများ စိတ်ကျဉ်းကျပ်မှုမရှိစေဘဲ စိတ်အေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြစေ လိုပါကြောင်း၊ ကျောင်းသား ကျောင်းသူများ စိတ်လွတ်လပ်စေရေးအတွက် စာဖြေခုံများကို ရှေ့နံရံ၊ နောက်နံရံများနှင့်ကပ်၍ မထားဘဲ အကွာအဝေးကို စနစ်တကျ ထားရှိစေလိုပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး နည်းလမ်းများနှင့်အညီ လိုက်နာဆောင်ရွက်စေလိုပါကြောင်း မှာကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းအတွင်း ကျောင်းအားကစားရုံ ပြုပြင်တည်ဆောက်နေမှုများနှင့် ကျောင်းဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါကျောင်း၏ ဒေါ်ခင်သိန်း ကျောင်းဆောင်ခန်းမတွင် ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ကြီးကြပ်ရေးမှူးများဖြစ်ကြသော ရှမ်းပြည်နယ်တောင်ပိုင်း ပြည်နယ်ပညာရေးမှူး၊ ခရိုင်/မြို့နယ် ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံကာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် နိုင်ငံ၏ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူး အားပေးလျက်ရှိပြီး အဘက်ဘက်က ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက် ပေးလျက်ရှိပါကြောင်း၊ ရပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော ဘဏ္ဍာငွေများ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆရာ ဆရာမများ အရည်အသွေး မြင့်မားရေးကို အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ မကြာမီ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်ပညာရေးမှူးများကို စီမံခန့်ခွဲမှုမွမ်းမံသင်တန်းများပို့ချကာ ဆင့်ပွားသင်တန်းများ ဆက်လက်ပို့ချမည်ဖြစ်ပါကြောင်း၊ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ညီညွတ်စွာဝိုင်းဝန်းလက်တွဲ၍ ဆောင်ရွက်ကြစေလိုပါကြောင်း၊ ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲကို အေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် လိုအပ်ချက်များရှိပါက အမြန်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း။

စာမေးပွဲကျင်းပရေးကိစ္စနှင့် စပ်လျဉ်းသော အဆင့်တိုင်းတွင် ကြီးကြပ်ရေး တာဝန်၊ လုံခြုံရေး တာဝန်စသည်တို့တွင် လစ်ဟင်းမှုမရှိစေရေး အသေးစိတ်ပြင်ဆင် ဆောင်ရွက်ကြစေလိုပါကြောင်း၊ စာရင်း၊ ဇယားများ ပြုစုဆောင်ရွက်ရာတွင် တိတိကျကျ ပြုစုဆောင်ရွက်ပေးစေလိုပါကြောင်း၊ ကျောင်းသား ကျောင်းသူများ လိမ္မာယဉ်ကျေးစေရန်၊ စည်းကမ်းကောင်းမွန်စေရန်နှင့် မျိုးချစ်စိတ်ရှင်သန် ထက်မြက်စေရန်အတွက် စာမေးပွဲအပြီးတွင် ဟောပြောပွဲများ ကျင်းပဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများ၏ ဆရာဟူသော အမည်နှင့် လုပ်ငန်း တာဝန်သည် အလွန်လေးစား မြတ်နိုးဖွယ်ရာ တန်ဖိုးရှိပါကြောင်း၊ မိမိတို့နိုင်ငံ ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာအခန်းကဏ္ဍများတွင် စေတနာအပြည့်ထား၍ အားစိုက်ဆောင်ရွက်ပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ရှမ်းပြည်နယ်အတွင်း စာတတ်မြောက်မှုနှုန်း မြင့်မားရေးမှသည် ပညာတတ်များဖြင့် ပြည်နယ်အလှ၊ နိုင်ငံအလှကို ဆင်နိုင်ရန်အတွက် ညီညီညွတ်ညွတ် ကြိုးစားဆောင်ရွက်ရေး ပြောကြားသည်။ ယင်းနောက်ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်းက စာရင်းဇယားများ တိကျသေချာအောင် ဆောင်ရွက်ရေးနှင့် ဘဏ္ဍာရေးစည်းကမ်း၊ လုပ်ထုံးလုပ်နည်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရေး ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဆရာ ဆရာမများက သိရှိလိုသည်များနှင့် လိုအပ်ချက်များကို တင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြား၍ လိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ဗန်းမော်မြို့နယ် ညောင်ပင်သာကျေးရွာ၌ ပေ ၃၀ သံကူကွန်ကရစ်တံတား ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

**မိုးမောက် မတ် ၁၇**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် နယ်စပ်ဒေသ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ကောင်းမွန်စေရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၅၉ ဒသမ ၁၃၈ သန်းဖြင့် ဆောင်ရွက်သည့် ဗန်းမော်မြို့နယ် ဗန်းမော်-စာဝတီးကျေးရွာ-ကောင်းတုံကျေးရွာလမ်းပေါ်ရှိ ညောင်ပင်သာကျေးရွာတွင် အရှည်ပေ ၃၀၊ အကျယ် ၁၄ ပေရှိ သံကူကွန်ကရစ်တံတား ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁၇ ရက်က စတင်ဆောင်ရွက်ပြီး ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုကို ဗန်းမော်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်လင်းနှင့်အဖွဲ့က မတ် ၁၅ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**ကိန်းဖြူ(ပြန်/ဆက်)**



# ပြင်ဦးလွင် ကော်ဖီစီမံကိန်း အကောင်အထည်ဖော်မှု ကွင်းဆင်းစစ်ဆေးချက် အစီရင်ခံစာများအပေါ် ပြန်လည်စိစစ်ခြင်းလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မတ် ၁၇

**ပြင်ဦးလွင် ကော်ဖီစီမံကိန်းအကောင်အထည်ဖော်မှု ကွင်းဆင်းစစ်ဆေးချက် အစီရင်ခံစာများအပေါ် ပြန်လည်စိစစ်ခြင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)



အစည်းအဝေးသို့ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ အမြဲတမ်းအတွင်းဝန်များနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက မြန်မာနိုင်ငံ၏ စီးပွားဖြစ်ကုန်းမြင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေး ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အရိပ်ပင်အောက်တွင် စိုက်ပျိုးရသည့် သဘာဝရှိသော ကော်ဖီသီးနှံ စိုက်ပျိုးရေးသည် စီးပွားရေးအတွက်သာမက သဘာဝပတ်ဝန်းကျင် အခြေအနေနှင့် ရာသီဥတုပြောင်းလဲမှုကို ထိန်းသိမ်းနိုင်ရန် ရည်ရွယ်ပြီး ၂၀၀၂ ခုနှစ်မှစတင်၍ ပြင်ဦးလွင် ဝန်းကျင်တွင် ကော်ဖီသီးနှံ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရေး ကြိုးပမ်းခြင်းဖြစ်ကြောင်း၊ ကော်ဖီစိုက်ပျိုးရန် ခွင့်ပြုထားသော ဧရိယာအတွင်း ကော်ဖီစိုက်ပျိုးခြင်းမရှိဘဲ လူနေအဆောက်အအုံနှင့် အခြားလုပ်ငန်းများတွင် သုံးစွဲထားမှုများအပေါ် တည်ဆဲဥပဒေများနှင့်အညီ စိစစ်ကြပ်မတ်ရန် ဆက်စပ်ဌာနများနှင့် ပူးပေါင်း၍ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ ပြင်ဦးလွင် ကော်ဖီစီမံကိန်း အကောင်အထည်ဖော်ရာတွင် စိုက်ပျိုးမြေများ ရယူသုံးစွဲထားသော ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် သတ်မှတ်ဧရိယာပြည့် စိုက်ပျိုးရေးအတွက် မြေအသုံးချခွင့်ပြုထားစဉ်က သတ်မှတ်ပေးထားသည့်အတိုင်း အပြည့်အဝ အကောင်အထည်ဖော်နိုင်ရေးကို သက်ဆိုင်ရာဌာနများက ချမှတ်ပေးထားသောမူနှင့် စည်းကမ်းချက်များအတိုင်း ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကွင်းဆင်းစစ်ဆေး တွေ့ရှိချက်များအပေါ် အခြေခံ၍ စီမံကိန်းအောင်မြင်အောင် တိကျစွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ပြင်ဦးလွင် ကော်ဖီစီမံကိန်းဧရိယာအတွင်းရှိ သစ်တောဧရိယာအတွင်း ကျရောက်လျက်ရှိသော ကော်ဖီစိုက်ပျိုးမြေ လုပ်ကိုင်သူများအနေဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၏ မူဝါဒ၊ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ စိစစ်ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်ကော်ဖီစီမံကိန်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကွင်းဆင်းအဖွဲ့များဖွဲ့စည်း စစ်ဆေးမှုများအရ တွေ့ရှိရသည့် အခြေအနေများအပေါ် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက သက်ဆိုင်ရာ ကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ကွင်းဆင်းစစ်ဆေးချက်များ၊ ကော်ဖီစိုက်ပျိုးရန် လုပ်ပိုင်ခွင့်ပြုထားသည့် မြေပေါ်တွင် သတ်မှတ်ထားသော စည်းကမ်းချက်ပါ လမ်းမြေ အဆောက်အအုံ အရွယ်အစားထက် ပိုမိုအသုံးပြုခြင်း၊ အခြားသီးနှံစိုက်ပျိုးခြင်းနှင့် ကော်ဖီ စိုက်ပျိုးထားခြင်းမရှိသော မြေယာများအပေါ် ဥပဒေနှင့်အညီ စီမံဆောင်ရွက်နိုင်ရေးလုပ်ငန်းများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

ထိုလေကြောင်းလိုင်း သုံးလိုင်းမှ ရန်ကုန်-ထားဝယ်-ရန်ကုန် ခရီးစဉ်လက်မှတ်များကို ဝယ်ယူထားသော ခရီးသည်များအနေဖြင့် "တူညီသည့် ခရီးစဉ်"အတွက် ပျံသန်းမည့်ရက်အတိုင်း တိုက်ရိုက်သို့မဟုတ် ရက်အကန့်အသတ်မရှိ လေကြောင်းလိုင်း ပြောင်းရွှေ့စီးနင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

Promotion ကာလကို မတ် ၂၃ ရက်မှ စတင်၍ ဧပြီ ၃၀ ရက် အထိ သတ်မှတ်ထားပြီး Change Free ပေးရန်မလိုဘဲ ကြိုက်နှစ်သက်ရာရက်တွင် ကြိုက်နှစ်သက်ရာလေကြောင်းလိုင်းသို့ ပြောင်းရွှေ့စီးနင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၂-ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုအောင်မြင်မည့်သူများအတွက် ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များသို့ ဝင်ခွင့်ခေါ်ယူရေး ကြေညာချက်

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသည် ပြည်သူလူထုအား အရည်အသွေးပြည့်ဝ၍ လူတိုင်း လက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှုရရှိစေရန်အတွက် ကျန်းမာရေးကဏ္ဍဆိုင်ရာ မူဝါဒများချမှတ်ပြီး ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များကို လေ့ကျင့်မွေးထုတ်ပေးလျက်ရှိပါသည်။

ထို့အပြင် ပိုမိုထိရောက်ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုကို ပေးစွမ်းနိုင်ရေးအတွက် စေတနာ၊ မေတ္တာ၊ ကရုဏာ၊ ဝါသနာနှင့်ပြည့်စုံသည့် ဆရာဝန်များ၊ သွားဘက်ဆိုင်ရာ ဆရာဝန်များကို လေ့ကျင့်မွေးထုတ်နိုင်ရန်ရည်ရွယ်၍ ၂၀၂၂-ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုအောင်မြင်မည့်သူများအတွက် ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များသို့ ဝင်ခွင့်ခေါ်ယူရာတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ(၆)ဘာသာရမှတ်၏ သတ်မှတ်စုစုပေါင်းရမှတ်ရရှိသူများအနက်မှ အင်္ဂလိပ်စာ၊ ဓာတုဗေဒ၊ ဇီဝဗေဒ(၃)ဘာသာ စုစုပေါင်းရမှတ်(အများ/အနည်း) ပေါ်မူတည်၍ လူတွေ့စစ်ဆေးခြင်းစာမေးပွဲဖြေဆို ခွင့်ပြုမည်ဖြစ်ပြီး ရွေးချယ်ခံရသူများအား ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များသို့ တက်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း ကျောင်းသား/သူများ ကြိုတင်သိရှိနိုင်ရေးအတွက် အသိပေးကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**
၁၇-၃-၂၀၂၂

■ *ကျောဖုံးမှ*

မြန်မာဘိလိယက် ကစားသမားများဖြစ်သည့် ပေါက်စနှင့် မင်းစည်သူထွန်းသည် အုပ်စုပွဲစဉ်များ အပြီးတွင် အုပ်စုဒုတိယရရှိကာ နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ မင်းစည်သူထွန်းသည် အုပ်စု (ခ) တွင် ပါဝင်ပြီး ထာဝပ် (ထိုင်း)ကို လေးပွဲပြတ်၊ ဟန်ဂျင်ဟွမ် (တောင်ကိုရီးယား) ကို လေးပွဲပြတ်တို့ဖြင့် အနိုင်ရကာ ဆစ်ဝါလာ (အိန္ဒိယ) ကို ၄-၃ ပွဲဖြင့် အရေးနိမ့်ခဲ့သဖြင့် နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် အုပ်စုဒုတိယရရှိသည်။ ပေါက်စမှာမူ အုပ်စု (ဂ) တွင် ပါဝင်ခဲ့ပြီး မိုဟာမက်သာဟ (သီရိလင်္ကာ) ကို လေးပွဲပြတ်၊ ဟွမ်ချူဟို (တောင်ကိုရီးယား) ကို လေးပွဲပြတ်၊ ဒါမာနီ (အိန္ဒိယ) ကို ၄-၁ ပွဲတို့ဖြင့် အနိုင်ရပြီး ပရာပွတ်(ထိုင်း) ကို ၄-၃ ပွဲဖြင့် အရေးနိမ့်သဖြင့် အုပ်စုဒုတိယနေရာသာရခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲကို အုပ်စုသုံးခုခွဲ၍ ကျင်းပခဲ့ပြီး အုပ်စုသုံးခုမှ ပထမနေရာရရှိသည့် သုံးဦးအနက် အကောင်းဆုံးနှစ်ဦးမှာ ဆီမီးဖိုင်နယ်အဆင့်မှ စတင်ကစားရမည်ဖြစ်ပြီး ကျန်တစ်ဦးနှင့် ဒုတိယနေရာရ သုံးဦးမှာ ကွာတားဖိုင်နယ်အဆင့်မှ စတင်ကစားရမည်ဖြစ်သည်။ ပွဲစဉ်ရေးဆွဲမှုအရ ကွာတားဖိုင်နယ်တွင် မြန်မာကစားသမားနှစ်ဦးဖြစ်သည့် ပေါက်စနှင့် မင်းစည်သူထွန်းတို့ ထိပ်တိုက်တွေ့ဆုံနေပြီး **မတ် ၁၈ ရက် (ယနေ့)** ကစားရမည်ဖြစ်သည်။ ယင်းပွဲမှ အနိုင်ရသူမှာ အိန္ဒိယနာမည်ကြီး ဘိလိယက်ကစားသမား အက်ဗာနီနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အာရှဘိလိယက်ပြိုင်ပွဲမတိုင်မီ ပြုလုပ်သည့် အာရှစနူကာပြိုင်ပွဲတွင် အောင်ဖြိုးက တတိယဆုရရှိသည်။

**သတင်း - ရဲရင့်လွင်**
**ဓာတ်ပုံ-Asian Confederation of Billiard Sports**

## ရှမ်းရွာသစ်မြို့တွင် အိုမီခရွန် ကြိုတင်ကာကွယ်ရေး ကရင်၊ မြန်မာနှစ်ဘာသာဖြင့် အသိပညာပေးနှိုးဆော်

**ရှမ်းရွာသစ် မတ် ၁၇**

ကရင်ပြည်နယ် ရှမ်းရွာသစ်မြို့တွင် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ "အိုမီခရွန်" ရောဂါ ကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် အသိပညာပေးခြင်းလုပ်ငန်းများကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက နေ့စဉ် ဆောင်ရွက်ပေးလျက်ရှိသည်။

ရောဂါကာကွယ်ရေးအတွက် အတတ်နိုင်ဆုံး အိမ်အတွင်း၌သာ နေထိုင်ကြရန်၊ အခြားသူများထံ သွားရောက်လည်ပတ်ခြင်းမပြုကြရန်၊ အရာဝတ္ထုပစ္စည်းများကို ကိုင်တွယ်ပြီးတိုင်း လက်ကိုဆပ်ပြာဖြင့် စနစ်တကျဆေးကြောကြရန် စသည့်အချက်များကို စကောကရင်၊ မြန်မာနှစ်ဘာသာဖြင့် ရပ်ကွက်များအတွင်း လှည့်လည်၍ အသိပညာပေး နှိုးဆော်လျက်ရှိသည်။

**မြို့နယ်(ပြန်/ဆက်)**

## မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးသရုပ်ပြ



**မန္တလေး မတ် ၁၇**

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးသရုပ်ပြပွဲကို မတ် ၁၇ ရက် နံနက် ၉ နာရီခွဲက အဆိုပါ တက္ကသိုလ် (D) အဆောင် တောင်ဘက်ခြမ်း၌ ကျင်းပသည်။

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးသရုပ်ပြပွဲသို့ ပါမောက္ခချုပ် ဒေါက်တာတင့်တင့်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး) များ၊ စီမံ/ဘဏ္ဍာ အရာရှိများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး အောင်မြေသာစံမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးမြင့်ခိုင်က မီးဘေးအန္တရာယ်နှင့် ပတ်သက်သည့် သိကောင်းစရာများကို သရုပ်ပြရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာသည့် ဆရာ ဆရာမများနှင့် ဝန်ထမ်းများက မီးငြိမ်းသတ်ပုံကို လက်တွေ့လုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။

**မန်းကိုယ်ပွား**

# (၁၉) ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး (ACDFM-19) ကျင်းပ

နေပြည်တော် မတ် ၁၇

**ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၉) ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေး (ACDFM–19) ကို ယနေ့နံနက်ပိုင်းတွင် ဖနောင်ပင်မြို့ရှိ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**




အဆိုပါ အစည်းအဝေးသို့ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ စစ်ဦးစီးအရာရှိချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့် စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးတို့ တက်ရောက်ကြပြီး ကမ္ဘောဒီးယားဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Vong Pisen နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ ဘရူနိုင်းဘုရင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် Major General Dato Seri Pahlaw Haji Muhammad Haszaimi Bin Bol Hassan နှင့် ကိုယ်စားလှယ်အဖွဲ့၊ အင်ဒိုနီးရှားအမျိုးသားတပ်မတော်စစ်ဦးစီးအရာရှိချုပ် Lieutenant General Eko Margiyono နှင့် ကိုယ်စားလှယ်အဖွဲ့၊ လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန စစ်ဦးစီးဌာန ယာယီအကြီးအကဲ Major General Khamlieng OUTHAKAISONE နှင့် ကိုယ်စားလှယ်အဖွဲ့၊ မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tan Sri Dato' Sri Hj Affendi bin Buang RMAF နှင့် ကိုယ်စားလှယ်အဖွဲ့၊ ဖိလစ်ပိုင်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Lieutenant General Andres Castor Centino နှင့် ကိုယ်စားလှယ်အဖွဲ့၊ စင်ကာပူတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Lieutenant General Melvyn Ong နှင့် ကိုယ်စားလှယ်အဖွဲ့၊ ထိုင်းဘုရင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi နှင့် ကိုယ်စားလှယ်အဖွဲ့၊ ဗီယက်နမ်ပြည်သူ့တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Senior Lieutenant General Nguyen Tan Cuong နှင့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ (၁၉) ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေး (ACDFM–19) ဥက္ကဋ္ဌ ကမ္ဘောဒီးယားဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တက်ရောက်လာကြသည့် အာဆီယံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး အဖွင့်မိန့်ခွန်းပြောကြားသည်။

## အစီရင်ခံစာများကို ဖတ်ကြားတင်ပြ

ယင်းနောက် (၁၉) ကြိမ်မြောက် အာဆီယံတပ်မတော် ထောက်လှမ်းရေးမှူးချုပ်များအစည်းအဝေး (AMIM–19) ဥက္ကဋ္ဌ ကမ္ဘောဒီးယားဘုရင့်တပ်မတော်၊ သုတေသနနှင့် ထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ် Lieutenant General HUN MANITH နှင့် (၁၂) ကြိမ်မြောက် အာဆီယံတပ်မတော် စစ်ဆင်ရေးမှူးချုပ်များ အစည်းအဝေး (AMON–12) ဥက္ကဋ္ဌ ကမ္ဘောဒီးယားဘုရင့်တပ်မတော်မှ စစ်ဦးစီးရုံးအဖွဲ့အရာရှိချုပ် Major General PEN SOKRETHVITHYEA တို့က အစည်းအဝေး ကျင်းပခဲ့မှု အစီရင်ခံစာများကို ဖတ်ကြားတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသည့် အာဆီယံနိုင်ငံတပ်မတော်များမှ ကာကွယ်ရေးဦးစီးချုပ်များ၊ တာဝန်ရှိသူများက "ဟန်ချက်ညီလုံခြုံရေးအတွက် စည်းလုံးညီညွတ်မှု (Solidarity for Harmonised Security)" ခေါင်းစဉ်ဖြင့် နိုင်ငံအက္ခရာစဉ်အလိုက် အသီးသီးဆွေးနွေးကြသည်။

မြန်မာ့တပ်မတော်မှ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ဆွေးနွေးပြောကြားရာတွင် အာဆီယံအဖွဲ့ကြီးသည် စတင်ဖွဲ့စည်းတည်ထောင်ချိန်မှစ၍ အခြေခံစည်းမျဉ်းများဖြင့် စည်းလုံးညီညွတ်စွာ ဖွဲ့စည်းထားသည့် အဖွဲ့တစ်ခုဖြစ်ပြီး "အာဆီယံ" ဟူသည့် ခေါင်းစဉ်အောက်တွင် စီးပွားရေး၊ နိုင်ငံရေးနှင့် လူမှုရေး အစရှိသည့် မဏ္ဍိုင် သုံးရပ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လုံခြုံရေးကဏ္ဍသည် အရေးပါသည့် အခြေအနေ၊ လက်ရှိကာလတွင် ကမ္ဘာတစ်ဝန်းသမားရိုးကျ စိန်ခေါ်မှုများသာမက သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများကို ရင်ဆိုင်နေရသည့်အတွက် အာဆီယံတပ်မတော်များအနေဖြင့် ယခင်ကထက် ပိုမိုစည်းလုံးညီညွတ်စွာဖြင့် လုံခြုံရေးကဏ္ဍတွင် ပိုမိုပူးပေါင်း ဆောင်ရွက်သွားရမည်ဖြစ်သည့် အခြေအနေ၊ ယခုနှစ်ခေါင်းစဉ်ဖြစ်သည့် **"ဟန်ချက်ညီလုံခြုံရေးအတွက် စည်းလုံးညီညွတ်မှု (Solidarity for Harmonised Security)"** ဟူသည့် ဆောင်ပုဒ်မှာ လက်ရှိကြုံတွေ့ရင်ဆိုင်နေရမှုနှင့် လွန်စွာကိုက်ညီမှုရှိသည့် အခြေအနေ၊ အာဆီယံနိုင်ငံများအနေဖြင့် ကြုံတွေ့နေရသည့် လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများနှင့် ဘက်စုံစိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရာတွင် အာဆီယံတပ်မတော်များအနေဖြင့် အပြန်အလှန်နားလည် ယုံကြည်မှုနှင့် စည်းလုံးညီညွတ်မှုများကို ပိုမိုမြဲမြံအောင်တည်ဆောက်ရန် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည့် အခြေအနေ၊ ထို့အပြင် ကမ္ဘာ့အင်အားကြီး နိုင်ငံများအနေဖြင့်လည်း ၎င်းတို့၏ ဩဇာလွှမ်းမိုးမှုရှိစေရန်အတွက် "အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရေး" ဟူသည့် အာဆီယံ၏ အခြေခံစည်းမျဉ်းကိုကျော်လွန်၍ အဖွဲ့ဝင်နိုင်ငံများအကြား ပြည်တွင်းရေးများတွင် ပါဝင်စွက်ဖက်ရန် သွယ်ဝိုက်၊ သို့မဟုတ် တိုက်ရိုက်နည်းလမ်းများဖြင့် ဖိအားပေးတိုက်တွန်းလျက်ရှိသည်ကို တွေ့ရှိနိုင်သည့် အခြေအနေ။

## အာဆီယံဒေသတွင်း နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်သွားကြရမည်

အာဆီယံအဖွဲ့ကြီးသည် စည်းလုံးညီညွတ်မှု၊ ငြိမ်းချမ်းရေးနှင့် စုပေါင်းတာဝန်ယူမှုများရှိနေသည့် အသိုက်အဝန်းဖြစ်သည့်အားလျော်စွာ လက်ရှိ ရင်ဆိုင်ကြုံတွေ့နေရဆဲ၊ ကြုံတွေ့ရလာနိုင်သည့် စိန်ခေါ်မှုများကို အာဆီယံဒေသတွင်း နိုင်ငံအချင်းချင်း ဟန်ချက်ညီညီ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပြီး ထိုသို့ပူးပေါင်းဆောင်ရွက်ရာတွင်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အခြားအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် နိုင်ငံအချင်းချင်း တန်းတူရည်တူရှိမှုကို အပြန်အလှန် လေးစားတန်ဖိုးထားရန် လိုအပ်သည့် အခြေအနေများနှင့်ပတ်သက်၍ အကျယ်တဝင့် ဆွေးနွေးပြောကြားပြီး မြန်မာနိုင်ငံ၏ နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုဖြစ်စဉ်များကြောင့် နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေအဖြစ်ကြေညာခဲ့ရပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို စစ်ဘက်၊ အရပ်ဘက်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းခဲ့ကာ ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့် ဦးတည်ချက် ၉ ရပ်တို့ကို ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အခြေအနေ။

တည်ဆဲအစိုးရကို ဆန့်ကျင်နေသော အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် NUG၊ CRPH နှင့် PDF အဖွဲ့များသည် ပြည်တွင်း၊ ပြည်ပ အကြမ်းဖက်သမားများနှင့်ချိတ်ဆက်၍ မြန်မာနိုင်ငံ အလုံးစုံပျက်သုဉ်းရေးလမ်းကြောင်းကိုသာ ဦးတည် ဆောင်ရွက်နေကြသည့် အခြေအနေ၊ **"စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ် ဖော်ဆောင်ရေး" နှင့် "ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေး"**ဟူသည့် မြန်မာနိုင်ငံ၏ အဓိကရည်မှန်းချက်များကို ဖော်ဆောင်ရန်အတွက် မြန်မာနိုင်ငံတွင် လွတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ်ကို သတ်မှတ်ကာလတွင် အမြန်ဆုံး အောင်မြင်စွာ ပြန်လည်ကျင်းပနိုင်ရန် လွန်စွာအရေးကြီးသည့် အခြေအနေ၊ အကြမ်းဖက်အဖွဲ့အစည်းများ၏ အကြမ်းဖက်လုပ်ရပ်များသည် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ပြန်လည်ကျင်းပနိုင်ရန် မလွဲမသွေလိုအပ်သည့် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုတို့ကို ထိခိုက်စေလျက်ရှိသည့်အတွက် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကို သတ်မှတ်ကာလအတွင်း ကျင်းပနိုင်ရေး၊ နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိစေရေး၊ ငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိသည့် အခြေအနေ။

သမိုင်းအစဉ်အလာကြီးမားခဲ့သည့် အာဆီယံအဖွဲ့ကြီး၏ စည်းလုံးညီညွတ်မှုကို မိမိတို့အနေဖြင့် လက်ဆင့်ကမ်းခံယူကာ အနာဂတ်ကာလများတွင်လည်း အာဆီယံဒေသ၏ ဟန်ချက်ညီလုံခြုံရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်သော အာဆီယံ အသိုက်အဝန်းကြီးအား ဖော်ဆောင်ရန် တိုက်တွန်းအပ်သည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်ပြီး အာဆီယံတပ်မတော်များ၏ နှစ်နှစ်တာ လုပ်ငန်းစီမံချက် (၂၀၂၂ –၂၀၂၄) Two Year Activity Working Plan(2022–2024) ကို အတည်ပြုခြင်း၊ ACDFM –19 ၏ ပူးတွဲကြေညာချက် Joint Statement ကို အပြီးသတ်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြပြီး Joint Statement ကို အတည်ပြု လက်မှတ်ရေးထိုးကြသည်။

## အလံလွှဲပြောင်းပေးအပ်

ယင်းနောက် 19 th ASEAN Chiefs of Defence Forces Meeting (ACDFM–19) ဥက္ကဋ္ဌ ကမ္ဘောဒီးယား ဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အပိတ်မိန့်ခွန်း ပြောကြားကာ အကြိမ် (၂၀) မြောက် အာဆီယံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေး (ACDFM–20) အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်မည့် အင်ဒိုနီးရှားတပ်မတော် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်ထံသို့ ဥက္ကဋ္ဌတာဝန်များနှင့် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေး (ACDFM) အလံအား လွှဲပြောင်းပေးအပ်သည်။

ထို့နောက် အကြိမ် (၂၀) မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေး (ACDFM–20) အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည့် အင်ဒိုနီးရှား တပ်မတော်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က လက်ခံရရှိမှု နှုတ်ခွန်းဆက်စကားပြောကြားကာ အစည်းဝေးကိုအောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာ

နေပြည်တော် မတ် ၁၇

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာအရှေ့ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာသည်။ ကနဦးတွင် အရှေ့–အရှေ့မြောက်ဘက်သို့ ရွေ့လျားကာ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းသို့ ရောက်ရှိပြီး၊ မြောက်–အနောက်မြောက်ဘက်သို့ ဆက်လက် ရွေ့လျားကာ ကပ္ပလီပင်လယ်ပြင်၊ နီကိုဘားကျွန်းနှင့် ကိုကိုးကျွန်းတို့အနီးတွင် ၂၀–၃–၂၀၂၂ ရက်၌ မုန်တိုင်းငယ် (Depression) အဖြစ်သို့လည်းကောင်း၊ ၂၁–၃–၂၀၂၂ ရက်၌ ဆိုင်ကလုန်းမုန်တိုင်း (Cyclonic Storm) အဖြစ်သို့လည်းကောင်း အားကောင်းလာနိုင်ပြီး မြောက်ဘက်သို့ ဆက်လက်ရွေ့လျားကာ ၂၂–၃–၂၀၂၂ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ (Bangladesh) နှင့် မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းအနီးသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

# ညီနောင်နိုင်ငံ ကမ္ဘောဒီးယားမှ ဧည့်ခံပွဲ

## ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး ကမ္ဘောဒီးယားဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်

နေပြည်တော် မတ် ၁၇

ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပပြုလုပ်သည့် (၁၉) ကြိမ်မြောက် အာဆီယံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး 19th ASEAN Chiefs of Defence Forces Meeting (ACDFM–19) သို့ တက်ရောက်ခဲ့သည့် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် ယနေ့ ညနေပိုင်းတွင် ဖနောင်ပင်မြို့ Sokha Hotel ၌ ကမ္ဘောဒီးယားဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General VONG PISEN က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်သည်။





### အကပဒေသာများဖြင့် သီဆိုကပြဖျော်ဖြေ

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်အတူ မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အာဆီယံနိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များနှင့် ဇနီးများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။ ဦးစွာ အခမ်းအနား တက်ရောက်လာကြသူများသည် ကမ္ဘောဒီးယား ဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ အာဆီယံနိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များနှင့် ဇနီးများ၊ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာသုံးဆောင်နေစဉ်အတွင်း တေးဂီတအဖွဲ့က ရိုးရာတေးသီချင်းများ၊ အကပဒေသာများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။ ညစာသုံးဆောင်အပြီးတွင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ အာဆီယံနိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များနှင့် ဇနီးများသည် ကမ္ဘောဒီးယား ဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

ဘားအံ မတ် ၁၇

**ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ပြည်နယ်ဝန်ကြီးများသည် မတ် ၁၇ ရက်က ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် တည်ဆောက်သော အာရ်စီတစ်ထပ် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးသစ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး (အောက်ပုံ) လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ယူတည်ဆောက်သော ကုမ္ပဏီက အဆောက်အအုံ တည်ဆောက်ရေးနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။**



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မုက္ကဒိကျေးရွာအုပ်စု ကျေးလက်ကျန်းမာရေးဌာနသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ထမ်းဆောင်လျက်ရှိသော ကျန်းမာရေးဝန်ထမ်းများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် မုက္ကဒိကျေးရွာ အထက်တန်းကျောင်း၌ ကရင်ပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တန်ဖိုးနည်း ဆရာ ဆရာမနေအိမ်နှစ်လုံး တည်ဆောက်နေမှု အခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး အထွေထွေ အသုံးစရိတ်အဖြစ် ငွေကျပ် သုံးသိန်းကို ကျောင်းအုပ်ဆရာမကြီးထံ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကရင်ပြည်နယ် ဦးစီးမှူးရုံး၊ ဒေသ ၁၁ မှ ၂၀၂၁–၂၀၂၂ ခြောက်လ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်သော မုက္ကဒိကျေးရွာ အိပ်မက်တံတားအနီး သံလွင်မြစ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ ကျောက်ကြီးအခြေပြု Gabion Box ကျောက်စီတမံ အလျားပေ ၄၂၀ တည်ဆောက်ရေး လုပ်ငန်းခွင်အား သွားရောက်ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူး ဦးလှမိုးက ကမ်းပြိုကာကွယ်ရေး လုပ်ငန်းဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားကာ ကျောက်စီတမံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့အပြင် ပြည်နယ်ဝန်ကြီးချုပ်သည် ဘားပုတိုက်ကျောင်း ပရဝဏ်အတွင်း သံလွင်မြစ်ကမ်းပြိုကာကွယ်ရေး ပေ ၁၂၀ ရှိ ယာယီအရေးပေါ် မြေကထစ်တန်း ကမ်းထိန်းနံရံ တည်ဆောက်မည့် မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ဇီးကုန်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ရာနှုန်းပြည့် ထိုးနှံနိုင်ရေး ကွင်းဆင်းဆောင်ရွက်လျက်ရှိ

ဇီးကုန်း မတ် ၁၇

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်တွင် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေး ရာနှုန်းပြည့်ထိုးနှံပြီးစီးရေးအတွက် မြို့နယ် ကိုဗစ် – ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီကဦးဆောင်၍ ကာကွယ်ဆေးထိုးအဖွဲ့ လေးဖွဲ့ဖြင့် ကျေးလက်ကျန်းမာရေးဌာန နယ်မြေအလိုက် ကျန်းမာရေးဌာနခွဲများက ရပ်ကွက်/ကျေးရွာများအထိ ကွင်းဆင်းထိုးနှံပေးလျက်ရှိသည်။

ဇီးကုန်းမြို့နယ်တွင် ရပ်ကွက် ငါးရပ်ကွက်၊ ကျေးရွာအုပ်စု ၂၉အုပ်စုရှိရာ အသက် ၁၈ နှစ်နှင့် အထက် ကိုဗစ် – ၁၉ရောဂါ ကာကွယ်ဆေးထိုးနှံရန် အကျုံးဝင်သူ ၅၁၆၁၈ ဦးအနက် ၄၆၃၁၁ ဦး ( ၈၃ ဒသမ ၅၉ ရာခိုင်နှုန်း ) အထိ ကာကွယ်ဆေးထိုးနှံပြီးစီးခဲ့ပြီး မတ် ၁၅ ရက်က ဘုရားပျံအုပ်စု၌ ပြည်သူ ၇၇ ဦး အားလည်းကောင်း၊ မီးကောက်ပင်အုပ်စု၌ ပြည်သူ ၆၆ ဦးအားလည်းကောင်း၊ သရက်တပင်အုပ်စု၌ ပြည်သူ ၅၅ ဦးအားလည်းကောင်း၊ ကဇင်းကြီးအုပ်စု၌ ပြည်သူ ၂၂ ဦး အားလည်းကောင်း ကျန်းမာရေးဝန်ထမ်းများက ကွင်းဆင်းထိုးနှံပေးခဲ့ကြောင်း သိရသည်။

**တင့်ဆွေ(ပြန်/ဆက်)**

## စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ နှုန်းဖြင့် လိုက်လံရောင်းချပေးလျက်ရှိ

နေပြည်တော် မတ် ၁၇

စားသုံးသူ ပြည်သူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်ရန် စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ နှုန်းဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် လိုက်လံရောင်းချပေးလျက်ရှိကြောင်း မြန်မာနိုင်ငံ ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းမှ သိရသည်။



မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရည်ညွှန်းငွေ လဲလှယ်နှုန်းဖြင့် ရောင်းချပေးသည့် နိုင်ငံခြားငွေ ရရှိမှုအပေါ်အခြေခံ၍ ဒေါ်လာရယူသည့် ကုမ္ပဏီမှ တင်သွင်းလာသည့် ဆီများကို သက်သာသည့် အထူးနှုန်းဖြင့် စားသုံးသူပြည်သူများထံ ဈေးကားများဖြင့် လိုက်လံရောင်းချပေးနေခြင်းဖြစ်သည်။

ဈေးကွက်တွင် စားအုန်းဆီ ပုံးဆွဲဈေး တစ်ပိဿာလျှင်ငွေကျပ် ၆၇၀၀ ဝန်းကျင်ဖြင့် ရောင်းချလျက်ရှိသော်လည်း အထူးနှုန်းဖြင့် ရောင်းချလျက်ရှိသည့် ဈေးကားများတွင် တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ ဖြင့် မည်သူမဆို လွတ်လပ်စွာ ဝယ်ယူနိုင်ကြောင်း သိရသည်။

“စားအုန်းဆီ တင်သွင်းတဲ့ ကုမ္ပဏီတွေက အကျိုးအမြတ်ကို ပဓာနမထားဘဲ ဈေးကွက်ပေါက်ဈေးအတိုင်း သင့်တင့်မျှတတဲ့ ဈေးတစ်ခုဖြစ်ဖို့ မေတ္တာရပ်ခံပြီး ဈေးကွက် အတတ်နိုင်ဆုံး ထိန်းကျောင်းနေပါတယ်။ ကုန်ဈေးနှုန်းတည်ငြိမ်ဖို့ သင့်တင့်မျှတတဲ့ ဈေးနှုန်းနဲ့ စားသုံးသူပြည်သူတွေ ဝယ်ယူရရှိနိုင်စေဖို့ အတွက်လည်း ထိန်းညှိဆောင်ရွက်လျက်ရှိပါတယ်” ဟု မြန်မာနိုင်ငံ ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

စားအုန်းဆီ ဈေးနှုန်းကို ကမ္ဘာ့ပေါက်ဈေးပေါ် မူတည်၍ လိုက်လျောညီထွေသော သင့်တင့်သည့် ဈေးနှုန်းတစ်ခုဖြင့် ရောင်းချရန် မြန်မာနိုင်ငံဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များ အသင်းအနေဖြင့် ဆီလုပ်ငန်းရှင်များသို့ မေတ္တာရပ်ခံထားကြောင်း သိရသည်။

**ကိုထက်**

# လူငယ်လူရွယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာမှ လူငယ်ဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များအကြောင်း တစေ့တစောင်း

*ကိုဌေး(ကနောင်)*

လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက် ဖွဲ့စည်းခဲ့သည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနတွင် ယခင်ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့် အားကစားနှင့် ကာယပညာဦးစီးဌာနအပြင် လူငယ်လူရွယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်ရေးရာဦးစီးဌာနကိုပါ တိုးချဲ့ဖွဲ့စည်းဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**လူငယ်ရေးရာဆိုင်ရာ မူဝါဒ၊ ခံယူချက်နှင့် ရေ့လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခြင်း**

လူငယ်လူရွယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးသည်အားကစားအောင်မြင်တိုးတက်ရေးကဲ့သို့ပင် ယခုရေတွင်းတူးယခုရေကြည်သောက် ဆိုသကဲ့သို့ ချက်ချင်းလက်ငင်း အကောင်အထည်ဖော်ဆောင်ရွက်၍ ရနိုင်ကောင်းသည့် လုပ်ငန်းမျိုးမဟုတ်ဘဲ နိုင်ငံတော်၏ မူဝါဒများနှင့်အညီ ဆက်စပ်ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များ အပါအဝင် အုပ်ချုပ်မှုဆိုင်ရာ အဖွဲ့အစည်းအဆင့်ဆင့်၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် အဆင့်ဆင့်သော ဦးစီးဌာနများ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များနှင့် အဆင့်ဆင့်သော အားကစားဆပ်ကော်မတီများ၊ မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းကြီးများ၊ အားကစားဝါသနာရှင်များ၊ မီဒီယာလောကသားများအပါအဝင် ပြည်သူတစ်ရပ်လုံးမှ အမျိုးသားရေးအသိဖြင့် အတိုင်းအတာတစ်ခုအထိ အချိန်ယူ၍ ဝိုင်းဝန်းဆောင်ရွက်သွားကြရန် လိုအပ်ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာန၊ ဦးစီးဌာနအနေဖြင့်လည်း လူငယ်ရေးရာဆိုင်ရာ ခိုင်မာသည့် မူဝါဒ၊ ခံယူချက်များ၊ ရေ့လုပ်ငန်းစဉ်များ ချမှတ်ထားရှိပြီးဖြစ်ကြောင်းလည်း သိရှိရပါသည်။



(၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများ စခန်းသွင်းလေ့ကျင့်နေစဉ်။

**အားကစားဆိုင်ရာခံယူချက် (၃) ရပ်**

သို့ဖြစ်၍လည်း ၁၉၉၆ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် အားကစားဝန်ကြီးဌာနအဖြစ် စတင်ဖွဲ့စည်းပြီးနောက် အားကစားဆိုင်ရာ ခံယူချက်အဖြစ် "အားကစားမြှင့်တင်တည်ဆောက်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်" ဟူ၍လည်းကောင်း၊ "အားကစားအောင်မြင်မှုသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အဆင့်အတန်းကို ရောင်ပြန်ဟပ်စေသည်" ဟူ၍ လည်းကောင်း၊ "အားကစားအောင်မြင်မှုသည် နိုင်ငံတော်ဂုဏ်သိက္ခာ အဆင့်အတန်းနှင့် အခြေအနေကို ဖော်ပြသည်" ဟူ၍လည်းကောင်း မြင့်မားသည့် ခံယူချက်များ သတ်မှတ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။

**အားကစားဆိုင်ရာမူဝါဒ (၃) ရပ်**

အားကစားဝန်ကြီးဌာနအဖြစ် စတင်ဖွဲ့စည်းပြီးနောက် ဝန်ကြီးဌာန၏ မူဝါဒ (၃) ရပ်အဖြစ် "မြန်မာ့အားကစား ကမ္ဘာကို လွှမ်းစေရမည် ( ယခုအခါ မြန်မာ့အားကစားမှ ကမ္ဘာ့အားကစားသို့)" ဟူ၍လည်းကောင်း၊ "တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေးအတွက် အမျိုးသားအားကစားလှုပ်ရှားမှုကို တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး စိတ်ပါဝင်စားစွာဖြင့် ပါဝင်လှုပ်ရှားကြရမည်" ဟူ၍လည်းကောင်း၊ "နိုင်ငံတကာအလယ်၌ နိုင်ငံတော်၏ ဂုဏ်သိက္ခာကို အားကစားဖြင့် မြှင့်တင်ဆောင်ရွက်နိုင်မည့် ထူးချွန်ထက်မြက်သော နိုင်ငံ့ဂုဏ်ဆောင် အားကစားသမား လူရည်ချွန်များ မွေးထုတ်ရမည်" ဟူ၍ လည်းကောင်း ခိုင်မာသည့် မူဝါဒများ ချမှတ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။

**ရေ့လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခြင်း**

အထက်တွင် ဖော်ပြခဲ့သည့် ယခင် အားကစားဝန်ကြီးဌာန၏ အားကစားဆိုင်ရာ ခံယူချက် (၃) ရပ်၊ မူဝါဒ (၃) ရပ် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မဖြစ်မနေ ဆောင်ရွက်သွားရမည့် အားကစားဝန်ကြီးဌာန၏ ရေ့လုပ်ငန်းစဉ် (၁၀) ရပ်ကိုလည်းကောင်း၊ ရေ့လုပ်ငန်းစဉ် (၁၀) ရပ်နှင့် ပူးတွဲဆောင်ရွက်ရမည့် အောက်ပါအားကစားမူဝါဒ (၅) ရပ်ကို လည်းကောင်း လုပ်ငန်းလမ်းညွှန်အဖြစ် သတ်မှတ်ထားရှိခဲ့ပါသည်-

(၁) အားကစားနှင့် ပညာရေး ပေါင်းစပ်လေ့ကျင့်ရေးလုပ်ငန်းကို ထိထိမိမိ ပူးပေါင်းဆောင်ရွက်သွားရန်

(၂) မျိုးဆက်သစ်အားကစားသမားများအား ရေရှည်စနစ်တကျ ပြုစု ပျိုးထောင်သွားနိုင်ရေးအတွက် အသက်အရွယ်လျှော့ချပြီး ငယ်ရွယ်သူများကို (New Generation) အဖြစ် ထိထိရောက်ရောက် မွေးမြူရန်

(၃) အားကစား ပြုစုပျိုးထောင်လေ့ကျင့်မှု လုပ်ငန်းများကို နည်းစနစ်မှန်မှန်၊ ထိထိရောက်ရောက်၊ ပြင်းပြင်းထန်ထန် ဆောင်ရွက်သွားရန်

(၄) အမျိုးသမီး အားကစားလှုပ်ရှားမှုများကို အမျိုးသားများနည်းတူ ထိထိမိမိ အားပေးဆောင်ရွက်ရန်

(၅) အားကစားပညာပေးလုပ်ငန်းများကို ထိထိရောက်ရောက် တိုးချဲ့ဆောင်ရွက်ရန်

အထက်ဖော်ပြပါ အားကစားဆိုင်ရာ ခံယူချက် (၃) ရပ်၊ မူဝါဒ (၃) ရပ် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်သွားရမည့် ရေ့လုပ်ငန်းစဉ် (၁၀) ရပ်နှင့် ပူးတွဲဆောင်ရွက်သွားရမည့် အားကစားမူဝါဒ (၅) ရပ်မှာလည်း အားကစားလောကတွင် နှစ်ပေါင်းများစွာ ကျင်လည်ခဲ့ပြီး အားကစားလုပ်ငန်းများကို တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ကြသည့် အတွေ့အကြုံရှင် ပုဂ္ဂိုလ်များ၏ အကြံပြုတင်ပြချက်များအပေါ် အားကစားဌာန တာဝန်ရှိသူများက တညီတညွတ်တည်း ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးအတည်ပြု ဆုံးဖြတ်ချက်များဖြစ်သည့်အတွက် အဆိုပါရေ့လုပ်ငန်းစဉ် (၁၀) ရပ်နှင့် ပူးတွဲဆောင်ရွက်သွားရမည့် အားကစားမူဝါဒ (၅) ရပ် အပေါ် အမြဲမပြတ် ဆင်ခြင်သုံးသပ်ဆောင်ရွက်သွားရန်လည်း လိုအပ်သကဲ့သို့ တိုးတက်လာသည့် ခေတ်စနစ်နှင့်အညီ ပြုပြင်ပြောင်းလဲဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်း အမြဲမပြတ် သုံးသပ်၍ ပြင်ဆင်/ တိုးချဲ့ သတ်မှတ်ဆောင်ရွက်နေရန်လည်း လိုအပ်ပါသည်။ အလားတူ အသစ်တိုးချဲ့ ဖွဲ့စည်းဆောင်ရွက်မည့် လူငယ်ရေးရာဦးစီးဌာနအနေဖြင့်လည်း လူငယ်ရေးရာဆိုင်ရာ ခံယူချက်၊ မူဝါဒများ၊ ရေ့လုပ်ငန်းစဉ်များ ချမှတ်၍ ထိထိရောက်ရောက် ဆောင်ရွက်သွားရန်လည်း လိုအပ်သည်ဟု မြင်မိပါသည်။

**နိုင်ငံတော်အကြီးအကဲ၏ လူငယ်နှင့်အားကစားဆိုင်ရာ လမ်းညွှန်ချက်များ**

ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် အရှေ့တောင်အာရှအဆင့်တွင်ပင် နိမ့်ကျလျက်ရှိနေသည့် မြန်မာ့အားကစားအဆင့်အတန်း မြင့်မားလာစေရေးအတွက် မကြာခဏဆိုသလို အားကစားနှင့်ပတ်သက်၍ လမ်းညွှန်ချက်များ ချမှတ်ပေးလျက်ရှိသည်ကို ကြားသိမြင်တွေ့နေရပြီး မှတ်သားမိသလောက် တင်ပြရမည်ဆိုပါလျှင်-

- ကျန်းမာရေးဆိုသည်မှာ အားကစား၊ကြံ့ခိုင်ရေးတို့နှင့် ဆက်စပ်နေပါကြောင်း
- အားကစား မြှင့်တင်ခြင်းသည် နိုင်ငံ့ဂုဏ်ကို တက်စေကြောင်း
- ကိုဗစ်-၁၉ ရောဂါကြောင့် ကန့်သတ်မှုများရှိနေသော်လည်း အားကစား မြှင့်တင်ရေးကို မျက်ခြည်မပြတ် ကြည့်ပြီး ဆောင်ရွက်ပေးနေကြောင်း
- တိုင်းဒေသကြီးနှင့်ပြည်နယ်များအားလုံးတွင် အားကစားကွင်း/အားကစားရုံများ အဆင့်မီမီရှိရေး ဆောင်ရွက်ပေးနေကြောင်း
- အားကစားမြှင့်တင်မည်ဆိုလျှင် လူငယ်တို့၏ အင်အားသည် အဓိကကျသည့်အတွက် လူငယ်နှင့် အားကစားကဏ္ဍကို အားပေးဆောင်ရွက်မည်ဖြစ်ကြောင်း
- အားကစားဆောင်ရွက်ခြင်းသည် မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များနှင့် အမျိုးသားရေး စရိုက်လက္ခဏာတို့ကို ရှင်သန်ထက်မြက်စေပြီး တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေးကိုလည်း ဖြစ်ပေါ်စေနိုင်သောကြောင့် အားကစားနှင့် ပတ်သက်ပါက အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း
- လက်ရှိတွင် မိမိတို့နိုင်ငံ၏ အားကစားကဏ္ဍအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှု အားနည်းလျက်ရှိသည်ကို တွေ့ရှိရပြီး အဆင့်အတန်းတစ်ခုသို့ ရောက်ရှိနိုင်ရေး အခြေခံကျကျ စဉ်းစားဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း
- မိမိတို့နိုင်ငံ၏ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှစ၍ အားကစား အောင်မြင်မှုများသည် ပြီးခဲ့သည့် ဆယ်စုနှစ်များအတွင်း များစွာကျဆင်းခဲ့ကြောင်း
- အားကစားပြိုင်ပွဲများ ပြုလုပ်ခြင်းသည် စိတ်ဓာတ်မြှင့်တင်ရေး ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း
- အားကစားနှင့် ပတ်သက်၍ မိမိတို့သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် အားပေးဆောင်ရွက်ခြင်းဖြင့် အားကစားကဏ္ဍ တိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း
- အားကစားပြုလုပ်မှသာ ကျန်းမာကြံ့ခိုင်မှု ရှိမည်ဖြစ်ကြောင်း၊ အလွယ်ကူဆုံး အားကစားနည်းနစ်ခုမှာ လမ်းလျှောက်ခြင်းနှင့် ပြေးခြင်းပင်ဖြစ်ကြောင်း
- အားကစားသည် နိုင်ငံတော်အတွက် အားပေးဆောင်ရွက်ကြရမည့် ကဏ္ဍတစ်ရပ်ဖြစ်ကြောင်း
- အားကစားကဏ္ဍ တိုးတက်စေရေး အားပေးခြင်းများ ဆောင်ရွက်၍ မြန်မာ့အားကစား ကဏ္ဍတစ်ခေတ်ဆန်းစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်
- SEA Games ပြိုင်ပွဲများတွင် မိမိတို့နိုင်ငံ၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက် မြင့်မားရေး အားပေးဆောင်ရွက်သွားရန်

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

- မိမိတို့ နိုင်ငံ၏ အားကစားကဏ္ဍ အဆင့်မြှင့်တင်ရေးအတွက်လည်း ကြိုးပမ်းလုပ်ဆောင် သွားရန်
- အားကစားမြင့်မားမှုမှတစ်ဆင့် အမျိုးသားရေးစိတ်ဓာတ် ခိုင်မာမြင့်မားရေးကို ဆောင်ရွက်သွားရန်
- အားကစားသည် ကျန်းမာရေးကိုသာမက နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ကိုလည်း မြှင့်တင်ပေးနိုင်ကြောင်း၊ ထို့ကြောင့် အားကစားကဏ္ဍ မြှင့်တင်ပြီး နိုင်ငံဂုဏ်ကို မြှင့်တင်ရန် လိုအပ်ကြောင်း
- မြန်မာ့အားကစားနည်းများ စနစ်ကျပြီး အဆင့်မီသည့် အားကစားနည်းများ ဖြစ်စေရန် ကြိုးပမ်းအားထုတ်၍ အာဆီယံပြိုင်ပွဲများနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် ပြည်နယ်နှင့်တိုင်းဒေသကြီးများအလိုက် အားပေးဆောင်ရွက်သွားရန်
- မိမိတို့ နိုင်ငံ၏ အမျိုးသားအားကစားတွင် မြန်မာ့သိုင်းအားကစားနည်းကို ထည့်သွင်းကျင်းပရန်နှင့် မိမိတို့ ရိုးရာအားကစား နည်းများကိုလည်း အားပေးရန်
- အားကစားမြှင့်တင်ဆောင်ရွက်ပေးခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းနှင့် လူငယ်များ၏ စိတ်ဓာတ် (Mind Set) ကို ပြုပြင်ပေးခြင်းဖြစ်သဖြင့် နောင်လာမည့် ဆယ်စုနှစ်အတွင်း အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပြီး မြန်မာ့အားကစား တစ်ခေတ်ဆန်းလာစေရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း

အထက်ဖော်ပြပါ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များသည် တစ်မျိုးသားလုံးကျန်းမာ ကြံ့ခိုင်စေရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်ချက်များ၊ လက်ရှိအနေအထားအရ နိမ့်ကျနေသည့် အားကစားကို မြှင့်တင်နိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား အခြေခံကျကျ စဉ်းစားဆောင်ရွက်ရမည့် လမ်းညွှန်ချက်များ၊ အားကစားဌာန၏ အခြေခံလိုအပ်ချက်ဖြစ်သည့် အားကစားကွင်း/အားကစားရုံများ ဖြည့်ဆည်းဆောင်ရွက်ပေးနေမှု အခြေအနေများ၊ မြန်မာ့အားကစား အောင်မြင်ရေးအတွက် ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့များအနေဖြင့် အားပေးဆောင်ရွက်သွားရန် လမ်းညွှန်ချက်များ၊ အားကစားဌာနအနေဖြင့်လည်း မိမိတို့နိုင်ငံ၏ အားကစားအဆင့်မြှင့်တင်ရေးလုပ်ငန်းများ၊ SEA Games ပြိုင်ပွဲများနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် မြန်မာ့အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားရေး ကြိုးပမ်းဆောင်ရွက်သွားရန် လမ်းညွှန်ချက်များအပြင် အားကစားဆောင်ရွက်ခြင်းသည် မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များနှင့် အမျိုးသားရေး စရိုက်လက္ခဏာများကို ရှင်သန်ထက်မြက်စေပြီး တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကိုလည်း ဖြစ်ပေါ်စေနိုင်သဖြင့် အားကစားနှင့် ပတ်သက်ပါက အားပေးဆောင်ရွက်ရန် လမ်းညွှန်ချက်များ၊ အားကစားဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့များအပါအဝင် ပြည်သူတစ်ရပ်လုံးမှ အမျိုးသားရေးအသိဖြင့် ဝိုင်းဝန်းဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းမြင်သာစွာ မီးမောင်းထိုးပြထားခြင်းဖြစ်သဖြင့် အားကစား အောင်မြင်တိုးတက်စေရေးအတွက်လည်းကောင်း၊ လူငယ်လူရွယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်းကောင်း ဘက်ပေါင်းစုံမှ ဝိုင်းဝန်းစုပေါင်းအဖြေရှာ၍ ခိုင်မာသည့် စီမံချက်များ ပြင်ဆင်ရေးဆွဲ ချမှတ်ဆောင်ရွက်သွားရန် အချိန်ရောက်ပြီဟုလည်း ရှုမြင်မိပါသည်။

**❑ လူငယ်များကို မှန်ကန်သည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိစေပြီး နိုင်ငံတော်အား အကျိုးပြုမည့် နိုင်ငံ့သားကောင်းများအဖြစ် ရောက်ရှိစေရေး စနစ်တကျ ပြုစုပျိုးထောင်ပေးရန် လိုအပ်သည့်အတွက် ကမ္ဘာ့နိုင်ငံအသီးသီးရှိ အစိုးရအဖွဲ့များအနေဖြင့် လူငယ်ရေးရာကိစ္စရပ်များအား ထိထိရောက်ရောက် ဆောင်ရွက်နိုင်စေရေးအတွက် သီးခြားဝန်ကြီးဌာန ဖွဲ့စည်း၍လည်းကောင်း၊ လူငယ်နှင့်အားကစား ဝန်ကြီးဌာနအဖြစ်လည်းကောင်း၊ ယဉ်ကျေးမှု၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအဖြစ်လည်းကောင်း၊ ပညာရေး၊ လူငယ်နှင့်သိပ္ပံဝန်ကြီးဌာနအဖြစ်လည်းကောင်း၊ မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် ပုံစံအမျိုးမျိုးဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြပါသည်**

### လူငယ်လူရွယ်များ၏ အခန်းကဏ္ဍ

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးသည် ထိုနိုင်ငံ၏ အနာဂတ်တာဝန်များကို ပခုံးပြောင်း တာဝန်ထမ်းဆောင်ကြမည့် လူငယ်လူရွယ်များ၏ ကျန်းမာကြံ့ခိုင်မှု၊ အသိပညာ ဗဟုသုတ ပြည့်စုံ ကြွယ်ဝမှု၊ အရည်အချင်းပြည့်ဝမှု၊ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိမှု၊ စိတ်ဓာတ်ရေးရာ မြင့်မားမှု စသည့်အချက်များအပေါ် များစွာတည်မှီနေပြီး လူငယ်လူရွယ်များကို ဘက်စုံထောင့်စုံမှ အရည်အသွေး မြှင့်တင်ပေးရန်မှာ နိုင်ငံတိုင်း အလေးထားဆောင်ရွက်ရမည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း မှတ်သားဖူးပါသည်။

လူငယ်ဘဝမှ လူကြီးဘဝသို့ ကူးပြောင်းပြီးကာလသည် လှုပ်ရှားပြောင်းလဲမှုများ ဖြစ်လွယ်ပျက်လွယ်သော ကာလဖြစ်ခြင်းတို့ကြောင့် လူငယ်များကို မှန်ကန်သည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိစေပြီး နိုင်ငံတော်အား အကျိုးပြုမည့် နိုင်ငံ့သားကောင်းများအဖြစ် ရောက်ရှိစေရေး စနစ်တကျ ပြုစုပျိုးထောင်ပေးရန် လိုအပ်သည့်အတွက် ကမ္ဘာ့နိုင်ငံအသီးသီးရှိ အစိုးရအဖွဲ့များအနေဖြင့် လူငယ်ရေးရာကိစ္စရပ်များအား ထိထိရောက်ရောက် ဆောင်ရွက်နိုင်စေရေးအတွက် သီးခြားဝန်ကြီးဌာန ဖွဲ့စည်း၍လည်းကောင်း၊ လူငယ်နှင့် အားကစားဝန်ကြီးဌာနအဖြစ် လည်းကောင်း၊ ယဉ်ကျေးမှု၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအဖြစ် လည်းကောင်း၊ ပညာရေး၊ လူငယ်နှင့် သိပ္ပံဝန်ကြီးဌာနအဖြစ်လည်းကောင်း၊ မိမိတို့ နိုင်ငံနှင့် ကိုက်ညီသည့် ပုံစံအမျိုးမျိုးဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြပါသည်။

### လူငယ်လူရွယ်များ၏ အသက်အရွယ် ကန့်သတ်ချက်

ကမ္ဘာပေါ်တွင် လူငယ်များ၏ အသက်အပိုင်းအခြား သတ်မှတ်ချက်နှင့်ပတ်သက်၍ ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ်တွင် အသက် ၁၅ နှစ်မှ ၂၄ နှစ်အထိလည်းကောင်း၊ ဓနသဟာယ ဖွံ့ဖြိုးမှု အစီအစဉ်တွင် အသက် ၁၅ နှစ်မှ ၂၉ နှစ်အထိ လည်းကောင်း၊ အာဖရိကလူငယ် ပဋိညာဉ်စာတမ်းတွင် အသက် ၁၅ နှစ်မှ ၃၅ နှစ်အထိလည်းကောင်း သတ်မှတ်ထားရှိကြောင်းနှင့် နိုင်ငံအသီးသီး၏ အစီအစဉ်များတွင် နိုင်ငံတစ်နိုင်ငံချင်းစီနှင့် ကိုက်ညီမည့် အသက်အပိုင်းအခြားအလိုက်၊ သက်ဆိုင်ရာ နိုင်ငံများ၏ အခြေအနေအလိုက် ကျင့်သုံးကြကြောင်းလည်း စာတမ်းတစ်စောင်တွင် ဖတ်ရှုမှတ်သားဖူးပါသည်။

### ပတ်ဝန်းကျင်နိုင်ငံများတွင် လူငယ်အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်မှု

တရုတ်နိုင်ငံတွင် တရုတ်နိုင်ငံလုံးဆိုင်ရာ လူငယ်အဖွဲ့အစည်း (All China Youth Federation) ကို ဖွဲ့စည်း၍ လူငယ်လူရွယ်များ၏ ပညာရေးနှင့် လေ့ကျင့်ရေး၊ စေတနာ့ဝန်ထမ်းလုပ်ငန်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး လုပ်ငန်း၊ လူငယ်များ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများ ကာကွယ်ရေး၊ ဆန်းသစ်တီထွင်ရေးနှင့် အလုပ်အကိုင်ရရှိစေရေး လုပ်ငန်းများကို အဖွဲ့အစည်းများ စနစ်တကျ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

မလေးရှားနိုင်ငံတွင် လူငယ်နှင့် အားကစားဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များ ရေးဆွဲ၍ စည်းလုံးညီညွတ်သော မျိုးချစ် မလေးရှားနိုင်ငံအား တည်ထောင်ရန် ရည်မှန်းချက်ဖြင့် လူငယ်နှင့် အားကစားဝန်ကြီးဌာန အောက်တွင် ဦးစီးဌာနနှင့် ဌာနခွဲ ၁၈ ခုအထိ ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

စင်ကာပူနိုင်ငံတွင် အနုပညာနှင့် အားကစားမှတစ်ဆင့် နိုင်ငံသားများအား ချစ်ကြည်ရင်းနှီးမှု ခိုင်မာစေရန်နှင့် လူမှုဝန်ထမ်းလုပ်ငန်းများကို အားပေးမြှင့်တင်ရန် ရည်ရွယ်၍ ယဉ်ကျေးမှု၊ လူ့အဖွဲ့အစည်းနှင့် လူငယ်ရေးရာဝန်ကြီးဌာနကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

အိန္ဒိယနိုင်ငံတွင် လူငယ်ရေးရာနှင့် အားကစားဝန်ကြီးဌာနကို ဖွဲ့စည်းပြီး လူငယ်ရေးရာဦးစီးဌာနနှင့် အားကစားဦးစီးဌာနတို့ကို အခြေခံဖွဲ့စည်းပြီး လူမှုဝန်ထမ်းလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် လူငယ်လူရွယ်များ၏ ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတစ်ဝန်းရှိ တက္ကသိုလ်၊ ကောလိပ်များနှင့် သက်မွေးသိပ္ပံကျောင်းသားလူငယ် နှစ်သန်းကျော်အား စေတနာ့ဝန်ထမ်းများအဖြစ် ပါဝင်လုပ်အားပေးနေသည့် အဖွဲ့အစည်းတစ်ခု ဖွဲ့စည်းဆောင်ရွက်ခြင်း၊ လူငယ်ရေးရာလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် ပြည်နယ်အစိုးရများနှင့် အမျိုးသားအဆင့် လူငယ်အဖွဲ့အစည်းများအတွက် လေ့ကျင့်သင်တန်းပေးမှုများ၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ပေးနေသည့် ရာဂျစ်ဂန္ဒီလူငယ် ဖွံ့ဖြိုးတိုးတက်ရေးသိပ္ပံအား တည်ထောင်ထားခြင်း၊ အသက် ၁၈ နှစ်မှ ၂၅ နှစ်ကြား လူငယ်များအား နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင် နှစ်နှစ်ကြာ ပါဝင်ဆောင်ရွက်စေပြီး သင့်လျော်သည့် ဂုဏ်ပြုပေးအပ်ချီးမြှင့်သည့် အမျိုးသားလူငယ်အဖွဲ့အစည်း (National Youth Corps) အား တည်ထောင်ထားခြင်း၊ ကင်းထောက်လူငယ်အစီအစဉ်များ တိုးမြှင့်ဆောင်ရွက်ခြင်း၊ နိုင်ငံတကာလူငယ်အချင်းချင်း ပူးပေါင်းဖလှယ်ရေး အစီအစဉ်များ ပြုလုပ်ခြင်း၊ လူငယ်များအတွက် နိုင်ငံအဆင့် ထူးချွန်ဆုတံဆိပ်များ ချီးမြှင့်ခြင်း စသည့် လူငယ်လူရွယ်များအားလုံး ပါဝင်စေသော အစီအစဉ်များဖြင့် လူငယ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ကျယ်ပြန့်စွာ ဆောင်ရွက်ပေးလျက်ရှိကြောင်း မှတ်သားဖူးပါသည်။

### လူငယ်လူရွယ်များအတွက် ကမ္ဘာလုံးဆိုင်ရာအစီအစဉ်မှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ

ကမ္ဘာ့ကုလသမဂ္ဂမှ ထုတ်ဝေသော "လူငယ်လူရွယ်များအတွက် ဆောင်ရွက်မည့် ကမ္ဘာလုံးဆိုင်ရာအစီအစဉ် (World Programme of Action for Youth)" တွင် လူငယ်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များနှင့် ပတ်သက်၍ အောက်ပါခေါင်းစဉ်များအတိုင်း ခွဲခြားသတ်မှတ် ဆောင်ရွက်လျက်ရှိပါသည်-

(က) လူငယ်နှင့် ကျန်းမာရေးကဏ္ဍ
(ခ) လူငယ်နှင့် ပညာရေးကဏ္ဍ
(ဂ) လူငယ်နှင့် အားကစားကဏ္ဍ
(ဃ) လူငယ်နှင့်အလုပ်အကိုင်ကဏ္ဍ
(င) လူငယ်နှင့် ဆင်းရဲမွဲတေမှုကဏ္ဍ
(စ) လူငယ်နှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ
(ဆ) လူငယ်နှင့် မူးယစ်ဆေးဝါးသုံးစွဲမှုကဏ္ဍ
(ဇ) လူငယ်နှင့် ရာဇဝတ်မှု ကျူးလွန်ခြင်းနှင့် အကြမ်းဖက်မှုကဏ္ဍ
(ဈ) လူငယ်နှင့် လူကုန်ကူးမှုအန္တရာယ်
(ည) မိန်းကလေးများနှင့် အမျိုးသမီးငယ်များကဏ္ဍ
(ဋ) လူငယ်နှင့် အားလပ်ချိန်အသုံးချမှုကဏ္ဍ
(ဌ) လူ့အဖွဲ့အစည်းနှင့် သက်ဆိုင်သော ဆုံးဖြတ်ချက်ချမှုလုပ်ငန်းများတွင် လူငယ်များ၏ အပြည့်အဝ ထိရောက်စွာပါဝင်ဆောင်ရွက်မှုကဏ္ဍ
(ဍ) လူငယ်နှင့် မျိုးချစ်စိတ်ကဏ္ဍ
(ဎ) လူငယ်နှင့် သတင်းအချက်အလက်၊ ဆက်သွယ်ရေးနှင့် နည်းပညာကဏ္ဍ
(ဏ) လူငယ်နှင့် လက်နက်ကိုင်ပဋိပက္ခများကဏ္ဍ
(တ) လူငယ်နှင့် ပြည်သူ့နီတိ ကဏ္ဍ
(ထ) လူငယ်နှင့် ရပ်ရွာလူမှုရေးလုပ်ငန်းများကဏ္ဍ

### လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူငယ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းဆောင်ရွက်

မိမိတို့နိုင်ငံအနေဖြင့်လည်း အမိမြန်မာနိုင်ငံတော်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေး တာဝန်ယူဆောင်ရွက်ကြမည့် လူငယ်များအနေဖြင့် ကျန်းမာကြံ့ခိုင်မှု၊ အရည်အချင်းပြည့်ဝမှု၊ ဉာဏ်ပညာထက်မြက်မှု၊ လူမှုပေါင်းသင်းဆက်ဆံရေးကောင်းမွန်မှု စသည့်အခြေခံကောင်းများ ပြည့်ဝရန် လိုအပ်မည်ဖြစ်ပါသည်။ ထို့အပြင် လူငယ်လူရွယ်များအား ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလ ဆိုသည့် ဗလငါးတန် ပြည့်ဝစေပြီး ဘက်စုံအရည်အသွေး မြင့်မားသည့် လူငယ်လူရွယ်များ ဖြစ်လာစေရေး အထူးအလေးထား ပြုစုပျိုးထောင်ရမည်ဖြစ်ပေသည်။ ထို့အပြင် လူငယ်များအား ခေါင်းဆောင်မှု အရည်အသွေးများ လေ့ကျင့်ပျိုးထောင်ပေးရန်၊ လူငယ်များကို ၎င်းတို့၏ ရည်မှန်းချက်များနှင့် စိတ်ဝင်စားမှုများအား ဆောင်ရွက်နိုင်စေရန်အတွက် ကူညီပံ့ပိုးပေးရန်၊ လူငယ်များ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ် မှန်ကန်ရေး အပါအဝင် ဘက်စုံဖွံ့ဖြိုးတိုးတက်သော နိုင်ငံ့သားကောင်းလူငယ်များ ပေါ်ထွန်းစေရန်အတွက်လည်း ဘက်ပေါင်းစုံမှ ပြုစုပျိုးထောင်ပေးရမည်ဖြစ်သည့်အတွက် လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များမှာ များပြားကျယ်ဝန်းလှပါသည်။ ယခုအခါ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအဖြစ် တိုးမြှင့်ပြောင်းလဲ ဖွဲ့စည်းပေးပြီးဖြစ်သဖြင့် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူငယ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်တာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်မျှော်လင့်မိပါကြောင်း။ ။

# သတင်းအမှား၊ အမှန်ခွဲခြားသုံးသပ်နိုင်ရေးနှင့် Social Media အသုံးပြုရာတွင် ဆောင်ရန်၊ ရှောင်ရန် ဥပဒေရေးရာနှင့် မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေးဟောပြော

**နေပြည်တော် မတ် ၁၇**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန သထုံခရိုင် ဦးစီးမှူးရုံးနှင့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း သထုံရှိ ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများအား သတင်းအမှား၊ အမှန်ခွဲခြား သုံးသပ်နိုင်ရေးနှင့် Social Media အသုံးပြုရာတွင် ဆောင်ရန်၊ ရှောင်ရန်အသိပညာပေးခြင်း၊ ဥပဒေရေးရာ အသိပညာပေးခြင်းနှင့် မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲ၌ သတင်း အမှား၊ အမှန် ခွဲခြားသုံးသပ်နိုင်ရေးနှင့် Social Media အသုံးပြုရာတွင် ဆောင်ရန်၊ ရှောင်ရန် အသိပညာပေးခြင်းကို သထုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်လှလှနွယ် ကလည်းကောင်း၊ **(ဝဲအောက်ပုံ)** ဥပဒေရေးရာ အသိပညာပေးခြင်းကို ဒုတိယမြို့နယ်ဥပဒေအရာရှိ ဦးအောင်ပိုင်ဖြိုး ကလည်းကောင်း၊ မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေးခြင်းကို မူးယစ်တပ်ဖွဲ့စုမှူး ဒုရဲမှူး တင်ကိုကို က လည်းကောင်း ဟောပြောခဲ့သည်။





အသိပညာပေး ဟောပြောပွဲသို့ ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ သထုံခရိုင် ဦးစီးမှူးရုံး နှင့် လူငယ်သင်တန်းကျောင်းရှိ ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ကြီးမြို့၌ နွေရာသီအခြေခံအားကစားသင်တန်း ဖွင့်လှစ်မည်

**တောင်ကြီး မတ် ၁၇**

အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် တောင်ကြီးမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ၂၀၂၂ ခုနှစ် နွေရာသီ အခြေခံအားကစား သင်တန်းအား ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး လမ်းညွှန်ချက်များနှင့် အညီ မတ် ၂၀ ရက်မှ ဧပြီ ၃၀ ရက်ထိ ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း သိရသည်။



အဆိုပါ သင်တန်းတွင် ဘောလုံး၊ ဘတ်စကက်ဘော၊ ပိုက်ကျော်ခြင်း၊ အလေးမ/ကာယဗလ၊ ရိုးရာခြင်း၊ တိုက်ကွမ်ဒို၊ ကရာတေးဒို (ရှိုတိုကန်) / (ကျို့ခ်ရှင်း)၊ ဘိလိယက်/စနူကာ၊ စားပွဲတင်တင်းနစ်၊ တင်းနစ်၊ အေရိုးဗစ်/ Fitness Dance၊ မြန်မာ့သိုင်း၊ ကြက်တောင်၊ ဂျူဒို၊ လက်ဝှေ့၊ ပြေးခုန်ပစ်၊ စစ်တုရင်နှင့် ဘော်လီဘော စသည့် အားကစားနည်း ၁၈ မျိုးကို လေ့ကျင့်သင်ကြားပေးသွားမည် ဖြစ်ကြောင်းသိရသည်။

နွေရာသီ အခြေခံအားကစား သင်တန်းတွင် လေ့ကျင့်သင်ကြားပေးမည့် တာဝန်ခံသင်တန်းနည်းပြများ၏ ဖုန်းနံပါတ်၊ သင်တန်းဖွင့်လှစ်မည့် နေရာ၊ ဆက်သွယ်ရန်ဖုန်း၊ ဖွင့်လှစ်မည့်အချိန်ဇယားကို ပြည်နယ်အားကစားကွင်း၌ ကြေညာထားရှိပြီးကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး လမ်းညွှန်ချက်များ အရ သင်တန်းသားဦးရေကို ကန့်သတ်ထားကြောင်း သိရသည်။

**ဇော်နိုင်လင်း**

# ဂျူဗင်တပ်စ် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီး ချယ်ဆီးအသင်း နောက်တစ်ဆင့်တက်

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ကို မတ် ၁၇ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ လိုင်လီနှင့် ချယ်ဆီး အသင်းတို့ပွဲစဉ်တွင် ချယ်ဆီးက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး နှစ်ကျော့ပေါင်းရလဒ် လေးဂိုး- တစ်ဂိုးဖြင့် ချယ်ဆီးအသင်း နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့သည်။ ဂျူဗင်တပ်စ်နှင့် ဗီလာရီးရဲအသင်း တို့ပွဲစဉ်တွင် ဗီလာရီးရဲက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-တစ်ဂိုးဖြင့် ဗီလာရီးရဲအသင်း နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့သည်။

လိုင်လီနှင့် ချယ်ဆီးအသင်းတို့ ပွဲစဉ်တွင် နှစ်သင်းကြား ခြေစွမ်းကွာဟမှုမရှိဘဲ အဆုံးသတ် သေချာသည့် ချယ်ဆီးအသင်းက အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ပွဲချိန် ၃၈ မိနစ်တွင် ရီလ်မက်ဇ်က ရရှိလာသည့် ပယ်နယ်တီကို အမှားအယွင်းမရှိ အဆုံးသတ်နိုင်ခဲ့သည့်အတွက် လိုင်လီအသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။ ပထမပိုင်းပွဲချိန်ပြည့်ခါနီးတွင် ချယ်ဆီးအသင်းအတွက် ချေပဂိုးကို ပူလီဆစ်က သွင်းယူပေးခဲ့သည်။ ပွဲချိန် ၇၁ မိနစ်တွင် ချယ်ဆီးအသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို အက်စ်ပီလီကျူတာက သွင်းယူပေးခဲ့သည်။

ဂျူဗင်တပ်စ်နှင့် ဗီလာရီးရဲအသင်းတို့ ပွဲစဉ်တွင် ဂျူဗင်တပ်စ်အသင်းသည် အိမ်ကွင်းတွင် ကစားရသော်ငြား ရရှိလာသည့် အပိုင်အခွင့်အရေးများကို ဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်း မရှိသည့်အတွက် ဗီလာရီးရဲအသင်းကို ရှုံးနိမ့်ကာ ၁၆ သင်းအဆင့်မှ ထွက်ခွာခဲ့ရခြင်းဖြစ်သည်။ ဗီလာရီးရဲအသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၇၈ မိနစ်တွင် မိုရီနိုက ပယ်နယ်တီမှတစ်ဆင့် သွင်းယူပေးခဲ့သည်။ ဒုတိယဂိုးကို ပွဲချိန် ၈၅ မိနစ်တွင် သွင်းယူပေးခဲ့သလို တတိယဂိုးကို ပွဲချိန်ပြည့်ခါနီးတွင် ဒန်ဂျူမာက ပယ်နယ်တီမှတစ်ဆင့် သွင်းယူပေးခဲ့သည်။ ထို့ကြောင့် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်သို့ ချယ်ဆီး၊ ဗလင်စီယာအသင်း အပါအဝင် လီဗာပူး၊ မန်စီးတီး၊ ဘိုင်ယန်မြူးနစ်၊ ဘင်ဖီကာ၊ အက်သလက်တီကို မက်ဒရစ်၊ ရီးရဲမက်ဒရစ် အသင်းတို့ တက်ရောက်နိုင်ခဲ့သည်။

**အောင်ဇော်**



# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

**နေပြည်တော် မတ် ၁၇**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်ရှိ မြို့မ ဘုန်းတော်ကြီးကျောင်း ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ အုတ်ကန်တောရစာသင်တိုက်သို့လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ သာသနာ့ရောင်ခြည်ကျောင်းတိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ဟိုခုံပရိယတ္တိစာသင်တိုက်နှင့် တာချီလိတ်မြို့နယ်ရှိ နဂါးရုံဓမ္မရိပ်သာကျောင်းတိုက်တို့သို့လည်းကောင်း၊ ရောဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်ရှိ ရွှေရောင်ပြပရိယတ္တိစာသင်တိုက်သို့လည်းကောင်း ဆရာတော် သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဖိတ်ခေါ်ဖူဆယ်ပြိုင်ပွဲတွင် မြန်မာအသင်း အုပ်စုဒုတိယဖြင့် ဆီမီးဖိုင်နယ် တက်ရောက်

**ရန်ကုန် မတ် ၁၇**

NSDF Futsal Invitation Championship 2022 ဖိတ်ခေါ် ဖူဆယ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ကို မတ် ၁၇ ရက်က ထိုင်းနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်း အုပ်စုဒုတိယဖြင့် ဆီမီးဖိုင်နယ် တက်ရောက်သွားသည်။

အုပ်စုနောက်ဆုံးပွဲတွင် အီရန်အသင်းက မြန်မာအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ မြန်မာအသင်းသည် အီရန်အသင်းနှင့် အုပ်စုပထမနေရာအတွက် အဆုံးအဖြတ်ပွဲကစားရခြင်းဖြစ်ပြီး အကောင်းဆုံးကြိုးစားသော်လည်း အာရှထိပ်သီးအသင်းတစ်သင်းဖြစ်သောကြောင့် ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ရှုံးပွဲကြုံတွေ့ခဲ့သော်လည်း ယင်းပွဲအတွက် အကောင်းဆုံးဆုကို ဂိုးသမား ကျော်ထက်အောင်က ရရှိသည်။ မြန်မာအသင်းသည် မွန်ဂိုလီးယားကို ဂိုးပြတ်အနိုင်ရပြီးကတည်းက ဆီမီးဖိုင်နယ် တက်ရောက်ထားခြင်းဖြစ်သည်။ အုပ်စု (က) နောက်ဆုံးပွဲတွင် အိမ်ရှင်ထိုင်းနှင့် အိုမန်အသင်းတို့ တစ်ဂိုးစီ သရေကျခဲ့သည်။ အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု (က) ၌ ထိုင်းနှင့် အိုမန်အသင်းတို့ လေးမှတ်စီတူညီသော်လည်း ဂိုးကွာခြားချက်ဖြင့် ထိုင်းက အုပ်စုပထမ၊ အိုမန်အသင်းက အုပ်စုဒုတိယရရှိသည်။ အုပ်စု (ခ) တွင်မူ အီရန်အသင်းက ခြောက်မှတ်ဖြင့် အုပ်စုပထမ၊ မြန်မာအသင်းက သုံးမှတ်ဖြင့် အုပ်စုဒုတိယရရှိကာ ဆီမီးဖိုင်နယ် တက်ရောက်ခဲ့သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များကို မတ် ၁၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ထိုင်းနှင့် မြန်မာ၊ အီရန်နှင့် အိုမန်အသင်းတို့ တွေ့ဆုံနေသည်။ အုပ်စုအောက်ဆုံးနေရာရခဲ့သည့် မွန်ဂိုလီးယားနှင့် မော်လ်ဒိုက်အသင်းတို့မှာ အဆင့် ၅ နေရာလုပွဲ ကစားရမည်ဖြစ်သည်။

**ရဲရင့်လွင်**

# ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် အင်အားပြင်း ငလျင်လှုပ်ခတ်ခဲ့ရာ ၂၂၅ ဦးဒဏ်ရာရရှိခဲ့ပြီး သုံးဦးသေဆုံး

တိုကျို မတ် ၁၇

**မတ် ၁၆ ရက်နှောင်းပိုင်းက ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် ငလျင်လှုပ်ခတ်ခဲ့ရာ ၂၂၅ ဦး ဒဏ်ရာရရှိခဲ့ပြီး သုံးဦးသေဆုံးခဲ့ကြောင်း ရဲများနှင့် မီးသတ်အာဏာပိုင်များက မတ် ၁၇ ရက်က ပြောကြားလိုက်သည်။**

မတ် ၁၇ ရက် ဒေသစံတော်ချိန် ညနေ ၇ နာရီခွဲတွင် ငလျင်ပြင်းအား ၇ ဒသမ ၄ အဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ရာ မီယာဂီနှင့် ဖူကူရှီမားခရိုင်အပါအဝင် ခရိုင် ၁၂ ခုတွင် လူ ၂၂၅ ဦးဒဏ်ရာရရှိခဲ့ကြောင်း မီးသတ်နှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု အေဂျင်စီက ပြောကြားလိုက်သည်။ အာရှနိုင်ငံ၏ အရှေ့မြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသများတွင် ပြင်းထန်သည့်လှုပ်ခတ်မှုများကို ခံစားခဲ့ရကြောင်းနှင့် အထူးသဖြင့် မီယာဂီနှင့် ဖူကူရှီမားခရိုင်တို့တွင် ပြင်းအား ၆ အထက် လှုပ်ခတ်ခဲ့ပြီး ၇ အထိ ရောက်ရှိခဲ့သည်။

ပြင်းအား ၆ အထက် လှုပ်ခတ်မှုက လူများကို လေထဲသို့ ပစ်ထုတ်နိုင်လောက်သည်အထိ ပြင်းထန်ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ပြောသည်။ သက်ဆိုင်ရာအာဏာပိုင်များသည် ငလျင်ကြောင့် သေဆုံးသူများကို ဆက်လက်ရှာဖွေနေကြောင်း ဂျပန်ဝန်ကြီးချုပ် ဖူမီယို ကီရှီဒါးက ပြောကြားခဲ့သည်။

ငလျင်သည် မတ် ၁၆ ရက် ဒေသစံတော်ချိန် ညနေ ၁၁ နာရီ ၃၆ တွင် မြေအောက်အနက် ၆၀ ကီလိုမီတာကို ဗဟိုပြု၍ မြောက်လတ္တီကျူ ၃၇ ဒသမ ၇ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၁၄၁ ဒသမ ၇ ဒီဂရီတွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။ သဘာဝဘေးဒုက္ခသည်များကို တုံ့ပြန်နိုင်ရန် ဖြစ်နိုင်သည့် ဆောင်ရွက်ချက်များကို လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း ကီရှီဒါးက ပါလီမန်တွင်ပြောကြားခဲ့သည်။

**ဆင်ဟွာ**



ငလျင်ကြောင့် ပြိုပျက်သွားသော အဆောက်အအုံအောက်တွင် ကားတစ်စီး ပိနေသည်ကို တွေ့ရစဉ်။



နစ်မြုပ်သွားသော ယူအေအီးနိုင်ငံပိုင် ကုန်တင်သင်္ဘောကို တွေ့ရစဉ်။

# ယူအေအီးနိုင်ငံပိုင် ကုန်တင်သင်္ဘောတိမ်းမှောက်မှုဖြစ်ပွား သင်္ဘောသား ၂၉ ဦးကို ကယ်တင်နိုင်ခဲ့

**တီဟီရန် မတ် ၁၇**

အီရန်တောင်ပိုင်း ရေပိုင်နက်တွင် ယူအေအီးနိုင်ငံပိုင် ကုန်တင်သင်္ဘောပျက်မှ အမှုထမ်း ၃၀ ဦးအနက် ၂၉ ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း အီရန်အာဏာပိုင်တစ်ဦးက မတ် ၁၇ ရက်က ပြောကြားလိုက်သည်။

အသက်ကယ် လှေနှစ်စင်းသည် မတော်တဆဖြစ်ပွားရာဒေသတွင် နောက်ဆုံး သင်္ဘောသားကို ကယ်ဆယ်နိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း အီရန်ဘုရှ်ရှာပြည်နယ် အရေးပေါ်စီမံခန့်ခွဲမှု ညွှန်ကြားရေးမှူးချုပ် ဂျာဟန်ဂါ ဒါကာနီက ပြောကြားလိုက်သည်။

ယူအေအီးနိုင်ငံပိုင် သင်္ဘော တစ်စင်းသည် အီရန်တောင်ပိုင်း ဆိပ်ကမ်းမြို့ဖြစ်သည့် အက်ဆာလူယာ့မှ မိုင် ၃၀ (၄၈ ကီလိုမီတာ) အကွာတွင် သင်္ဘောသား ၃၀ ဦးနှင့်အတူ နစ်မြုပ်ခဲ့သည်။ ယာဉ်များကို သယ်ဆောင်လာသည့် ယူအေအီးနိုင်ငံပိုင် ကုန်တင်သင်္ဘောသည် ရာသီဥတုဆိုးရွားမှုကြောင့် တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ**

# တောင်ကိုရီးယားနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၆၀၀၀၀၀ ကျော်လာ

**ဆိုးလ် မတ် ၁၇**

လွန်ခဲ့သော ၂၄ နာရီနှင့် နှိုင်းယှဉ်လျှင် တောင်ကိုရီးယားနိုင်ငံတွင် မတ် ၁၆ ရက်ညသန်းခေါင်အထိ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၆၂၁၃၂၈ ဦး တိုးလာပြီးနောက် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၈၂၅၀၅၉၂ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးအာဏာပိုင်များက မတ် ၁၇ ရက်က ပြောကြားလိုက်သည်။

နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် ယခင်ရက်ကထက် ၄၀၀၇၁၁ ဦးထိ သိသိသာသာ မြင့်တက်ခဲ့ပြီး ပထမဆုံးအကြိမ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၆၀၀၀၀၀ ကျော်လွန်ခဲ့ကြောင်း ကိုရီးယား ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေး အေဂျင်စီ (ကေဒီစီအေ) က ထုတ်ပြန်ကြေညာလိုက်သည်။

အိုမီခရွန်မျိုးရပ်စ် ကူးစက်ပျံ့နှံ့နေစဉ် မကြာသေးမီက မြင့်တက်လာသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများသည် ဆိုးလ်ဒေသ၏ ကိုဗစ်-၁၉ အစုလိုက် ကူးစက်ဖြစ်ပွားမှုကြောင့် ဖြစ်ကြောင်း သိရသည်။ ထပ်မံဖြစ်ပွားသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူများအနက် ၁၂၈၃၇၅ ဦးမှာ ဆိုးလ်ဒေသခံများဖြစ်ကာ ၁၈၁၉၈၃ ဦးမှာ ချုံဂီပြည်နယ်မှ ဖြစ်ပြီး ၃၂၉၆၄ ဦးမှာ အင်ချွန်းမှ ဖြစ်သည်။

မြို့တော်မဟုတ်သည့် နေရာဒေသများတွင်လည်း ကိုဗစ်-၁၉ ဆက်လက် ကူးစက်ပြန့်ပွားလျက်ရှိပြီး စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားသူ ၂၇၇၉၄၄ ဦး သို့မဟုတ် ၄၄ ဒသမ ၇ ရာခိုင်နှုန်းရှိသည်။ ပြည်ပကူးစက်ဖြစ်ပွားသူ ၆၂ ဦးနှင့်အတူ စုစုပေါင်း ပြည်ပကူးစက်ဖြစ်ပွားသူအရေအတွက် ၃၀၅၃၈ ဦးအထိရှိလာပြီဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ခံထားရပြီး စိုးရိမ်ရသော အခြေအနေခံစားနေရသူ ၁၁၅၉ ဦးရှိပြီး ယခင်ရက်ကထက် ၈၅ ဦး လျော့နည်းခဲ့သည်။ ကိုဗစ်-၁၉ ကြောင့် ၄၂၉ ဦး ထပ်မံသေဆုံးခဲ့သောကြောင့် စုစုပေါင်းသေဆုံးသူ ၁၁၄၈၁ ဦးအထိရှိလာခဲ့ပြီး သေဆုံးနှုန်းမှာ ၀ ဒသမ ၁၄ ရာခိုင်နှုန်းရှိသည်။

ဖေဖော်ဝါရီ ၂၆ ရက်တွင် အစုလိုက် ကာကွယ်ဆေးထိုးမှုများ စတင်ပြုလုပ်ခဲ့သည့် အချိန်မှစကာ ယခုအချိန်ထိ လူပေါင်း ၄၄၉၁၇၄၇၅ ဦး စုစုပေါင်း နိုင်ငံ့လူဦးရေ၏ ၈၇ ဒသမ ၅ ရာခိုင်နှုန်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခဲ့ပြီးဖြစ်သည်။ ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့်အဝထိုးနှံပြီးသူပေါင်း ၄၄၄၄၆၇၁၆ ဦး သို့မဟုတ် ၈၆ ဒသမ ၆ ရာခိုင်နှုန်းရှိပြီဖြစ်သည်။

ထို့အတူ အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပြီးသူပေါင်းမှာလည်း ၃၂၂၁၇၅၃၃ ဦး သို့မဟုတ် လူဦးရေ၏ ၆၂ ဒသမ ၈ ရာခိုင်နှုန်းရှိသည်။

**ဆင်ဟွာ**




တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် ကိုဗစ်-၁၉ စစ်ဆေးရန် စောင့်ဆိုင်းနေသူများကို တွေ့ရစဉ်။

# အာဖရိကတွင် ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၁၁၂၈၇၅၉၉ ဦးရှိ

**အဒစ္စအဘာဘာ မတ် ၁၇**

အာဖရိကတွင် မတ် ၁၆ ရက် ညနေပိုင်းအထိ ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၁၁၂၈၇၅၉၉ ဦး ရှိလာခဲ့ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ပြောသည်။

အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် သေဆုံးသူပေါင်းမှာ ၂၅၀၄၂၂ ဦး ရှိလာပြီဖြစ်ကြောင်းနှင့် ၁၀၅၅၅၁၉၅ ဦးမှာ ကိုဗစ်-၁၉ ကင်းစင်သွားပြီဖြစ်ကြောင်း သိရသည်။

တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှား၊ လစ်ဗျားနိုင်ငံတို့သည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံး နိုင်ငံများဖြစ်ကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ပြောသည်။

တောင်အာဖရိက သည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံးဖြစ်ပြီး စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃၆၉၆၈၂၃ ဦးရှိပြီး မြောက်ပိုင်း အာဖရိနိုင်ငံ တစ်နိုင်ငံဖြစ်သည့် မော်ရိုကိုနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက် ဖြစ်ပွားသူပေါင်း ၁၁၆၂၂၃၆ ဦးနှင့် တူနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၀၂၉၇၆၂ ဦး ရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွင် တောင်အာဖရိကသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံးဖြစ်ပြီး အာဖရိက မြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့သည် ဒုတိယကူးစက်ဖြစ်ပွားမှု အများဆုံးဖြစ်သည်။ အာဖရိကအလယ်ပိုင်းသည် ကူးစက်ဖြစ်ပွားမှု အနည်းဆုံးဖြစ်သည်။ **ဆင်ဟွာ**

# အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၄၃ သန်းကျော်လာ

**နယူးဒေလီ မတ် ၁၇**

အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၅၃၉ ဦးရှိလာသောကြောင့် မတ် ၁၇ ရက်အထိ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၃ သန်းကျော်လာပြီး ၄၃၀၁၀၄၇၇ ဦးအထိ ရောက်ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်လိုက်သော အချက်အလက်များတွင် ဖော်ပြထားသည်။ ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၆၀ ဦး ရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့်သေဆုံးသူ ၅၁၆၁၃၂ ဦးအထိ ရရှိလာခဲ့သည်။ နိုင်ငံအတွင်း လတ်တလောကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၃၀၇၉၉ ဦးအထိရှိပြီး လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၀၁၂ ဦးအထိ လျော့နည်းလာခဲ့ သည်။ လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ကျဆင်းခဲ့သည်မှာ ၅၂ ရက်မြောက်ရှိလာပြီဖြစ်သည်။

**ဆင်ဟွာ**

# တောင်ပစိဖိတ်ကျွန်းနိုင်ငံများသာမက မြောက်အာဖရိကတစ်ဝန်းနိုင်ငံများပါ ကုန်စျေးနှုန်းနဲ့ လောင်စာဆီစျေးနှုန်းတွေ ဆက်လက်မြင့်တက်လာဦးမှာလား

ထွန်းကျော်

ဖီဂျီလိုမျိုး တောင်ပစိဖိတ်ကျွန်းနိုင်ငံများဟာ ရုရှားနိုင်ငံနဲ့သာမက ယူကရိန်းနိုင်ငံနဲ့ပါ အလှမ်းကွာလှသော်လည်း နှစ်နိုင်ငံကြား ဖြစ်ပွားတဲ့ ပဋိပက္ခရဲ့ အကျိုးသက်ရောက်မှုကြောင့် အစားအစာနဲ့ လောင်စာဆီစျေးနှုန်းတွေ မြင့်တက်လာခဲ့ပါတယ်။

### ကုန်စျေးနှုန်းတွေ မြင့်တက်လာဦးမယ်

ကုလသမဂ္ဂအစားအစာနဲ့စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို)က ရုရှား-ယူကရိန်းပဋိပက္ခက ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာဖူလုံမှုကို ခြိမ်းခြောက်မှုအသစ်တွေ ဖြစ်စေတယ်လို့ သတိပေးပြောကြားခဲ့ပါတယ်။ အစားအစာနဲ့ စားသောက်စရိတ်တွေ နဂိုကတည်းက မြင့်တက်လျက်ရှိနေတဲ့ အခြေအနေမှာ နောက်ထပ် ၈ ရာခိုင်နှုန်းမှ ၂၂ ရာခိုင်နှုန်းအထိ ထပ်မံမြင့်တက်လာဦးမယ်လို့ အက်ဖ်အေအိုက ပြောပါတယ်။

လူဦးရေ ၉၀၀၀၀၀ နီးပါးရှိသည့် ကျွန်းနိုင်ငံဖြစ်တဲ့ ဖီဂျီနိုင်ငံဟာ ဂျုံနဲ့ ဆန်ကဲ့သို့သော သူ့ရဲ့အဓိက အစားအစာအများစုကို နိုင်ငံခြားက နှစ်စဉ်နှစ်တိုင်း တင်သွင်းနေရပါတယ်။ ဖီဂျီစီးပွားရေးဝန်ကြီး အိုင်ယက်ဇ်ဆာယက်ခိုင်ယမ်က ရုရှားနဲ့ ယူကရိန်းကြား ပဋိပက္ခတွေ ဆက်လက် မြင့်တက်လာမယ်ဆိုရင် ဒီထက် ကုန်စျေးနှုန်းတွေ မြင့်တက်လာဦးမယ်လို့ သတိပေးပြောကြားခဲ့ပါတယ်။

### လောင်စာဆီစျေးနှုန်းတွေကို မိုးထိမြင့်တက်စေခဲ့တယ်

ဖီဂျီစားသုံးသူကော်မရှင်ရဲ့ ဖော်ပြချက်အရ သာမန်ဂျုံမှုန့် ၁၀ ကီလိုဂရမ်တစ်အိတ်ရဲ့ လက်ရှိ လက်လီရောင်းစျေးဟာ ဖီဂျီဒေါ်လာ ၁၇ ဒသမ ၁၀ (အမေရိကန်ဒေါ်လာ ၈ ဒသမ ၀၆) အထိ မြင့်တက်လာခဲ့တယ်လို့ ဆိုပါတယ်။ လွန်ခဲ့တဲ့တစ်နှစ်ခွဲက ဂျုံမှုန့် ၁၀ ကီလိုဂရမ်တစ်အိတ်ကို ဖီဂျီဒေါ်လာ ၁၀ (အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၁ ဒေါ်လာ) ရှိခဲ့ပါတယ်။ အလားတူ ဓာတ်ဆီစျေးနှုန်းများမှာလည်း ၁၀ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့တယ်။

ဖီဂျီစားသုံးသူကော်မရှင်က ဖီဂျီဟာ ပြည်တွင်းစျေးကွက်တည်ငြိမ်ဖို့အတွက် ကမ္ဘာ့စျေးကွက် ပြောင်းလဲမှုရှိအောင် လုပ်ဆောင်ဖို့လိုတယ်လို့ ပြောခဲ့ပါတယ်။

ဖီဂျီ ကုန်သွယ်ရေး အမြဲတမ်းအတွင်းဝန် ရှာဟင်အလီက စွမ်းအင်အဓိကပံ့ပိုးတဲ့နိုင်ငံဖြစ်တဲ့ ရုရှားအပေါ် ကမ္ဘာလုံးဆိုင်ရာ အရေးယူပိတ်ဆို့မှုတွေပြုလုပ်ခဲ့ခြင်းက လောင်စာဆီစျေးနှုန်းတွေကို မိုးထိမြင့်တက်စေခဲ့တယ်ဆိုပြီး ပြောပါတယ်။

### ဖီဂျီရဲ့ စီးပွားရေးကို သက်ရောက်စေတယ်

လောင်စာဆီကုန်ကျစရိတ်သာမက ကုန်စည်တွေနဲ့ ဝန်ဆောင်မှုကုန်ကျစရိတ်တွေမှာ ပင်လယ်ရေကြောင်းကုန်စည်တင်ပို့မှုတွေနဲ့ လေယာဉ်သယ်ယူပို့ဆောင်မှုတွေအထိ ပါဝင်ပါတယ်။

ဖီဂျီမြို့တော် ဆူဗာမြို့လယ်မှာ ကုန်စုံဆိုင်ဖွင့်ထားတဲ့ တရုတ်စီးပွားရေးသမားတစ်ဦးကလည်း ကုန်စျေးနှုန်းတွေမြင့်တက်လာတဲ့အပေါ် ပူပန်နေရပါတယ်။ သူ့ဆိုင်မှာရှိတဲ့ ကုန်စည်တွေရဲ့ ကုန်စျေးနှုန်းတွေဟာ ပင်လယ်ရေကြောင်း သယ်ယူပို့ဆောင်စရိတ်တွေ မြင့်လာတာကြောင့် မြင့်တက်ခဲ့တယ်လို့ ပြောပါတယ်။

တောင်ပစိဖိတ်တက္ကသိုလ် စီးပွားရေးဘာသာရပ်ရဲ့ အဆင့်မြင့်ကထိကတစ်ဦးဖြစ်သူ နီလက်ဂိုအန်ဒါက ပဋိပက္ခဟာ ကုန်စျေးနှုန်းမြင့်တက်မှု အန္တရာယ်ကို ဖြစ်စေသလို ပြင်ပအခန်းကဏ္ဍတွေကလည်း ဖီဂျီရဲ့စီးပွားရေးကို သက်ရောက်စေတယ်လို့ ပြောပါတယ်။

### ဆက်လက်မြင့်တက်ဦးမယ်လို့ ကြေညာထား

ဖီဂျီနိုင်ငံသာမက တခြား ဆာမိုအာနဲ့ တွန်ဂါနိုင်ငံလိုမျိုး ကျွန်းနိုင်ငံတွေဟာ ကုန်စျေးနှုန်း မြင့်တက်လာခြင်းကို ရှောင်လွှဲလို့ရမှာမဟုတ်ဘဲ ခံစားကြရမှာ ဖြစ်ပါတယ်။

ဆာမိုအာ ဝန်ကြီးချုပ် ဖီယာမီ နိုအာမီမာတာဖာက ကမ္ဘာတစ်ဝန်းမှာ ပဋိပက္ခကြီးကြီးတွေဖြစ်လေလေ လောင်စာဆီစျေးနှုန်းပေါ်ကို ချက်ချင်းလက်ငင်း သက်ရောက်မှုရှိလေလေလို့ပြောခဲ့ပါတယ်။ လာမယ့်လအတွင်းမှာ ဆာမိုအာရဲ့ လောင်စာဆီစျေးနှုန်းတွေဟာ ဆက်လက် မြင့်တက်လာဦးမယ်လို့ သူက ပြောပါတယ်။

တွန်ဂါနိုင်ငံမှာလည်း လောင်စာဆီစျေးနှုန်းတွေ ဆက်လက်မြင့်တက်ဦးမယ်လို့ ကြေညာထားထားပါတယ်။

### ကုန်စျေးနှုန်းတွေ မြင့်တက်လာ

ထို့အတူ ဒေသတွင်းကို အဓိက ဂျုံမှုန့်တွေတင်ပို့တဲ့ တိုင်းပြည်နှစ်ခုစလုံးမှာ စစ်ရေးပဋိပက္ခတွေ ဖြစ်ပွားပြီးနောက် အကျိုးဆက်အနေနဲ့ စားသောက်ကုန်စျေးနှုန်းတွေ မြင့်တက်လာတဲ့အတွက် မြောက်အာဖရိကတစ်ဝန်း အိမ်ထောင်စုတွေဟာလည်း ဂျုံမှုန့်တွေ၊ ရွှေကျီဆန်တွေနဲ့ တခြား အခြေခံစားသောက်ကုန်တွေကို သိုလှောင်ထားဖို့ အလုအယက် ပြေးဝယ်ခဲ့ကြပါတယ်။

> ❒ လူဦးရေ ၉၀၀၀၀၀ နီးပါးရှိသည့် ကျွန်းနိုင်ငံဖြစ်တဲ့ ဖီဂျီနိုင်ငံဟာ ဂျုံနဲ့ ဆန်ကဲ့သို့သော သူ့ရဲ့အဓိက အစားအစာအများစုကို နိုင်ငံခြားက နှစ်စဉ်နှစ်တိုင်း တင်သွင်းနေရပါတယ်။ ဖီဂျီစီးပွားရေးဝန်ကြီး အိုင်ယက်ဇ်ဆာယက်ခိုင်ယမ်က ရုရှားနဲ့ ယူကရိန်းကြား ပဋိပက္ခတွေ ဆက်လက်မြင့်တက်လာမယ်ဆိုရင် ဒီထက် ကုန်စျေးနှုန်းတွေ မြင့်တက်လာဦးမယ်လို့ သတိပေးပြောကြားခဲ့ပါတယ်။
>
> ❒ ဖီဂျီစားသုံးသူကော်မရှင်ရဲ့ ဖော်ပြချက်အရ သာမန်ဂျုံမှုန့် ၁၀ ကီလိုဂရမ် တစ်အိတ်ရဲ့ လက်ရှိ လက်လီရောင်းစျေးဟာ ဖီဂျီဒေါ်လာ ၁၇ ဒသမ ၁၀ (အမေရိကန်ဒေါ်လာ ၈ ဒသမ ၀၆) အထိ မြင့်တက်လာခဲ့တယ်လို့ ဆိုပါတယ်။ လွန်ခဲ့တဲ့တစ်နှစ်ခွဲက ဂျုံမှုန့် ၁၀ ကီလိုဂရမ်တစ်အိတ်ကို ဖီဂျီဒေါ်လာ ၁၀ (အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၁ ဒေါ်လာ) ရှိခဲ့ပါတယ်။ အလားတူ ဓာတ်ဆီစျေးနှုန်းများမှာလည်း ၁၀ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။

တူနီးရှား၊ မော်ရိုကိုနဲ့ လစ်ဗျားနိုင်ငံတွေနဲ့အတူ တခြားအာရပ်နိုင်ငံတွေဟာ သူတို့ရဲ့ အများဆုံးသော ဂျုံမှုန့်တွေကို ယူကရိန်းနဲ့ ရုရှားနိုင်ငံတို့က တင်သွင်းကြရတာဖြစ်ပါတယ်။ အခုတော့ နှစ်နိုင်ငံပဋိပက္ခတွေကြောင့် ပစ္စည်းပြတ်လပ်မှုတွေဖြစ်ပြီး ကုန်စျေးနှုန်းတွေ မြင့်တက်လာပါတော့တယ်။

အာရပ်ခေါင်းဆောင်တွေ အသစ်ပြန်လည်ရွေးချယ်မှုတွေ... 




ဖီဂျီမြို့တော် ဆူဗာရှိ လောင်စာဆီတစ်ဆိုင်တွင် အမျိုးသမီးတစ်ဦး ကားတစ်စီးကို ဆီဖြည့်ပေးနေစဉ်။

# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး

## မတ် ၁၇ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၄၅ ဦးတွေ့ရှိ

### ထပ်မံသေဆုံးသူ တစ်ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၉၄၁၈ ဦးရှိ

(၁၇-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း အား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၆-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၇-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၈,၁၅၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၄၅) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါ ပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၂.၄၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၇,၄၅၅,၃၆၈) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၀၇,၈၄၄) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၇၈၀) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၆၁,၆၆၇) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၁၈) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၁၇-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၆၃၁) ခု | (၈၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင်GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၀၅) ခု | (၈) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၀၂) ခု | (၇) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၅) ခု | (၁၄) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၆၅၉) ခု | (၃၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၀၁၄) ခု | (၁၀၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၃,၃၇၉) ခု | (၂၀၂) ဦး |
| စုစုပေါင်း | (၁၈,၁၅၅) ခု | (၄၄၅) ဦး |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ရောဂါဖြစ်ပွား/သေဆုံးမှုများအား မျက်ခြည်မပြတ် လေ့လာစောင့်ကြည့်လျက်ရှိပါသည်။
- နိုင်ငံတကာတွင် သုတေသနပြုလေ့လာချက်များအရလည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားခြင်းအားဖြင့် ရောဂါဝင်ရောက်ကူးစက်နိုင်မှုကို ၅ ဆ အထက်၊ ရောဂါကြောင့် ဆေးရုံတက်ရောက်ရမှုကို ၁၀ ဆ အထက်၊ ရောဂါကြောင့်သေဆုံးရမှုကို ၁၀ ဆ အထက် လျော့ချနိုင်သည်ကို တွေ့ရှိရပါသည်။
- မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုများကို လေ့လာသုံးသပ်ကြည့်ရာတွင် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူထားခြင်းဖြင့် ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့် အထိ လျော့ချနိုင်သည်ကို တွေ့ရှိရပါသည်။
- သို့ဖြစ်ပါ၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရာတွင် ရေရှည်အတွက် အကောင်းဆုံး နည်းလမ်းမှာ ရည်မှန်းဦးတည်အုပ်စုများအားလုံး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် မပျက်မကွက် ထိုးနှံမှုခံယူထားခြင်းပင် ဖြစ်ပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကျေးလက်ဒေသနှင့် ဝေးလံခက်ခဲဒေသများတွင် နေထိုင်သည့် မိဘပြည်သူများအပါအဝင် မည်သူတစ်ဦးတစ်ယောက်မှ မကျန်ရစေဘဲ အသက် ၁၈ နှစ်နှင့် အထက် မိဘပြည်သူများနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသူ/ ကျောင်းသားများအပါအဝင် ဦးတည်အုပ်စုအားလုံးကို ရာနှုန်းပြည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပေးနိုင်ရေးကို အရှိန်အဟုန်မြှင့်တင် အလေးထားဆောင်ရွက်လျက်ရှိပါ၍ ကာကွယ်ဆေးမထိုးနှံရသေးသော မိဘပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်ပြီး ဦးတည်အုပ်စုအားလုံး ရာနှုန်းပြည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးရေးကို အလေးထား၍ တက်ကြွစွာ ပူးပေါင်းပါဝင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၁၇ -၃ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၁၂၈၉၆၀၂ | ၅၆၆၃၁၁၁၇ | ၉၉၄၇၃၉ |
| ၂။ | အိန္ဒိယ | ၄၃၀၀၁၄၇၇ | ၄၂၄၅၄၅၄၆ | ၅၁၆၁၆၂ |
| ၃။ | ဘရာဇီး | ၂၉၄၇၈၀၃၉ | ၂၈၀၆၃၇၆၀ | ၆၅၆၀၀၃ |
| ၄။ | ပြင်သစ် | ၂၃၇၅၈၄၄၇ | ၂၂၃၉၄၃၅၈ | ၁၄၀၆၁၃ |
| ၅။ | ဗြိတိန် | ၁၉၉၁၁၁၅၅ | ၁၈၄၇၃၉၇၀ | ၁၆၃၂၄၈ |
| ၆။ | ဂျာမနီ | ၁၇၈၄၃၅၄၅ | ၁၄၁၄၂၅၀၀ | ၁၂၆၈၃၀ |
| ၇။ | ရုရှား | ၁၇၄၈၄၂၅၇ | ၁၅၉၃၄၆၄၅ | ၃၆၃၀၃၉ |
| ၈။ | တူရကီ | ၁၄၆၂၃၀၂၈ | ၁၄၂၄၅၈၀၉ | ၉၆၈၅၃ |
| ၉။ | အီတလီ | ၁၃၅၆၃၄၆၆ | ၁၂၃၅၁၉၈၅ | ၁၅၇၃၁၄ |
| ၁၀။ | စပိန် | ၁၁၂၆၀၀၄၀ | ၁၀၅၀၂၇၈၄ | ၁၀၁၄၁၆ |

## ၁၇-၃-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၆၈၂၀၄၅၈ | ၃၅၄၇၄၈၈ | ၄၁၆၀၇ |
| အင်ဒိုနီးရှား | ၅၉၃၉၀၈၂ | ၅၅၂၃၃၉၃ | ၁၅၃၂၁၂ |
| မလေးရှား | ၃၉၀၀၄၃၃ | ၃၅၆၇၀၀၃ | ၃၄၀၉၉ |
| ဖိလစ်ပိုင် | ၃၆၇၂၆၆၁ | ၃၅၆၉၃၈၇ | ၅၇၈၈၀ |
| ထိုင်း | ၃၂၇၆၀၉၈ | ၃၀၂၆၉၆၉ | ၂၃၉၉၈ |
| စင်ကာပူ | ၉၇၅၆၀၇ | ၉၃၂၁၀၇ | ၁၁၇၀ |
| မြန်မာ | ၆၀၇၈၄၄ | ၅၆၁၆၆၇ | ၁၉၄၁၈ |
| လာအို | ၁၄၉၃၃၁ | ၁၄၇၁၃၉ | ၆၄၃ |
| ကမ္ဘောဒီးယား | ၁၃၄၆၂၄ | ၁၃၀၄၀၇ | ၃၀၄၉ |
| ဘရူနိုင်း | ၁၂၀၆၀၀ | ၁၀၀၀၄၈ | ၁၇၇ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို
စနစ်တကျ
မပျက်မကွက် တပ်ဆင်ပါ



တတ်နိုင်သမျှ
မိမိအိမ်တွင်သာ
နေပါ

## စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ အကြမ်းဖက်သမားများက ခရစ်ယာန်ဘာသာရေးကျောင်းအား အကြောင်းမဲ့မီးရှို့ဖျက်ဆီး



**နေပြည်တော် မတ် ၁၇**

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ပြည်သူလူထုအကြား စိုးရိမ်ထိတ်လန့်မှုများ ဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ ဌာနဆိုင်ရာအဆောက်အအုံများ၊ လမ်းတံတားများနှင့် စာသင်ကျောင်းများအား အကြမ်းဖက်ဖောက်ခွဲမှုများပြုလုပ်ခြင်း၊ ပစ်ခတ်တိုက်ခိုက်မှုများပြုလုပ်ခြင်းနှင့် နိုင်ငံ့ဝန်ထမ်းများကို ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် အခြားဘာသာရေးဆိုင်ရာ အဆောက်အဦအုံများကိုပါ မီးရှို့ဖျက်ဆီးခြင်း၊ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခြင်းနှင့် မိုင်းထောင်ဖောက်ခွဲခြင်းတို့ကို စိတ်နှလုံးညှိုးနွမ်းဖွယ်ရာ ပြုလုပ်လျက်ရှိသည်ကို တွေ့ရှိရသည်။

မတ် ၁၆ ရက် မွန်းလွဲ ၃ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် လှိုင်သာယာရပ်ကွက် စိတ်ကျာလာလမ်း ဗိုးခွားဖုံနယ် ခရစ်ယာန်ဘာသာရေးကျောင်းအား အကြမ်းဖက်အဖွဲ့က မီးရှို့ဖျက်ဆီးမှုကြောင့် မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်မီးငြိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီ ၅ မိနစ်အတွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် သွပ်မိုး၊ ပျဉ်ခင်း၊ အုတ်နံကပ် နှစ်ထပ်အဆောက်အအုံ တစ်လုံး တန်ဖိုးငွေကျပ် ၄၈ သိန်းခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ ခရစ်ယာန်ဘာသာရေးကျောင်းအား မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၁၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရွန်နစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မွန်ပြည်နယ် မော်လမြိုင်မြို့နယ်နေ ဒေါက်တာ ကိုသုဇင်သည် ၎င်းအသုံးပြုသည့် “Ko Thu Zin” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် အမှတ်(၂၀)ရပ်ကွက် မင်းရာဇာလမ်း “ချမ်းသာ”အဆောင်နေ ဇော်မင်းထိုက် (ခ)ကုလား (၃၆)နှစ်သည် ၎င်းအသုံးပြုသည့် “ကိုကို” Facebook အကောင့်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ကြည်သာအရှေ့ကျေးရွာနေ ကြည်ဇင်စိုး(၁၇)နှစ်သည် ၎င်းအသုံးပြုသည့် “Kyizin soe” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်၌ PDF အမည်ခံအကြမ်းဖက်သမားများက ဒေသခံပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသူ အထက်တန်းသူနာပြုဆရာမ တစ်ဦးနှင့် အပြစ်မဲ့ပြည်သူ သုံးဦးတို့ကို ရက်စက်စွာ လုပ်ကြံသတ်ဖြတ်

နေပြည်တော် မတ် ၁၇

**နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများအနေဖြင့် ပြည်သူလူထုများအကြား စိုးရိမ်ထိတ်လန့်မှုများ ဖြစ်ပေါ်လာစေရန်၊ အုပ်ချုပ်ရေးယန္တရားများရပ်တန့်စေရန်နှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် ရည်ရွယ်၍ အဖျက်အမှောင့်လုပ်ငန်းများနှင့် နိုင်ငံ့ဝန်ထမ်းများကို လုပ်ကြံသတ်ဖြတ်ခြင်းများကို ကျူးလွန်လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရသည်။**

ထိုသို့ ကျူးလွန်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် ကြွေကျေးရွာ ကြွေတိုက်နယ်ဆေးရုံသို့ မတ် ၁၆ ရက် နံနက် ၁၀ နာရီ ၅ မိနစ်တွင် PDF အမည်ခံ အကြမ်းဖက်သမား ၃၀ ခန့်ရောက်ရှိလာပြီး ဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာနေ အထက်တန်းသူနာပြု ဆရာမဖြစ်သူ ကလေးဝမြို့နယ် အမှတ်(၂)ရပ်ကွက်နေ ဒေါ်ခင်သန္တာမြင့် (၄၂)နှစ် (ဘ) ဦးလှအောင်နှင့် ခင်ပွန်းဖြစ်သူ ဦးသန်းနိုင်ဦး(၃၉)နှစ်(ဘ)ဦးဘပု၊ ဆေးရုံသို့ ရောက်ရှိနေသည့် အဆိုပါကျေးရွာနေ ကြွေတိုက်နယ် ဆေးရုံမြေအလှူရှင် ဦးခင်မောင်တိုး (၄၆) နှစ်နှင့် ဆေးရုံ အဆောက်အအုံအလှူရှင် ဦးနိုင်လင်းထွန်း (၃၂) နှစ် (ဘ)ဦးခွေးမောင်တို့ လေးဦးကို ဆေးရုံလူနာဆောင်အတွင်းသို့ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း၊ အထက်တန်းသူနာပြုဆရာမ ဒေါ်ခင်သန္တာမြင့်ကိုCDM တွင် ပါဝင်ခြင်းမရှိဘဲ ဒေသခံပြည်သူများအား ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိခြင်းကြောင့် လည်းကောင်း၊ ဦးသန်းနိုင်ဦး၊ ဦးခင်မောင်တိုးနှင့် ဦးနိုင်လင်းထွန်းတို့ သုံးဦးကို “ဒလန်များ”ဟု လည်းကောင်း စွပ်စွဲပြောဆို၍ ဓားများဖြင့် ရက်စက်စွာ ဝိုင်းဝန်းထိုးခုတ်သတ်ဖြတ်ခဲ့သဖြင့် အထက်တန်းသူနာပြုဆရာမအပါအဝင် ၎င်းတို့လေးဦးမှာ ရရှိဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသူ အထက်တန်းသူနာပြုဆရာမနှင့် အပြစ်မဲ့ပြည်သူ သုံးဦးတို့ကို ရက်စက်စွာ သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး နယ်မြေခံ တပ်မတော် စစ်ကြောင်းများနှင့် ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

ပြုလုပ်လျက်ရှိသည့်အပြင် လူငယ်၊ လူရွယ်များအား နိုင်ငံ့ဝန်ထမ်းပီသစွာ စာပေသင်ကြားပြသပေးလျက်ရှိသည့် ဆရာ ဆရာမများကို အကြမ်းဖက်ခြိမ်းခြောက်ခြင်းများနှင့် လုပ်ကြံပစ်ခတ်သတ်ဖြတ်ခြင်းများကို ပြုလုပ်လျက်ရှိသည်ကို တွေ့ရှိရသည်။

ထိုသို့ ပြုလုပ်လျက်ရှိရာ မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် မြို့စိုး(မြောက်)ကျေးရွာနေ ကမ်းမဖြူ အခြေခံပညာအလယ်တန်းကျောင်းခွဲမှ မူလတန်းကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်စိန်(ခ) မြင့်မြင့်စိန် (၅၇)နှစ် (ဘ) ဦးထွန်းတင်သည် ၎င်း၏နေအိမ်၌ ရှိနေစဉ် မတ် ၁၆ ရက် နံနက် ၈ နာရီ မိနစ် ၄၀ တွင် PDF အမည်ခံ အကြမ်းဖက်သမား ခြောက်ဦး ရောက်ရှိလာပြီး ဒေါ်မြင့်စိန် (ခ) မြင့်မြင့်စိန် ကို “CDM မလုပ်ဘူးလား” ဟု ခြိမ်းခြောက်ကာ “ဒလန်” ဟု စွပ်စွဲပြောဆို၍ ဓားဖြင့် ထိုးခုတ်သတ်ဖြတ်ခဲ့သဖြင့် လည်ဂုတ် ပြတ်ရှဒဏ်ရာရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ကြောင်း သိရသည်။

အလားတူ ယနေ့ နံနက် ၄ နာရီ ၄၅ မိနစ်တွင် မင်းတုန်းမြို့နယ် အမှတ်(၃)ရပ်ကွက်ရှိ မင်းတုန်း အခြေခံပညာအထက်တန်းကျောင်းအား အကြမ်းဖက်သမားများက ဂက်(စ်)ဘူး သုံးဘူးကို ဆိုင်ကယ်ကျွတ်စဖြင့်ပတ်ကာ ခာတ်ဆီလောင်း၍ ကျောင်းခြံစည်းရိုးအပြင်မှ မီးရှို့ပစ်ပေါက်ခဲ့သဖြင့် ကျောင်းအုပ်ကြီးရုံးခန်းအပြင်ဘက် ဝရန်တာသို့ ကျရောက်ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။ ပေါက်ကွဲမှုကြောင့် ကျောင်းခြံစည်းရိုး အုတ်တံတိုင်း ပျက်စီး၍ ကျောင်းအုပ်ကြီးရုံးခန်း တံခါးမကြီး၏ မှန်များ၊ ပြတင်းပေါက်မှန်များနှင့် အဋ္ဌမတန်း(က) စာသင်ဆောင် အခန်းတံခါးမကြီး၏မှန်များ ကွဲအက် ပျက်စီးခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ ကလေးသူငယ်များ အေးချမ်းစွာ ပညာသင်ကြားလျက်ရှိသည်ကို မလိုလားဘဲ စာသင်ကျောင်းများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းနှင့် နိုင်ငံ့ဝန်ထမ်းပီသစွာ စာပေသင်ကြားပေးလျက်ရှိသည့် ဆရာ ဆရာမများအား လုပ်ကြံသတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိရေးနှင့် ကျောင်းသားကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

### မနက်ဖြန်အတွက် ခန့်မှန်းချက်

**နေပြည်တော် မတ် ၁၇**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## သတင်းထုတ်ပြန်ချက်
## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**❐ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်**

# တရားမဝင် ကျွန်းသစ်နှင့် လိုင်စင်မဲ့မော်တော်ယာဉ် ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၇**
တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မတ် ၁၃ ရက်တွင် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းရှိ တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ သတင်းအရ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မိုင်တိုင်အမှတ် ၉၆ မိုင် ၅ ဖာလုံ ရှောင်ကွင်းလမ်းအတွင်းမှ ထွက်ခွာလာသည့် Toyota Wish အမျိုးအစား လိုင်စင်မဲ့ မော်တော်ယာဉ် တစ်စီး ခန့်မှန်း တန်ဖိုးငွေကျပ် ၅၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။



ထို့အတူ ယနေ့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီးသစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က သတင်းအရ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင် သစ်တောကြိုးဝိုင်းအတွင်း တရားမဝင်ကျွန်းသစ် ၆ ဒသမ ၀၄၁၄ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၁၂၄၂၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မတ် ၁၃ ရက်နှင့် ၁၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၁၂၄၂၀ ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ် ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် မတ် ၁၇**
အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ် ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းမြို့နေ ခင်စန်းဝေ(ခ) ခင်သန်းဝေ၊ ပိုးပိုး(ခ)ပိုးအိဝင်းနှင့် လှရွှေ(ခ)ချစ်ဆွေဦးတို့က စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နေ မ XXX ၊ ၂၀ နှစ်ကို တရုတ်နိုင်ငံရှိ အထည်ချုပ်စက်ရုံတွင် အလုပ်လုပ်ကိုင်ပါက တစ်လလျှင် ယွမ် ၃၀၀၀ ကျော် ရရှိမည်ဟု ပြောဆိုစည်းရုံး၍ တရုတ်နိုင်ငံရှိ တရုတ်ယောကျ်ားထံ ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ်များရယူခဲ့သဖြင့် မုံရွာမြို့မရဲစခန်း(ပ) ၅၁၀/ ၂၀၂၀၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄/ ၃၂ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး မုံရွာခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ မတ် ၁၅ ရက်တွင် တရားခံ ခင်စန်းဝေ(ခ)ခင်သန်းဝေ၊ ပိုးပိုး(ခ) ပိုးအိဝင်းနှင့် လှရွှေ(ခ)ချစ်ဆွေဦးတို့ သုံးဦးကို လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/ ၃၂ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ကျခံစေရန် အမိန့် ချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၇**
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မတ် ၇ ရက်မှ ၁၃ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၃၈ ဒသမ ၅၁၄၂ တန်၊ သစ်မာ ၅၁ ဒသမ ၀၃၀၈ တန်၊ အခြားသစ် ၁၉၈ ဒသမ ၀၀၈၈ တန် စုစုပေါင်း ၂၈၇ ဒသမ ၅၅၃၈ တန်၊ တရားခံ ၃၁ ဦးနှင့် ယာဉ်/ယန္တရား ၂၄ စီးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

သတင်းစဉ်



# နိုင်ငံတစ်ဝန်း အခြေခံပညာကျောင်းများ၌ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် နှစ်ဆုံးစာမေးပွဲများ အေးချမ်းစွာ စတင်ဖြေဆို

**၂၀၂၁-၂၀၂၂ ပညာသင်နှစ် အခြေခံပညာအဆင့်အလိုက် အခြေခံပညာ မူလတန်းအဆင့် ကျောင်းတွင်းစစ်နှစ်ဆုံးစာမေးပွဲများနှင့် အခြေခံပညာအလယ်တန်းအဆင့် (Grade – 9) စာမေးပွဲများကို နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများ၌ မတ် ၁၇ ရက်မှစ၍ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ စတင်ဖြေဆို လျက်ရှိသည်။**



မူဆယ်မြို့နယ်ရှိ အခြေခံပညာကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုကြစဉ်။

## သဲကုန်း

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်တွင် ကျောင်းတွင်းစစ်နှစ်ဆုံးစာမေးပွဲများကို မူလတန်းအဆင့် သင်ရိုးသစ် Grade – 4 နှစ်ဆုံးစစ်ဆေးခြင်းနှင့် အခြေခံပညာအလယ်တန်းအဆင့် နှစ်ဆုံးစစ်ဆေးခြင်းကို မတ် ၁၇ ရက်မှ ၁၉ ရက်အထိ တစ်ရက်လျှင် နှစ်ဘာသာနှုန်းဖြင့် ဘာသာရပ်တစ်ခုလျှင် စာသင်ချိန် တစ်ချိန်စာ စစ်ဆေး၍ အလယ်တန်းပြီးမြောက်မှုစာမေးပွဲ (Grade- 9) နှင့် အထက်တန်းအဆင့် စာမေးပွဲများကို မတ် ၁၇ ရက်မှ ၂၃ ရက်အထိ တစ်ရက်လျှင် တစ်ဘာသာနှုန်းဖြင့် ဘာသာရပ်တစ်ခုလျှင် နှစ်နာရီကြာ ဖြေဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

သဲကုန်းမြို့နယ်တွင် အခြေခံပညာကျောင်းပေါင်း ၁၉၄ ကျောင်းနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းပေါင်း တစ်ကျောင်းရှိပြီး အခြေခံပညာကျောင်းများတွင် နှစ်ဆုံးစာမေးပွဲများကို ကျောင်းသား ကျောင်းသူများက အေးချမ်းစွာ ဖြေဆိုလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပေါက်ခေါင်း

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်တွင် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြခံပညာကျောင်းများတွင် အတန်းတင်စာမေးပွဲကို ယနေ့နံနက် ၉ နာရီမှ စတင်ဖြေဆိုလျက်ရှိရာ ပေါက်ခေါင်းမြို့နယ်ရှိ အခြေခံပညာကျောင်းပေါင်း ၂၁၈ ကျောင်းမှ ကျောင်းသား ကျောင်းသူများ အတန်းတင်စာမေးပွဲကို မိမိတို့ သက်ဆိုင်ရာကျောင်းများအလိုက် စိတ်အေးချမ်းစွာ ဖြေဆိုလျက်ရှိသည်။

အဆိုပါ စာမေးပွဲများကို စတုတ္ထတန်းမှ သတ္တမတန်းအထိ ကျောင်းသား ကျောင်းသူများ တစ်နေ့လျှင် နှစ်ဘာသာနှုန်းဖြေဆိုရမည်ဖြစ်ပြီး အဋ္ဌမတန်းမှာ တစ်ရက်လျှင် တစ်ဘာသာနှုန်းဖြင့်သာ ဖြေဆိုရမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**သန်းထွန်းအောင်(ပြန်/ဆက်)**

## အိမ်မဲ

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်တွင် မတ် ၁၇ ရက် နံနက် ၉ နာရီမှစတင်၍ အခြေခံပညာကျောင်းများ၌ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် အခြေခံပညာအလယ်တန်းဆင့်(အဋ္ဌမတန်း) နှစ်ဆုံးစာမေးပွဲ စတင်ဖြေဆိုနေကြောင်း သိရသည်။

အိမ်မဲမြို့နယ်တွင်၂၀၂၁-၂၀၂၂ အဋ္ဌမတန်းနှစ်ဆုံး စာမေးပွဲကို စာစစ်ဌာန ၄၁ ခုဖြင့် စာရင်းရှိ ၁၄၅၈ ဦး၊ ဖြေဆို ၁၄၁၉ ဦးနှင့် ပျက်ကွက် ၄၉ ဦးရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ချစ်သက်လယ်(အိမ်မဲ)**



အိမ်မဲမြို့နယ်၌ အခြေခံပညာအလယ်တန်းအဆင့် နှစ်ဆုံးစာမေးပွဲဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။

## မင်းလှ

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာအဆင့်လိုက် တတ်မြောက်မှု နှစ်ဆုံးစာမေးပွဲဖြေဆိုခြင်းကို မတ် ၁၇ ရက် နံနက်ပိုင်းက စတင်ဖြေဆိုကြသည်။

မင်းလှမြို့နယ်တွင် အခြေခံပညာကျောင်းပေါင်း ၁၅၅ ကျောင်းနှင့် ဘုန်းတော်ကြီးသင်ကျောင်း လေးကျောင်း စုစုပေါင်း ၁၅၉ ကျောင်းရှိရာ Grade- 4 မှ Grade- 11 အထိ အထက်တန်း၊ အလယ်တန်း၊ မူလတန်း၊ ကျောင်းသား ကျောင်းသူများအား သက်ဆိုင်ရာကျောင်းများတွင် စာစစ်ဌာနများ ဖွင့်လှစ်၍ ဖြေဆိုလျက်ရှိကြောင်း၊ Grade- 9 ကျောင်းသား ကျောင်းသူများအတွက် စာစစ်ဌာန ၂၆ ခု ဖွင့်လှစ်၍ကျင်းပခဲ့ရာ ကျောင်းသား ကျောင်းသူ ၇၁၇ ဦး ဝင်ရောက်ဖြေဆိုခဲ့၍ ၇၇ ဒသမ ၆၈ ရာခိုင်နှုန်းဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ပေါက်စ(မင်းလှ)**



မင်းလှမြို့နယ်၌ အခြေခံပညာကျောင်းသား ကျောင်းသူများ အေးချမ်းစွာ စာမေးပွဲဖြေဆိုကြစဉ်။

## မူဆယ်

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် အခြေခံပညာအလယ်တန်းအဆင့် (အဋ္ဌမတန်း) ကျောင်းသား ကျောင်းသူများ နှစ်ဆုံး စာမေးပွဲဖြေဆိုခြင်းကို အ.ထ.က အမှတ်(၁)၊ (၂)၊ (၃) နှင့် "အောင်" ကိုယ်ပိုင်အထက်တန်းကျောင်းတို့တွင် ယနေ့နံနက် ၉ နာရီက စတင်ဖြေဆိုသည်။

အဆိုပါ ဖြေဆိုရာတွင် အ.ထ.က(၁)ကျောင်းတွင် ဖြေဆိုသူ ၃၆ ဦး၊ အမှတ်(၂)ကျောင်းတွင် ဖြေဆိုသူ ၆၇ ဦး၊ အမှတ်(၃)ကျောင်းတွင် ဖြေဆိုသူ ၄၄ ဦးနှင့် အောင် ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ဖြေဆိုသူ ၃၂ ဦး စုစုပေါင်းဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၁၇၉ ဦးရှိကြောင်း သိရသည်။

**ချယ်ရီမြေ(မူဆယ်)**

## တနင်္သာရီ

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်တွင် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် အဋ္ဌမတန်း(Grade-9) ဒုတိယနှစ်ဝက်ပြီးဆုံးခြင်းစာမေးပွဲကို စာစစ်ဌာန ၁၆ ခုတွင် မတ် ၁၇ ရက် နံနက် ၉ နာရီက စတင်ဖြေဆိုကြကြောင်း သိရသည်။

အဆိုပါ စာမေးပွဲကို စာစစ်ဌာနများအလိုက် ကြီးကြပ်ရေးမှူးနှင့် လက်ထောက်ကြီးကြပ်ရေးမှူးများက ကြီးကြပ်လျက်ရှိပြီး စာရင်းရှိ ကျောင်းသား ကျောင်းသူ ၃၇၁ ဦးရှိသည့်အနက် ကျောင်းသား ၁၃၀၊ ကျောင်းသူ ၁၉၉ ဦး စုစုပေါင်း ၃၂၉ ဦး ဝင်ရောက်ဖြေကြသဖြင့် ဖြေဆိုမှုရာနှုန်းမှာ ၈၈ ဒသမ ၆၈ ရာခိုင်နှုန်းဖြစ်ပြီး ပျက်ကွက်ရာနှုန်းမှာ ၁၁ ဒသမ ၃၂ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။ အဆိုပါ စာမေးပွဲကို တစ်ရက်လျှင် တစ်ဘာသာနှုန်းဖြင့် မတ် ၂၃ ရက်အထိ စစ်ဆေးဖြေဆိုကြမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

အလားတူ တက္ကသိုလ်ဝင်တန်းအကြိုစာမေးပွဲကိုလည်း မတ် ၁၇ ရက်မှစ၍ တစ်နေ့လျှင် တစ်ဘာသာနှုန်းဖြင့် နေ့စဉ် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ သက်ဆိုင်ရာကျောင်းအလိုက် ဖြေဆိုကြကြောင်း၊ Grade-1 မှ Grade-10 အထိကို အတန်းပြီးမြောက်ကြောင်း စာမေးပွဲစတင်ဖြေဆိုလျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**နန်းသာရီ(ထိန်ဝင်း)**

## ကြို့ပင်ကောက်

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်တွင် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် နှစ်ဆုံး စာမေးပွဲများ အေးချမ်းစွာ ကျင်းပလျက်ရှိကြောင်း၊ Grade-9 ကျောင်းသား ကျောင်းသူများအား စာစစ်စင်တာ ၂၃ ခု ဖွင့်လှစ်၍ ကျင်းပခဲ့ရာ Grade-9 ကျောင်းသား ကျောင်းသူ ၆၀၀၊ (၈၅ ဒသမ ၉၆ ရာခိုင်နှုန်း) ဝင်ရောက်ဖြေဆိုခဲ့ကြောင်း သိရသည်။

ကြို့ပင်ကောက်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၁၇၂ ကျောင်းတွင် Grade- 4 မှ Grade- 11 အထိ အထက်တန်း၊ အလယ်တန်း၊ မူလတန်း၊ ကျောင်းသား ကျောင်းသူများအား သက်ဆိုင်ရာကျောင်းများတွင် စာစစ်ဌာနများ ဖွင့်လှစ်၍ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် နှစ်ဆုံးစာမေးပွဲများအား သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများက အနီးကပ်ကြီးကြပ်ကာ အေးချမ်းစွာ ဖြေဆိုလျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

## ကရသူရိ

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ကရသူရိမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ကျောင်းတွင်းစစ် နှစ်ဆုံးစာမေးပွဲကို ယနေ့နံနက် ၉ နာရီမှစ၍ ကျောင်းသား ကျောင်းသူများက အေးချမ်းစွာ ဖြေဆိုလျက်ရှိကြောင်း သိရသည်။

ကရသူရိမြို့ အထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများ နှစ်ဆုံး(တိုင်းစစ်)စာမေးပွဲအား အေးချမ်းသာယာစွာနှင့် အောင်မြင်ချောမွေ့စွာ ဖြေဆိုနိုင်ရေး ကျောင်းအတွင်းအပြင် လုံခြုံရေး၊ ကျောင်းသား ကျောင်းသူများ၏ လုံခြုံရေးကို မြို့အဆင့်ဌာနဆိုင်ရာများ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ ဝင်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထိုနှစ်ဆုံးစာမေးပွဲကို နံနက် ၉ နာရီမှ ၁၁ နာရီအထိ (Grade-9)၊ (Grade-10)၊ (Grade-11) ကျောင်းသား ကျောင်းသူများက ဖြေဆိုလျက်ရှိပြီး မွန်းလွဲ ၁ နာရီမှ ၃ နာရီ ၁၅ မိနစ်အထိ (Grade-4)၊ (Grade-6)၊ (Grade-7)နှင့် (Grade-8)ကျောင်းသား ကျောင်းသူများ ဖြေဆိုရမည်ဖြစ်ကြောင်း သိရသည်။

**ကရသူရိ(ပြန်/ဆက်)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၈-၃-၂၀၂၂ သောကြာနေ့

**MRTV HD**

၀၆:၀၀ မေတ္တသုတ်၊ ရတနသုတ်၊ ဓာဇဂ္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ ပြည်သူအားလုံးနှင့်သက်ဆိုင်သော အနာဂတ် ဒီမိုကရေစီ
၀၉:၁၀ မျက်မှောက်ရေးရာအဖြာဖြာ
၀၉:၃၀ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာများ(မြန်မာစာဘာသာရပ်)
၀၉:၄၅ Soccer View
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၀ လူမှုစီးပွားမြင်ကွင်းများ
၁၂:၃၀ မြန်မာဇာတ်လမ်းတွဲ 'ရပ်ကွက်ထဲမှာဒီလိုပဲ' (အပိုင်း-၉)
၁၃:၃၀ MRTV National News
၁၅:၀၀ အခြေခံပညာအထက်တန်းအဆင့် Grade-11 ဘာသာရပ်ဆိုင်ရာသင်ခန်းစာများ (ပထဝီဝင်ဘာသာရပ်)
၁၆:၃၅ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာများ (အင်္ဂလိပ်စာဘာသာရပ်)
၁၇:၃၅ လူငယ်မျိုးဆက်သစ်အစီအစဉ်
၁၇:၄၀ Weekly Sport Info
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၀ သုတဝေဖြာ သီရိဂေဟာ
၁၉:၂၀ မြန်မာဇာတ်လမ်းတွဲ 'ရပ်ကွက်ထဲမှာဒီလိုပဲ' (အပိုင်း-၁၀)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်း 'ကြယ်နှင့်အတူ' (အပိုင်း-၁၄)
၂၁:၄၅ 'ငွေဦးကုံကော်' တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်

**mitv**

07:02 Myitta Phyan Mha Lenn Senn Mal (Thida Theint)
07:09 Gardener of Royal Thazin Floral
07:29 South Okkalapa Pagoda
07:46 Myanmar Masterclass: Artist Hla Phone Aung
08:01 Myanmar Puppeteers (Zawgyi Dance)
08:09 Mogok, Ruby Land
08:26 Daytamotbarat Sasana Land
08:48 Farming: Duck Breeder
09:01 News
09:26 Global Partnership for Brighter Future: ASEAN Pavilion at Expo 2020 Dubai
09:36 Myanmar Delicate Artistic Creations - Gem Stone Painting
09:54 Sticky Shan Snack
10:01 Traditional Snacks

**MRTV NRC**

ဝကောကရင် (၀၆:၀၀ မှ ၀၇:၀၀)
တစ်နိုင်တစ်ပိုင်စိုက်ပျိုးနိုင်တဲ့ငွေနှင်းမှို

အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)
ဒေသတစ်လျှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၁)

အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)
သွားပိုးစားခြင်းအကြောင်းသိကောင်းစရာ

ချင်း (လိုင်းဇိုး) (၀၉:၀၀ မှ ၁၀:၀၀)
နလုံးကျန်းမာရေးအကြောင်းသိကောင်းစရာ

ချင်း (ဇိုမီး) (၁၀:၀၀ မှ ၁၁:၀၀)
တောင်ယာခုတ်ရန်ဆုတောင်းခြင်း

မွန် (၁၁:၀၀ မှ ၁၃:၀၀)
ငါးနှပ်မရမ်းပြားမွှန်ချက်

ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)
ပင်မြင့်သဇင်ပန်းတော်ဝင်

ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)
ကျိုင်းတုံမြို့

ဝ (၁၇:၀၀ မှ ၁၉:၀၀)
စာအတူတူဖတ်ကြရအောင်

ကချင် (၁၉:၀၀ မှ ၂၁:၀၀)
အပဲစင်းကော

ကယား (၂၁:၀၀ မှ ၂၃:၀၀)
ကယားတိုင်းရင်းသားများရဲ့နာမည်မှည့်ခေါ်ခြင်း

**MRTV NEWS**

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၃၅ အားကစားသတင်း
၀၇:၃၅ အသိပညာနှင့်အမှန်တရား
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၁၀:၀၀ နိုင်ငံတကာသတင်း (LIVE)
၁၂:၃၅ Soccer View
၁၃:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ နိုင်ငံတကာသတင်း (LIVE)
၂၁:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း (LIVE)

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အကျိုးပျက်ဆီးမှုအကြောင်းသိမှတ်ဖွယ်ရာ'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၃)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ) (အပိုင်း-၂)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၃)

**MRTV FARMERS'**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၃၀ သီးနှံအရည်အသွေးမှန်ကန်နိုင်ရေး နည်းစနစ်ကျကျစိုက်ပျိုးပေး
၀၆:၄၅ ပန်းနေကြာ
၀၈:၀၀ ကျေးလက်တွန်ရက်
၀၈:၂၀ မင်းဘူးဒေသထွက်ကညွတ်သီးနှံ
၀၉:၅၅ သီးနှံဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝမြေဆွေးမြေသြဇာပြုလုပ်သုံးစွဲနည်း

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို ဝနေ့တနင်္ဂနွေမှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ဘူးသီးတောင်မြို့နယ်အတွင်း မေယု FM ရေဒီယိုဖမ်းယူရရှိမှု အခြေအနေ စစ်တမ်းကောက်ယူ

**ဘူးသီးတောင် မတ် ၁၇**

အာဆီယံအရေးပေါ်တုံ့ပြန်ရေးနှင့် ဆန်းစစ်လေ့လာရေးအဖွဲ့၏ ကနဦး လိုအပ်ချက် ဆန်းစစ်လေ့လာမှုအစီရင်ခံစာ (Preliminary Needs Assessment-PN) တွင်ပါဝင်သော အကြံပြုချက်များနှင့်အညီ ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်အကောင်အထည်ဖော်ရေးအတွက် အာဆီယံနှင့်မြန်မာနိုင်ငံမှ သက်ဆိုင်ရာဝန်ကြီးဌာနများအကြား နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့၏ ပထမအဆင့် ဦးစားပေးစီမံကိန်းခုနစ်ခုကို အကောင်အထည်ဖော်ဆောင်လျက်ရှိရာ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်အတွင်း၌မေယု FM ရေဒီယိုအစီအစဉ်များကို ဖမ်းယူနားဆင်မှုနှင့်ပတ်သက်၍ ပရိသတ်၏ သဘောထားအမြင်များအား စစ်တမ်းကောက်ယူခြင်းကို ယနေ့နံနက် ၈ နာရီမှစတင်၍ ဘူးသီးတောင်မြို့ အမှတ်(၁)ရပ်ကွက်တွင် မြေပြင်ကွင်းဆင်းဆောင်ရွက်သည်။(ယာပုံ)

မေယု FM ရေဒီယိုနားထောင်မှုဆိုင်ရာ စစ်တမ်းကောက်ယူရာတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးအောင်နှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ(ဘူးသီးတောင်)မှ စက်ရုံတာဝန်ခံ ဦးညီညီသန့်တို့က မေယု FM ရေဒီယိုနားထောင်မှုဆိုင်ရာ စစ်တမ်းကောက်ယူခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ မေယု FM ရေဒီယိုနားထောင်မှုဆိုင်ရာ စစ်တမ်းများကောက်ယူခဲ့ပြီး စစ်တမ်းဖြည့်သွင်းသူများထံ လက်ဆောင်ပစ္စည်းများ ပေးအပ်ကြောင်း သိရသည်။

အဆိုပါ မေယု FM ရေဒီယိုနားထောင်မှုဆိုင်ရာ ပရိသတ်များ စစ်တမ်းများကောက်ယူရာတွင် ဘူးသီးတောင်မြို့ အမှတ် (၁) ရပ်ကွက်ရှိ ပြည်သူ ၂၅၀ တို့က စစ်တမ်းဖြည့်သွင်းခဲ့ကြပြီး အမှတ်(၁)ရပ်ကွက်ရှိ ဦးမူဟာမတ်ဟူဆိမ်းမှ မေယု FM ရေဒီယိုနားဆင်ရခြင်းနှင့်ပတ်သက်၍ အသံကြည်လင်ပြတ်သားမှုရှိပြီး ပြည်တွင်းသတင်းများ၊ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးသတင်းများကို ကြိုက်နှစ်သက်ပြီး ကျန်းမာရေးသတင်းများ၊ ကိုဗစ်-၁၉ သတင်းများနှင့်နိုင်ငံတော်အကြီးအကဲများ၏ လှုပ်ရှားမှုသတင်းများအား ထပ်မံထုတ်လွှင့်ပေးစေလိုကြောင်း အကြံပြုပြောကြားသည်။ **မြို့နယ် (ပြန်/ဆက်)**



## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၇-၃-၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၂၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၀၁၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၂၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၀၁၂၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၈၂၀/၁၉၀၀ ကျပ် | ၁၉၁၅/၁၉၃၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၈၃၅/၁၉၁၅ ကျပ် | ၁၉၄၀/၁၉၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၈၅၀/၁၉၁၅ ကျပ် | ၁၉၅၅/၁၉၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၉၂၅/၁၉၉၅ ကျပ် | ၂၀၈၀/၂၁၀၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၆၃ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၁၁ . ၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၅၃၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၉၈ . ၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၃ . ၈၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၈၀ . ၀၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၄၅၂ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၀၀၀ | ၈၀၀၀ | ၁၉၂ | ၁၅၃၆၀၀၀ |
| MTSH | ၂၈၅၀ | ၂၈၀၀ | ၁၄၀၃ | ၃၉၅၀၃၅၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၅ | ၃၉၅၀၀ |
| FPB | ၁၈၅၀၀ | ၁၈၅၀၀ | ၅၀ | ၉၂၅၀၀၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၁ | ၂၆၀၀ |
| EFR | ၂၇၀၀ | ၂၇၅၀ | ၃၄၅ | ၉၃၀၇၅၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# အရွယ်ရောက်သူတိုင်း နိုင်ငံသားကတ်ရှိဖို့လိုသည်

မြင့်မောင်စိုး

မြန်မာနိုင်ငံ၌ လာမည့်ရွေးကောက်ပွဲတွင် အရွယ်ရောက်သူတိုင်း မဲပေးခွင့်ရရှိရေးကို အကြောင်းပြု၍ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပြုလုပ်ပေးလျက်ရှိရာ ယခုအခါ အဆိုပါ ပန်းခင်းစီမံချက်လုပ်ငန်းကြီး သတ်မှတ်ကာလအတွင်း ပြီးစီးအောင်မြင်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ပန်းခင်းစီမံချက်လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ကြုံတွေ့လာသည့် အခက်အခဲများကြားမှ စီမံချက် လျာထားချက်အတိုင်း ပြီးစီးအောင်မြင်အောင် ဆောင်ရွက်နိုင်မည့် အကြံပြုသုံးသပ် ညှိနှိုင်းအစည်းအဝေးကို ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂၄ ရက်က နေပြည်တော်ရှိအဆိုပါဝန်ကြီးဌာန၌ ပြုလုပ်ခဲ့ပါသည်။

**တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်**

ယင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက နောင်လာမည့်ရွေးကောက်ပွဲတွင် နိုင်ငံသားဆိုင်ရာ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးအတွက် စိစစ်ချက်အရ ၁၆ နှစ်နှင့် အထက်ရှိသူ ၃ ဒသမ ၄ သန်းကျော်ကို ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးနိုင်ရန် ပန်းခင်းစီမံချက် ရေးဆွဲဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ပန်းခင်းစီမံချက်သည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၂၀၂၁ ခုနှစ် မေလ ၃ ရက်မှ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃ ရက်အထိ ၁၈ လကြာ ဆောင်ရွက်ရမည့်စီမံချက် တစ်ခုဖြစ်ပါကြောင်း၊ ယခုအခါ စီမံချက်ကာလ ၁၀ လကြာရှိပြီဖြစ်ကြောင်း ထည့်သွင်းပြောကြားသွားခဲ့ပါသည်။

ယခုအခါ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တို့သည် တိုင်းလုံးကျွတ်လျာထားချက် ရာနှုန်းပြည့် ပြီးစီးအောင်မြင်ပြီးဖြစ်ကြောင်း၊ လျာထားချက်မပြီးသေးသော်လည်း လျာထားချက်၏ ၉၀ ရာခိုင်နှုန်းအထက် ပြီးစီးမှုမှာ မကွေး၊ တနင်္သာရီနှင့် မန္တလေးတိုင်းဒေသကြီးတို့ဖြစ်ကြောင်း၊ လက်ရှိကာလအထိ ပြီးစီးရမည့် လျာထားချက်အောက်တွင် ချင်းပြည်နယ်၊ ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိနေသည်ကို တွေ့ရကြောင်း၊ အခက်အခဲအဟန့်အတားများ ရှိသော်လည်း ဖြစ်နိုင်သမျှ နည်းလမ်းရှာကြံကာ လျာထားချက်အောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရပါသည်။

**မိုးပွင့်စီမံချက်၏ အဆက်**

ဤပန်းခင်းစီမံချက်သည် ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်ကာလက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဆောင်ရွက်ခဲ့သည့် မိုးပွင့်စီမံချက်၏ အဆက်ဖြစ်ကြောင်း၊ မိုးပွင့်စီမံချက်ဖြင့် နိုင်ငံတစ်ဝန်း နိုင်ငံသားစိစစ်ရေးကတ်ပြားပေါင်း ၈ ဒသမ ၄ သန်း ထုတ်ပေးနိုင်ခဲ့ကြောင်း၊ ယင်းနောက် သစ္စာစီမံချက်ကို ချမှတ်ကာ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ နိုင်ငံသားစိစစ်ရေးကတ်ပြားပေါင်း ၆ ဒသမ ၂ သန်းကိုလည်း ထုတ်ပေးနိုင်ခဲ့ကြောင်း၊ ထို့ကြောင့် မိုးပွင့်၊ သစ္စာမှသည် ပန်းခင်းဆီသို့ ဦးတည်ရည်မှန်းကာ နိုင်ငံတစ်ဝန်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း မှတ်သားသိရှိရပါသည်။



နမ္မတူမြို့နယ် မန်စံကျေးရွာအုပ်စု၌ မြို့နယ်လဝကမှ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးအပြီး တွေ့ရစဉ်။ မြို့နယ်(ပြန်/ဆက်)

**ရှိထားသင့်သော သက်သေခံအထောက်အထား**

အမှန်တကယ်တော့ နိုင်ငံသားစိစစ်ရေးကတ်သည် အရွယ်ရောက်သူတိုင်း ရှိထားသင့်သော သက်သေခံ အထောက်အထားဖြစ်ပါသည်။ အနီးမှ ဆုံးအဆင့် ခရီးသွားလာရာတွင် လည်းကောင်း၊ လုပ်ငန်းကိစ္စတစ်ခုခု ဆောင်ရွက်လုပ်ကိုင်ရာတွင် လည်းကောင်း နိုင်ငံသားစိစစ်ရေးကတ်သည် မရှိမဖြစ် လိုအပ်မည်ဖြစ်ပါသည်။ နိုင်ငံသားစိစစ်ရေးကတ်ဖြင့်သာ လုပ်ကိုင်ဆောင်ရွက်နိုင်သော လုပ်ငန်းနေရာများစွာ ရှိပါသည်။ ဘဏ်ကိစ္စ၊ ငွေရေးကြေးရေးကိစ္စ စသည်ဖြင့် ကိစ္စများစွာအတွက် နိုင်ငံသားစိစစ်ရေးကတ်ကို အသုံးပြုရခြင်းဖြစ်ပါသည်။ မိမိသည် မည်သူမည်ဝါဖြစ်ကြောင်း၊ မည်သည့်အမျိုးအနွယ်မှ မွေးဖွား ကြီးပြင်းလာသူဖြစ်ကြောင်း၊ မည်သည့်လူမျိုး၊ မည်သည့်ဘာသာ ကိုးကွယ်ယုံကြည်သူဖြစ်ကြောင်း အတိအကျ မှတ်ပုံတင်ထားခြင်းပင်ဖြစ်သည်။ တစ်နည်းဆိုရလျှင် မိမိကိုယ်မိမိ မည်သူမည်ဝါဖြစ်ကြောင်း နိုင်ငံတော်အစိုးရထံတွင် မှတ်ပုံတင်ထားခြင်းဖြစ်သည်။ ထို့ကြောင့်လည်း ၎င်းကတ်ပြားကို နိုင်ငံသားစိစစ်ရေးကတ်ပြား သို့မဟုတ် နိုင်ငံသားကတ် ( မှတ်ပုံတင်) ဟု ခေါ်ဆိုခြင်းဖြစ်သည်။ ထိုနိုင်ငံသားကတ်ကို ယခုလို စီမံချက်ကာလမဟုတ်ဘဲ သက်ဆိုင်ရာမြို့နယ် လဝကဦးစီးဌာနများသို့ သွားရောက်လျှောက်ထားလုပ်ကိုင်မည်ဆိုပါ လွယ်လွယ်ကူကူမဖြစ်ပါ။ အချိန်ကြာမြင့် တတ်ပါသည်။ နိုင်ငံသားကတ်ရရှိရန် ခက်ခဲတတ်ပါသည်။ ယခုလို စီမံချက်ကာလကဲ့သို့ လွယ်ကူလိမ့်မည် မဟုတ်ပါ။ ထို့ကြောင့် မိုးရွာတုန်းရေခံ၊ လသာတုန်းဗိုင်းငင် ဆိုသည့်စကားအတိုင်း အခြေအနေပေးနေသော အချိန်အခါတွင် နိုင်ငံသားကတ်ကို ပြုလုပ်ထားခြင်းဖြင့် အလွယ်တကူ ရရှိနိုင်မည် ဖြစ်ပါသည်။

**ကျပျောက်ပျက်စီးခဲ့လျှင်**

ဆိုခဲ့သည့်အတိုင်း နိုင်ငံသားကတ်သည် ရွေးကောက်ပွဲ မဲပေးနိုင်လောက်ရုံသက်သက်မျှ အသုံးဝင်ခြင်းမဟုတ်ဘဲ လူ့ဘဝအသက်ရှင်နေထိုင်သမျှ ကာလပတ်လုံး အသုံးဝင်နေမည်ဖြစ်ပါသည်။ ယခုပြုလုပ်ပေးလိုက်သော နိုင်ငံသားစိစစ်ရေးကတ် သို့မဟုတ် နိုင်ငံသားကတ် (မှတ်ပုံတင်) နံပါတ်သည် ဘဝတစ်လျှောက်လုံး အသုံးပြုရမည့် နံပါတ်ဖြစ်ပါသည်။ မတော်တဆ ကျပျောက်ပျက်စီးခဲ့လျှင် မိမိရရှိထားသော နံပါတ်အတိုင်း မိမိအားထုတ်ပေးခဲ့သော မြို့နယ်လဝကရုံးတွင် ပြန်လည်လျှောက်ထားနိုင်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် မိမိသည် ပုဇွန်တောင်မြို့နယ်ရှိ လဝကရုံး၌ လုပ်ခဲ့သည်ဆိုလျှင် ထိုရုံးမှ နံပါတ်အထောက်အထားကို ရယူပြီး နိုင်ငံသားကတ်ကို ပြန်လုပ်ရပါသည်။ ထိုအခါ နိုင်ငံသားကတ်သည် အသစ်ဖြစ်သော်လည်း အစစ်မဟုတ်တော့ဘဲ မိတ္တူသာရရှိမည် ဖြစ်ပါသည်။ စာရေးသူကိုယ်တိုင် နှစ်ကြိမ် ကျပျောက်ဖူးပါသည်။ သက်ဆိုင်ရာမြို့နယ်ရုံးသို့ သွားရောက်လုပ်ကိုင်မည်ဆိုလျှင် ထုတ်ပေးသော နိုင်ငံသားကတ်သည် အသစ်ဖြစ်သော်လည်း အစစ်မဟုတ်တော့ပါ။ မိမိနံပါတ်အဟောင်းနှင့် မိတ္တူမျှသာ ဖြစ်ပါသည်။ ဆိုလိုသည်မှာ နိုင်ငံသားတစ်ဦး နံပါတ်တစ်ခုသာရှိပါသည်။ တချို့မှတ်ပုံတင် နှစ်ခု၊ သုံးခု ကိုင်ဆောင်သည်ဟု ကြားဖူးသည်။ နိုင်ငံသားစိစစ်ရေးကတ်သည် လူတစ်ဦး တစ်ကတ်သာဖြစ်ပါသည်။ ထိုတစ်ကတ်သည်လည်း သက်ဆိုင်ရာမြို့နယ်လဝကရုံးက ထုတ်ပေးထားသော နံပါတ်သာ ဖြစ်ပါသည်။ မတော်တဆကျပျောက်ခဲ့ပါက ထိုနံပါတ်အတိုင်း ပြုလုပ်ပေးခြင်းဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံသားစိစစ်ရေးကတ်တွင် ပါသောနံပါတ်သည် သင့်အားမှတ်ပုံတင်ထားခြင်း ဖြစ်ပါသည်။ ထိုနံပါတ်သည် လူတိုင်းလူတိုင်းအတွက် အရေးကြီးသော နိုင်ငံသားစိစစ်ရေးကတ်ပြားနံပါတ်ပင် ဖြစ်ပါသည်။

**မဖြစ်မနေ ပြုလုပ်ထားသင့်**

သို့ပါ၍ နိုင်ငံသားစိစစ်ရေးကတ်သည် အရွယ်ရောက်သူတိုင်း အသုံးပြုရမည့် ကတ်ပြားဖြစ်ခြင်းကြောင့် မဖြစ်မနေ ပြုလုပ်ထားသင့်ပေသည်။ ယခုအခါ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက အသိပေးကြေညာချက်တစ်ရပ်ကိုလည်း ထုတ်ပြန်ထားပါသည်။ ထိုထုတ်ပြန်ချက်တွင် ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင် လည်းကောင်း၊ တည်းခိုနေထိုင်ရာ နေရာများတွင် လည်းကောင်း၊ နိုင်ငံသားကတ် ( မှတ်ပုံတင်) ပြသဆောင်ရွက်ရမည့် လုပ်ငန်းများတွင်လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ် (မှတ်ပုံတင်) ကို ၁-၄-၂၀၂၂ နေ့မှစ၍ ပြသစစ်ဆေးခံရမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ထို့ပြင် ထောက်ခံစာပြသ၍ ခရီးသွားလာမှုကို ခွင့်ပြုတော့မည် မဟုတ်ကြောင်း၊ နိုင်ငံသားကတ် (မှတ်ပုံတင်) အတုကိုင်ဆောင်ခြင်းနှင့် ကတ်အပိုထားရှိကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ကြောင်း သိရှိရပါသည်။ ထို့ကြောင့် အရွယ်ရောက်သူတိုင်း ပြည်သူများအနေဖြင့် ယခုကဲ့သို့ ပန်းခင်းစီမံချက်ကာလတွင် နိုင်ငံသားစိစစ်ရေးကတ်၊ နိုင်ငံသားကတ် (မှတ်ပုံတင်) ကို အချိန်မီ ပြုလုပ်ထားသင့်ပါကြောင်း အသိပေးတင်ပြလိုက်ရပါသည်။ ။

- ❑ **နိုင်ငံသားကတ်ကို ယခုလို စီမံချက်ကာလမဟုတ်ဘဲ သက်ဆိုင်ရာမြို့နယ်လဝကဦးစီးဌာနများသို့ သွားရောက်လျှောက်ထားလုပ်ကိုင်မည်ဆိုပါ လွယ်လွယ်ကူကူမဖြစ်ပါ။ အချိန်ကြာမြင့်တတ်ပါသည်။ နိုင်ငံသားကတ်ရရှိရန် ခက်ခဲတတ်ပါသည်။ ယခုလို စီမံချက်ကာလကဲ့သို့ လွယ်ကူလိမ့်မည် မဟုတ်ပါ။ ထို့ကြောင့် မိုးရွာတုန်းရေခံ၊ လသာတုန်းဗိုင်းငင်ဆိုသည့်စကားအတိုင်း အခြေအနေပေးနေသော အချိန်အခါတွင် နိုင်ငံသားကတ်ကို ပြုလုပ်ထားခြင်းဖြင့် အလွယ်တကူရရှိနိုင်မည်ဖြစ်ပါသည်**
- ❑ **နိုင်ငံသားကတ်သည် ရွေးကောက်ပွဲမဲပေးနိုင်လောက်ရုံသက်သက်မျှ အသုံးဝင်ခြင်းမဟုတ်ဘဲ လူ့ဘဝအသက်ရှင်နေထိုင်သမျှ ကာလပတ်လုံး အသုံးဝင်နေမည်ဖြစ်ပါသည်။ ယခုပြုလုပ်ပေးလိုက်သော နိုင်ငံသားစိစစ်ရေးကတ် သို့မဟုတ် နိုင်ငံသားကတ်(မှတ်ပုံတင်)နံပါတ်သည် ဘဝတစ်လျှောက်လုံး အသုံးပြုရမည့် နံပါတ်ဖြစ်ပါသည်။ မတော်တဆ ကျပျောက်ပျက်စီးခဲ့လျှင် မိမိရရှိထားသော နံပါတ်အတိုင်း မိမိအားထုတ်ပေးခဲ့သော မြို့နယ်လဝကရုံးတွင် ပြန်လည်လျှောက်ထားနိုင်မည်ဖြစ်ပါသည်**

# မော်လမြိုင်မြို့ ကျိုက်သရေဆောင် ဆံတော်ရှင် ဦးဇိနစေတီတော် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်း၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော် ကပ်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာကျင်းပ

**နေပြည်တော် မတ် ၁၇**
မွန်ပြည်နယ် မော်လမြိုင်မြို့ ပန်းပဲတန်းရပ်ကွက်ရှိ မော်လမြိုင်မြို့ ကျိုက်သရေဆောင် ဆံတော်ရှင် ဦးဇိနစေတီတော်အား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်း၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော် ကပ်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာ အခမ်းအနားကို မတ် ၁၆ ရက်က စေတီတော်ရင်ပြင်ရှိ ဝေဿန္တရာ တန်ဆောင်းမမွှာရုံ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင်နှင့် အဖွဲ့ဝင်များ၊ တက်ရောက်လာကြသူများက နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ဝင် အတုလ ရန်အောင်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောသလထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆရာတော်ကြီးများထံသို့ ဆံတော်ရှင် ဦးဇိနစေတီတော်မြတ်ကြီး၏ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဆရာတော်ကြီးများနှင့်အတူ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ပန်းရထားဖြင့် စေတီတော်အထွတ်အထိပ်သို့ ပင့်ဆောင်ပူဇော်ပြီး ဇယမင်္ဂလာအောင်ဂါထာတော်များ ရွတ်ဖတ်ပူဇော်တင်လှူကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး ရွှေတောင်ကျောင်း ဆရာတော်ထံမှ အနုမောဒနာတရား နာယူကြသည်။

ထို့ပြင် မော်လမြိုင်မြို့ ကျွန်းသာ သယသိဒ္ဓိရှင် လေးကျွန်းသစ္စာရှင် နဂါးမောက် စေတီတော်မြတ်ကြီးတွင် တည်ထားကိုးကွယ်မည့် နဂါးရုံဘုရားကြီး ထုဆစ်နေမှုများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ သွားရောက်ကြည့်ရှုကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းနှင့် အဖွဲ့ဝင်များက ဆံတော်ရှင် ဦးဇိနစေတီတော်မြတ်ကြီး၏ စိန်ဖူးတော်အား ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။

## ချောင်းသာမြို့ ပြည်လုံးချမ်းသာစေတီတော် ထီးတော်တင်လှူပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

**ချောင်းသာ မတ် ၁၇**
ဧရာဝတီတိုင်းဒေသကြီး ချောင်းသာမြို့ ပြည်လုံးချမ်းသာစေတီတော် ထီးတော်တင်လှူပူဇော်ပွဲကို မတ် ၁၆ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ရွာမဘုန်းတော်ကြီးကျောင်းတိုက် ဆရာတော်နှင့် အလှူရှင်များက စေတီတော်မြတ်တွင် တင်လှူပူဇော်မည့် ထီးတော်ကို ဘုရားပရိဝုဏ်အတွင်း လှည့်လည်ပူဇော်ခဲ့ကြပြီး ဆရာတော်၏ ဩဝါဒကို ခံယူကာ ဗုဒ္ဓရာဇာရွှေထီးတော်တင်အဖွဲ့က ထီးတော်မြတ်ကို ပန်းရထားဖြင့် စေတီတော်သို့ တင်လှူပူဇော်ခဲ့ကြသည်။



ပြည်လုံးချမ်းသာစေတီတော်အား ရွှေထီးတော်တင်လှူပူဇော်စဉ်။

ရွှေထီးတော်တင်လှူ ပူဇော်အပြီးတွင် ကြွရောက်တော်မူကြသည့် သံဃာတော်အရှင်သူမြတ်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ဧည့်ပရိသတ်အပေါင်းတို့ကို ထမင်းဘူးများ ဝေငှလှူဒါန်းခဲ့သည်။ ထို့ပြင် ထီးတော်တင်လှူပွဲ အောင်ပွဲခမ္ဘသဘင် ရေစက်ချအလှူတော် တရားပွဲကို ည ၇ နာရီက ကျင်းပခဲ့ပြီး အဆိုပါစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းတွင် မတ် ၁၇ ရက်မှ ၂၁ ရက်အထိ ငါးရက်ကြာ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

## ဇိနမာရ်အောင်လာဘမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေကဘုရား အနေကဇာတင်လှူ ကဥ္စနဝိမာနရွှေဘုံသာပုထိုးတော်ကြီး ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားကျင်းပ

**မန္တလေး မတ် ၁၇**
ဇိနမာရ်အောင်လာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေကဘုရား အနေကဇာတင်လှူခြင်းနှင့် ကဥ္စနဝိမာနရွှေဘုံသာပုထိုးတော်ကြီး ရေစက်ချအလှူတော် မင်္ဂလာအခမ်းအနားကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ကဥ္စနမဟီရပ်လမ်း ၃၀ နှင့် ၃၁ လမ်းကြား ၇၇လမ်းရှိ ရွှေဘုံသာ ဘုရားပရိဝုဏ်ဂန္ဓကုဋိကျောင်းဆောင်တော်၌ မတ် ၁၆ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် မိုးကောင်းကျောင်းတိုက် ရတနာသိင်္ဂီ ဒိုက်ဦးကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိက ဘိဝံသ အမှူးပြုသော ဆရာတော်သံဃာတော်များက ဇိနမာရ်အောင်လာဘမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကဘုရားအနေကဇာတင်တော်မူကြသည်။ ထို့နောက် ဆရာတော် သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်ပြီး မန္တလေးမြို့နေ အလှူရှင် ဘုရားဒါယကာ ဦးမောင်မောင်လွင် (သီဟအထွေထွေလုပ်ငန်းစုနှင့်သီဟဖောင်ဒေးရှင်း)+ ဘုရားဒါယိကာမ ဒေါ်ခင်နီလာအေး (ရွှေမြန်မာဟိုတယ်) မိသားစု၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအောင်တိုးနှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက်အလှူရှင်မိသားစုက ဆရာတော်သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

# (၇၃)နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့ ကျင်းပ

**နေပြည်တော် မတ် ၁၇**
(၇၃)နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့ကို မတ် ၁၆ ရက်က ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့ ကံကြီးရပ်ကွက်ရှိ ပအိုဝ်းအမျိုးသားဘက်စုံဖွံ့ဖြိုးရေးကွင်း၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နီလင်းအောင်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးခွန်ဝင်းကို၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)အတွင်းရေးမှူး ဦးခွန်သိန်းဖေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ဖိတ်ကြားထားသူများ၊ ဒေသခံ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌက ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က သဝဏ်လွှာများကို ဖတ်ကြားကြသည်။ ထို့နောက် ပအိုဝ်းအမျိုးသားခေါင်းဆောင် ဦးအောင်ခမ်းထီက ပေးပို့သော သဝဏ်လွှာကို ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)အတွင်းရေးမှူးချုပ် ဦးခွန်သိန်းဖေက ဖတ်ကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အလှူရှင်များက ပွဲတော်ဖြစ်မြောက်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။ (ယာပုံ) ထို့နောက် ပွဲတော်ကျင်းပရေးကော်မတီ အတွင်းရေးမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က တက်ရောက်လာကြသည့် ဒေသခံ တိုင်းရင်းသားပြည်သူများကို ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်ခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာလက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် မတ် ၁၇**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့"** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေး အစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟိရီ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေးရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေး တာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများ အနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ကံမမြို့နယ် ထောက်မကျေးရွာ၌ ဆိုလာစနစ်ဖြင့် ရေရရှိရေးဆောင်ရွက်ပြီးစီး

**ကံမ မတ် ၁၇**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာကာလတွင် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ထောက်မကျေးရွာ၌ သောက်သုံးရေ ဖူလုံစွာရရှိရေး နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ဖြင့် မြစ်ရေတင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။



နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစနစ်ဖြင့် ကျေးရွာ ရေရရှိရေးဆောင်ရွက်ထားမှုကို တွေ့ရစဉ်။

ထောက်မကျေးရွာ သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာကာလတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၇ ဒသမ ၅ သန်းဖြင့် ပွန်တွန်းတည်ဆောက်ခြင်း၊ ဆိုလာ နှစ်ကီလိုဝပ်တပ်ဆင်ခြင်း၊ မြင်းကောင်ရေ နှစ်ကောင်ရှိ ရေတင်ပန့်တပ်ဆင်ခြင်းလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ကံမမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြသီတာထွေးထံမှ သိရသည်။

အဆိုပါ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ဖြင့် မြစ်ရေတင်ခြင်းလုပ်ငန်းအားလုံး ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၁၇၂ အိမ်၊ လူဦးရေ ၆၄၂ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် လာမည့်နွေရာသီကာလ သောက်သုံးရေ အခက်အခဲများ အဆင်ပြေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုလှိုင်(ကျေးလက်)**

## ရွှေကျင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် ဝန်ထမ်းစွမ်းဆောင်ရည်မြင့်မားရေးမွမ်းမံသင်တန်းဖွင့်

**ရွှေကျင် မတ် ၁၇**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် ဝန်ထမ်းစွမ်းဆောင်ရည်မြင့်မားရေး မွမ်းမံသင်တန်းဖွင့်ပွဲကို မတ် ၁၅ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းမြတ်က အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးဌာနမှူး ဦးအေးကိုက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် သင်ကြားမည့်ဘာသာရပ်များကို ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းတွင် ရုံးလုပ်ငန်း၊ ကွန်ပျူတာအသုံးပြု၍ မြေတိုင်းတာခြင်းနှင့် ဌာနမှ ကိုင်တွယ် ကျင့်သုံးလျက်ရှိသည့် ဥပဒေများ၊ လယ်ယာကဏ္ဍဆိုင်ရာစာရင်းများနှင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ ကောက်ယူပြုစုခြင်းနှင့် မြို့မြေစီမံခန့်ခွဲခြင်း သင်ခန်းစာများကို ပို့ချပေးသည်။ အဆိုပါသင်တန်းကို မတ် ၁၅ ရက်မှ ၁၆ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၁၇ ဦး တက်ရောက်ကြောင်း သိရသည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ရေချွေတာရေး နည်းလမ်းများ

- အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။ အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့်လျှော်ပါ။
- ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။ ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။

## နတ်တလင်းမြို့၌ စားသုံးဆီများ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

**နတ်တလင်း မတ် ၁၇**

မြန်မာနိုင်ငံ ဆီကုန်သည်ကြီးများအသင်း၏ စီစဉ်မှုဖြင့် နတ်တလင်းမြို့ ရွာမရပ်ကွက် တာပွန်လမ်းရှိ အောင်ချမ်းသာဆီစက်တွင် စားသုံးဆီများကို သက်သာသောဈေးဖြင့် ဒေသခံပြည်သူများထံ မတ် ၁၅ ရက်က ရောင်းချပေးလျက်ရှိသည်။

နတ်တလင်းမြို့ခံပြည်သူများ သက်သာသောဈေးနှုန်းဖြင့် စားသုံးဆီများ ဝယ်ယူစားသုံးနိုင်ရန် တစ်ပိဿာလျှင် ကျပ် ၆၈၀၀ နှုန်းဖြင့် တစ်အိမ်ထောင်လျှင် သုံးပိဿာနှုန်း ရောင်းချပေးလျက်ရှိကြောင်း၊ မြို့ပေါ်တွင်သာမက ကျေးရွာများမှ ဒေသခံများကိုလည်း ဖြန့်ဖြူးပေးလျက်ရှိပြီး တစ်ရက်လျှင် ပိဿာချိန် ၁၁၀ ပါ ဆီပီပါ ၁၅ လုံး ရောင်းချပေးမည်ဖြစ်ကြောင်း အောင်ချမ်းသာဆီစက်ပိုင်ရှင် ဦးအောင်အောင်က ပြောသည်။

ဈေးကွက်အတွင်း စားသုံးဆီဈေးနှုန်း တည်ငြိမ်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ရောင်းချပေးခြင်းဖြစ်သည်။ ယခုတစ်ပတ် ဈေးကွက်အတွင်းတွင် ဟင်းသီးဟင်းရွက်ဆီ တစ်ပိဿာလျှင် ကျပ် ၈၀၀၀ ကျော်၊ ပဲဆီတစ်ပိဿာလျှင် ကျပ် ၁၀၀၀၀ ခန့်နှင့် စားအုန်းဆီ တစ်ပိဿာလျှင် ကျပ် ၇၆၀၀ ခန့်ရှိသဖြင့် ပြည်သူများ စားသုံးဆီကို သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် အဆိုပါရောင်းချပေးမှုကို စားသုံးသူရေးရာဦးစီးဌာန ခရိုင်နှင့်မြို့နယ်တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝေယံဖြိုး(ပြန်ဆက်)**

## မြိတ်မြို့တွင် အခြေခံမဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် လူဦးရေစာရင်းတိုက်ဆိုင်စစ်ဆေး

**မြိတ် မတ် ၁၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်အတွင်းရှိ အခြေခံမဲဆန္ဒရှင် မြေပြင်စာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် လူဦးရေစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းကို ရွေးကောက်ပွဲကော်မရှင်အဖွဲ့ ခွဲရုံး၌ ကွန်ပျူတာကျွမ်းကျင်ဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အောက်ရှိ ရပ်ကွက်/ ကျေးရွာ စာရေးဝန်ထမ်းများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှဝန်ထမ်းများပူးပေါင်း၍ ဆောင်ရွက်လျက်ရှိသည်။

"ရပ်ကွက်/ ကျေးရွာတွေမှ မြေပြင်ကောက်ယူရရှိလာတဲ့ စာရင်းတွေကို တိုက်ဆိုင်စစ်ဆေးရတာဖြစ်တဲ့အတွက် လဝကရဲ့ အိမ်ထောင်စုလူဦးရေစာရင်းမှာ အမှန်တကယ်ရှိမရှိ၊ သေဆုံးတာတွေကို စစ်ဆေးပယ်ဖျက်ပေးမှာ ဖြစ်ပါတယ်။ လောလောဆယ် မြေပြင်စာရင်းကောက်ယူပြီးစီးတဲ့ ရပ်ကွက်/ ကျေးရွာငါးခုကို မတ် ၁၄ ရက်နဲ့ ၁၅ ရက်မှာ တိုက်ဆိုင်စစ်ဆေးခဲ့တာ။ လူဦးရေ ၁၂၃၂ ဦး တိုက်ဆိုင်စစ်ဆေးခဲ့ပြီးဖြစ်ပါတယ်" ဟု မြိတ်ခရိုင် ရွေးကောက်ပွဲအရာရှိ ဦးလှိုင်ဘွားက ပြောသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ပေးပို့ထားရှိသည့် မဲဆန္ဒရှင်စာရင်းများကို နိုင်ငံသားစိစစ်ရေးကတ်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၏ အိမ်ထောင်စု လူဦးရေစာရင်း ပုံစံ (၆၆/၆) ပြုစုထားရှိသည့်စာရင်းနှင့် မြေပြင်စာရင်းကောက်ယူရရှိလာသည့် စာရင်းများဖြင့် တိုက်ဆိုင်စစ်ဆေးခြင်းဖြစ်ပြီး လိုအပ်သည်များကို ဖြည့်စွက်ခြင်း၊ သေဆုံးများကို ပယ်ဖျက်ခြင်း စသည်တို့ကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

"မြိတ်မြို့နယ်က လူဦးရေအများဆုံးလည်းဖြစ်တယ်။ မြိတ်မြို့နယ်ကို Pilot Project အနေနဲ့ ဦးစားပေးပြီးစီစဉ်ဆောင်ရွက်နေပါတယ်။ လူဦးရေစာရင်းတိုက်ဆိုင် စစ်ဆေးခြင်းလုပ်ငန်းကို လက်ရှိမှာ အဖွဲ့ငါးဖွဲ့နဲ့ ကွန်ပျူတာနည်းပညာနဲ့ တိုက်ဆိုင်စစ်ဆေးနေပါတယ်။ နောက်ပိုင်းမှာ ရပ်ကွက်/ ကျေးရွာစာရင်းကောက်ယူပြီးစီးမယ့် အဖွဲ့တွေများလာမှာဖြစ်တဲ့အတွက် ကွန်ပျူတာအင်အားတွေတိုးချဲ့ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နဲ့ တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲတို့ရဲ့ ညွှန်ကြားချက်အတိုင်း ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်" ဟု ခရိုင်ရွေးကောက်ပွဲအရာရှိက ဖြည့်စွက်ပြောကြားသည်။

အခြေခံမဲဆန္ဒရှင် မြေပြင်စာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် မြိတ်မြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာအုပ်စု ၃၄ အုပ်စု၏ လူဦးရေစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းကို မတ် ၁၄ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခိုင်ထူး(မြိတ်)**



## စားသုံးသူရေးရာဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပူးပေါင်း၍ သတင်းဆောင်းပါးရေးသားနည်း သင်တန်းဖွင့်

**မုံရွာ မတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနနှင့် မုံရွာခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းပြီး စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ပြည်တွင်းကုန်သွယ်မှုဖွံ့ဖြိုးရေးသတင်းများ၊ အများပြည်သူသိသင့်သည့် သတင်းအချက်အလက်များကို စနစ်တကျ သတင်းပြန်ကြားပေးနိုင်စေရန် ရည်ရွယ်၍ သတင်းဆောင်းပါးရေးသားနည်းသင်တန်းကို မတ် ၁၇ ရက်က တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။

သင်တန်းတွင် တိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာနမှူး ဦးကျော်ကျော်လွင်က ဦးစီးဌာနအနေဖြင့် ရည်မှန်းချက်တာဝန်များကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ မိမိတို့၏ လုပ်ငန်းဆောင်ရွက်ချက်များကို သတင်းရေးသား၍ လည်းကောင်း၊ ပညာပေးဆောင်းပါးများ ရေးသား၍ လည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန၏ ဝက်ဘ်ဆိုက်တွင် ထုတ်လွှင့်ခြင်း၊ နိုင်ငံပိုင်သတင်းစာများနှင့် ဂျာနယ်များတွင် ပေးပို့ထည့်သွင်းခြင်းတို့ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ရေးသားရာတွင် ကျွမ်းကျင်မှုရှိစေရေးနှင့် ပိုမိုထိရောက်သော သတင်းတင်ပြမှုများ ဖြစ်စေရန်အတွက် လေ့ကျင့်သင်ကြားပေးရန် လိုအပ်သဖြင့် သတင်းဆောင်းပါးရေးသားနည်း သင်တန်းကို ဖွင့်လှစ်ပို့ချရခြင်းဖြစ်ကြောင်း၊ သင်တန်းသားသင်တန်းသူများအနေဖြင့် ယခုသင်တန်းမှ ရရှိလာမည့် အတတ်ပညာများဖြင့် လက်တွေ့နယ်ပယ်တွင် အသုံးချပြီး တာဝန်ကျေပွန်သော ဝန်ထမ်းကောင်းများအဖြစ် ရပ်တည်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ယင်းမာပင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့မှ သင်တန်းနည်းပြ ဆရာဆရာမများက တက်ရောက်လာသော သင်တန်းသားသင်တန်းသူများအား သတင်းဆောင်းပါးစနစ်တကျရေးသားနည်းနှင့် သတင်းဆောင်းပါးရေးသားရာတွင် လိုအပ်ချက်များနှင့် အတွေ့အကြုံများ၊ ဝက်ဘ်ဆိုက်နှင့် ဂျာနယ်များတွင် သတင်းရေးသားပေးပို့ရန် ဆောင်ရန်ရှောင်ရန် အချက်အလက်များကို အသေးစိတ်ရှင်းလင်းပြသသင်ကြား ပေးခဲ့သည်။

အဆိုပါ သင်တန်းတွင် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် စားသုံးသူရေးရာ ဦးစီးဌာနများမှ သင်တန်းသားသင်တန်းသူ ၄၀ တက်ရောက် သင်ကြားကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## ဆိုလာစနစ်ဖြင့် ကျေးရွာရေရရှိရေးဆောင်ရွက်မှု ရာနှုန်းပြည့်ပြီးစီး

**ပခုက္ကူ မတ် ၁၇**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လခွင့်ပြုရန်ပုံငွေဖြင့် အနောက်သီရိကျေးရွာ၌ နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ်ဖြင့် သောက်သုံးရေရရှိရေးလုပ်ငန်းကို ၂၀၂၁ ဒီဇင်ဘာလက စတင်ဆောင်ရွက်ရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အနောက်သီရိကျေးရွာ သောက်သုံးရေရရှိရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၃၂ ဒသမ ၃၉ သန်းဖြင့် အနက်ပေ ၄၀၀ လေးလက်မ စက်ရေတွင်းတူးဖော်ခြင်း၊ အမြင့်ပေ ၂၀ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ ဆိုလာပြားများနှင့် ဆိုလာပန့်တပ်ဆင်ခြင်းလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီတို့က တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ ယခုအခါ လုပ်ငန်းအားလုံး ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးသန့်ဇင်ထွန်းက ပြောသည်။

အဆိုပါ နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ်ဖြင့် ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာရှိအိမ်ခြေ ၃၁၇ အိမ်မှ လူဦးရေ ၁၀၀၀ နီးပါးနှင့် ကျွဲ၊ နွား တိရစ္ဆာန်တို့အတွက် နွေရာသီကာလတွင် သောက်သုံးရေ အခက်အခဲများ အဆင်ပြေစေသည့်အပြင် ဆိုလာစနစ်ဖြင့် ဆောင်ရွက်နိုင်ခြင်းကြောင့် စက်သုံးဆီဖိုး သက်သာသွားပြီဖြစ်သည်။

**သန်းလွင်(မကွေး)**

## မီးဘေးကြိုတင်ကာကွယ်ရေး Talk Show ရိုက်ကူးထုတ်လွှင့်

**ကြို့ပင်ကောက် မတ် ၁၇**

ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်တွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးလှုပ်ရှားမှုများကို မတ် ၁၅ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး Talk Show ကို ရိုက်ကူး၍ ဆိုရှယ်မီဒီယာမှတစ်ဆင့် ထုတ်လွှင့်ခဲ့သည်။

မီးဘေးလုံခြုံရေးအတွက် မြို့မစည်ပင်သာယာဈေးတွင် အသိပညာပေးဟောပြောမှုများ ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်မှုများ ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ မြို့နယ်အတွင်း၌ ယခုပွင့်လင်းရာသီတွင် မီးလန့်မှုနှစ်ကြိမ်သာဖြစ်ပွားခဲ့ပြီး အခြားသော မီးလောင်မှုများ ဖြစ်ပွားခဲ့ခြင်းမရှိကြောင်း အဆိုပါ Talk Show မှသိရသည်။

အသိပညာပေး Talk Show များကို ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းရိုက်ကူးထုတ်လွှင့်လျက်ရှိကာ We Love Gyobingauk လူမှုကွန်ရက်စာမျက်နှာတွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **ဇေယျာထွန်း(ကြို့ပင်ကောက်)**

## တပ်မတော်နေ့ အထိမ်းအမှတ် ဟောပြောပွဲကျင်းပ

**ရန်ကုန် မတ် ၁၇**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန (သဃ်္ဃန်းကျွန်း) ရုံး Community Centre ခန်းမ၌ (၇၇) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဟောပြောပွဲကို မတ် ၁၅ ရက်က ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် မြို့နယ်ပညာရေးမှူးဦးသိန်းထွန်းက "တပ်မတော်နေ့တို့မမေ့" ခေါင်းစဉ်ဖြင့် တပ်မတော်နေ့ ဖြစ်ပေါ်လာပုံ အကြောင်းများ၊ တပ်မတော်နေ့အကြောင်း သိကောင်းစရာများ၊ အစဉ်အဆက် မြန်မာ့တပ်မတော်အကြောင်းများကို ဟောပြောခဲ့ကြောင်း သိရသည်။ **စန္ဒာမိုး**

## ရွှေဘိုမြို့နယ်၌ စာဖတ်ဝိုင်းပြုလုပ်

**ရွှေဘို မတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ရှိ ခရိုင်ပြည်သူ့စာကြည့်တိုက် Community Centre ခန်းမ၌ ဇာတိသွေးနှင့် ရွှေဘိုအတွေးစာဖတ်ဝိုင်းအဖွဲ့၏ စာဖတ်ဝိုင်းဆွေးနွေးပွဲကို မတ် ၁၆ ရက်က ပြုလုပ်သည်။

ရွှေဘိုသွေးမဂ္ဂဇင်းအမှတ် (၂) တွင် စာရေးဆရာမြတ်သာထွန်း (ရွှေစံပြ) ရေးသားသည့် ကောင်းကင်ပြာကိုစွန့်ခွာခြင်း ခေါင်းစဉ်ဖြင့် စာဖတ်ဝိုင်းကျင်းပခြင်းဖြစ်ပြီး မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအောင်ဘုန်းညိုက မတ် ၁၆ ရက်၌ ကျရောက်သည့် အဖေနေ့ကို ဂုဏ်ပြုသောအားဖြင့် အဖေ့မေတ္တာကို ဖော်ကျူးထားသော အဆိုပါဝတ္ထုတိုကို ရွေးချယ်၍ စာဖတ်ဝိုင်းပြုလုပ်ခြင်းဖြစ်ကြောင်း ပြောကြားပြီး နောက်တစ်ကြိမ် ဆွေးနွေးမည့်ခေါင်းစဉ်နှင့် နေ့ရက်ကိုလည်း ရွေးချယ်သတ်မှတ်ခဲ့သည်။ **စိုးသီဟ(ရွှေဘို)**



## ဒဂုံ အလက(၂) ၌ ကိုဗစ်-၁၉ ကာကွယ်ရေး ပညာပေး

**ဒဂုံ မတ် ၁၇**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အမှတ် (၂) အခြေခံပညာအလယ်တန်းကျောင်းတွင် ကျောင်းသားကျောင်းသူများအား ကိုဗစ်-၁၉ ကာကွယ်ရေး ပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာဖတ်ဝိုင်းကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မတ် ၁၄ ရက် ကျင်းပသည်။

ရောဂါကာကွယ်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များ အသိပညာပေးဟောပြောခြင်း၊ နံရံကပ်စာစောင်များပြသခြင်း၊ နှာခေါင်းစည်းများ ဝေငှပေးခြင်းများ ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူများ အသိပညာတိုးပွားစေရန် ဒို့ကျေးရွာဂျာနယ် အတွဲ(၁၉) အမှတ်(၅)ပါ စာရေးဆရာချစ်နိုင် (စိတ်ပညာ)၏ စိတ်ကောင်းရှိမှ ဆောင်းပါးကို စာဖတ်ဝိုင်းကျင်းပပေးခဲ့ခြင်းဖြစ်သည်။ **မေသန္တာ**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉.၀၀ | ၇၂၇ ဆူ | ၁၆၂ ဆူ | ၅၆၅ ဆူ |
| ၂။ | ဓမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၃၀.၂၀ | ၁ လုံး | ၇၀၀၀ သိန်း | ၁၇၃၀.၂၀ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) | ၄၃၂၀.၀၀ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅.၀၀ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄.၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂.၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၀.၀၀ | ၄၅၅ ခန်း | ၂၃ ခန်း | ၄၃၂ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅.၀၀ | ၅၀ တိုင် | ၂၆ တိုင် | ၂၄ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀.၀၀ | ၁၈၀ တိုင် | ၇၉ တိုင် | ၁၀၁ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇.၀၀ | ၆၅၂ ခု | ၇၄ ခု | ၅၇၈ ခု |
| ၁၁။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄.၇၀ | ၂၁၁၉.၅၃ ကျင်း | ၁၉ ကျင်း | ၂၁၀၀.၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄.၁၀ | ၂၁၈.၁၄ ကျင်း | ၁၄ ကျင်း | ၂၀၄.၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃.၆၀ | ၅၉၁၀.၆၆ ကျင်း | ၁၂ ကျင်း | ၅၈၉၈.၆၆ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၄။ | ကြွေပြား ၁ ကျင်းနှုန်း | ၂.၀၀ | ၁၇၃၆.၀၈ ကျင်း | ၇၃ ကျင်း | ၁၆၆၃.၀၈ ကျင်း |
| ၁၅။ | မုစလိန္ဒအိုင် | ၁၀၅၁၉.၀၀ | ၁ ကန် | - | - |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆.၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄.၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇.၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈.၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉.၅) သိန်း | ၇၀၃.၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း ၁ ခန်း) | ၁၃၂၂.၀၀ | ၉ ခန်း | - | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃.၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၅၈၂၅၂၁၆

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## အရိုးရောဂါအထူးကုဆေးရုံကြီး၊ မန္တလေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မန္တလေးမြို့၊ အရိုးရောဂါအထူးကုဆေးရုံကြီးတွင် ဓာတ်မှန်ဌာနရှိ MRI (1.5 Tesla)SIGNA EXPLORER စက်ပြင်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါ ပေးသွင်းကြပါရန် ဖိတ်ကြားအပ်ပါသည်။

တင်ဒါစည်းမျဉ်းစည်းကမ်းချက်များအား အသေးစိတ်သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လာရောက် စုံစမ်းနိုင်ပါသည်။

**လျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၈-၃-၂၀၂၂ရက် (သောကြာနေ့)

**တင်ဒါလျှောက်လွှာပိတ်မည့် ရက်နှင့်အချိန်** - ၂၃-၃-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄:၃၀နာရီ

**တင်ဒါကော်မတီ**
**အရိုးရောဂါအထူးကုဆေးရုံကြီး၊ မန္တလေးမြို့**
**ဖုန်း-၀၂၂၈၄၇၆၁၃**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
## ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်
## ၂၀၂၁ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၂၃

ဒေါ်ကြည်ကြည်အုန်း နှင့် ၁။ ဒေါ်အေးအိမ်
၂။ ဒေါ်ဝသုန်သိန်း

တရားလို တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဆယ်သိန်းရပ်ကွက်၊ ၉ လမ်း၊ အမှတ်(၅၅၀)ရပ်နေ (၁)တရားပြိုင် ဒေါ်အေးအိမ် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ ဒေါ်ကြည်ကြည်အုန်းက ပဋိညာဉ်အတိုင်း မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ခုနှစ် မတ်လ ၃၀ရက်(၁၃၈၃ခုနှစ် တပေါင်းလပြည့်ကျော် ၁၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် မတ်လ ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်မြတ်မြတ်ထွန်း)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

လှိုင်ကော်မြို့၊ ရှမ်းစုရပ်ကွက်၊ လောပိတလမ်း၊ အမှတ်-ရှမ်း/၃၂(ခ)နေ ကျွန်တော်ဦးတောင်ကျင်ဗိုး၏သား မောင်ကျော်သီဟမျိုး ၁၃/ဖခန(နိုင်)၀၄၇၀၅၉သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဖခင်-ဦးတောင်ကျင်ဗိုး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9C/4610, Toyota Celsior ယာဉ်လက်ဝယ်ရှိသူ ဦးရဲအောင်ကျော် ၁၃/တကန(နိုင်)၁၉၅၁၂၄ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(တောင်ကြီး)**

## အမည်မှန်

တောင်ကြီးမြို့၊ အထက(၄) Grade-4 မှ မမြတ်ချြူးပန်းအောင်၏ အမည်မှန်မှာ မမြတ်ချြူးပန်အောင် ၁၃/တကန(နိုင်)၃၇၇၃၅၈ ဖြစ်ပါကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်

မြန်မာ့အလင်းသတင်းစာ ၂၂-၁-၂၀၂၂ ရက်နေ့ထုတ် စာမျက်နှာ ၂၉ တွင်ပါသော ကန့်ကွက်ကြော်ငြာ မြေတိုင်းရပ်ကွက် အမှတ် ၁/မြို့မအရှေ့ရပ် အစား ၅/မြို့မအရှေ့ရပ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9D/6992, Nissan A2 VAY 12, S/W (4x2)(R) ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းသိန်းဇံ ၁၃/နခန(နိုင်)၀၅၅၂၂၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မူဆယ်)၊ မူဆယ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ (၄)တိုးချဲ့၊ အေးသာယာရပ်ကွက်၊ သဇင်လမ်း၊ (၁၂)လမ်းနှင့် (၁၃)လမ်းထောင့်၊ မြေကွက်အမှတ် (F.118, F.119) အကျယ်အဝန်း ပေ (၈၀x၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ဆိုင်လျက်ရှိသူထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ အထက်ဖော်ပြပါ မြေနှင့်အိမ်အား သက်ဆိုင်ရာကန့်ကွက်လိုသည်များရှိပါက ခိုင်လုံသော တရားဝင်စာရွက်စာတမ်း အထောက်အထားမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါမြေနှင့် အိမ်အရောင်းအဝယ်ကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တိုးတိုးကျော် (စဉ်-၈၃၈၇)**
**LL.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၄၆) ၃လွှာ၊ ၁၂၀ လမ်း၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၁၀၇၀၄၂**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
## တင်ဒါအဆိုပြုလွှာခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်အောက်ရှိ အောက်ဖော်ပြပါ မွေးမြူရေးခြံ(၃)ခြံ၊ စက်ရုံ (၂)ရုံတို့တွင် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ မွေးမြူထုတ်လုပ်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူထုတ်လုပ်မှု လုပ်ငန်းများနှင့် ဆက်စပ်သော Processing အပိုင်းနှင့် Value Added အပိုင်းများ ဆောင်ရွက်ရန် စိတ်ပါဝင်စားသူ ပြည်တွင်းပြည်ပ လုပ်ငန်းရှင်ကုမ္ပဏီများသို့ နှစ်ရှည်ငှားရမ်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

| စဉ် | ခြံ/စက်ရုံအမည် | ဧက | Lot No. |
|---|---|---|---|
| ၁။ | ဒိုက်ဦးဝက်မွေးမြူရေးခြံ၊ အစာစပ်စက်ရုံနှင့် ဝက်သားကုန်ချော စက်ရုံ | ၁၀၂.၀၂ | Lot-1 |
| ၂။ | ဒိုက်ဦးသဘာဝဇီဝမြေသြဇာစက်ရုံ | ၇.၂ | Lot-2 |
| ၃။ | ဘုရားကြီးကြက်မွေးမြူရေးခြံ | ၁၀၁.၉၇ | Lot-3 |
| ၄။ | ဘုရားကြီးဘဲမွေးမြူရေးခြံ | ၄၃.၃၆ | Lot-4 |
| ၅။ | ဝမ်းဘဲအင်း ဝက်မွေးမြူရေးခြံ | ၂၂.၄၃ | Lot-5 |

၂။ တင်ဒါအဆိုပြုလွှာနှင့် စည်းကမ်းချက်များအား မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စီးပွားရေးရာ အထောက်အကူပြုဌာနခွဲ၊ ရုံးအမှတ်(၃၆)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူရရှိနိုင်ပါသည်။

၃။ တင်ဒါအဆိုပြုလွှာ တင်သွင်းသူများအနေဖြင့် တင်ဒါအဆိုပြုလွှာများအား (၂-၄-၂၀၂၂) ရက် မွန်းလွဲ ၂:၃၀နာရီ နောက်ဆုံးထား၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စီးပွားရေးရာ အထောက်အကူပြုဌာနခွဲသို့ ပေးပို့တင်ပြရမည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ဖုန်း-၀၆၇-၃၄၀၈၄၈၀၊ ၀၆၇-၃၄၁၈၄၅၇တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**တင်ဒါအဆိုပြုလွှာ လက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ကျောင်းကုန်း(၃)လမ်း၊ (၇)ရပ်ကွက်၊ အမှတ်(၈၂၇)၊ ဒေါ်ထွေးကြည်နှင့် ဒေါ်ကြည်အမည်ပေါက် မြေပေါ်တွင် ဆောက်လုပ်ထားသည့်(၂)ခန်းတွဲ (၃ ½)ထပ်တိုက်၊ အဆောက်အအုံ၏ ကန်ထရိုက်တာရရှိသည့် အခန်း မှ ဒါဘာထပ် ခေါင်းရင်းခန်း၊ အကျယ်အဝန်း (၁၂.၅ပေ x ၅၀ပေ)ရှိ ရေမီးစုံ တိုက်ခန်းတစ်ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသူ ဒေါ်သီတာဝင်း ၁၂/လမန(နိုင်)၁၂၇၆၉၀နှင့် ဦးမန်နီး ၁၂/လမန(ပြု) ၀၀၀၆၃၀တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သည့် ဒေါ်ဆုမွန်လွင် ၇/ဝမန (နိုင်)၀၇၈၉၄၈က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၀ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချစ်ချစ်စံ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၀၇၁)**
**LL.B Group Myanmar Law Firm**
**အမှတ်(B-6)၊ အခန်း(၄၀၁)၊ မင်းဓမ္မလမ်း၊ (၃)ရပ်ကွက်၊ ရွှေကမ္ဘာအိမ်ရာ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၁၀၀၈၆၉၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ကေသီဖေ(ဘ)ဦးဘေ (AA-003552) ၁၂/ဒဂန(နိုင်)၀၁၉၉၆၃ အမည်ပေါက် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁)၊ မြေကွက်အမှတ် (၈၆၂)၊ အကျယ်အဝန်း (အလျားပေ ၄၀xအနံပေ ၆၀)ပါမစ်မြေကွက်ပေါ်ရှိ အမှတ် (၈၆၂)၊ ဗိုလ်မိုး (၃) လမ်းနှင့် ပြည်ကြီးမဏ္ဍိုင်လမ်းထောင့်၊ (၁၁)ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ငွေငွေဝင်း(ဘ)ဦးသောင်းစိန် ၁၂/ဥကတ (နိုင်)၀၁၇၆၇၁က ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အရောင်းအဝယ်ပြုလုပ်ရန် သဘောတူသဖြင့် အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းချသည့်ပစ္စည်း၏ တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထား (မူရင်း)များနှင့်တကွ ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးပြတ်သည်အထိ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **Partner Of Client Law Firm** | **ဒေါ်သီရိခိုင်** |
| **အမှတ် (၁၆၄/၅)၊ သံသုမာလမ်း၊ သုဝဏ္ဏ (၂၄)ရပ်ကွက်၊** | **LL.B, D.I.L** |
| **သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။** | **အထက်တန်းရှေ့နေ** |
| **ဖုန်း-၀၉-၆၉၄၄၉၉၇၇၉/၀၉-၅၁၅၀၇၈၀** | **(စဉ်-၄၉၇၀၇)** |

## အများသိစေရန်ကြေညာချက်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ ဇောင်ချမ်းကုန်းတိုးချဲ့ရပ်ကွက်ရှိ မြေကွက်အမှတ် ၁၄၇/၁၉၉၇-၉၈၊ ဂရန်အမှတ် (၁၉/၄)၊ ဧရိယာ ၀ဒသမ၀၆၀ကေအကျယ်အဝန်းရှိ နှစ် ၃၀ ဂရန်မြေကွက်သည် မိတ္ထီလာမြို့နယ်၊ မြေစာရင်းဌာနတွင် ဒုဗိုလ်မှူးကြီး အေးမြင့်မောင် အမည်ဖြင့် မှတ်သားတည်ရှိပြီး အဆိုပါမြေကွက်ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယခုအခါ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုသူ ဦးခင်မောင်ထွန်း ၉/မထလ(နိုင်)၁၂၉၄၅၁ထံမှ ထိုမြေကို ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသဖြင့် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားအပြည့်အစုံနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ် အပြီးသတ်စာချုပ်ချုပ်ဆို၍ လက်ရောက်ရယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးကျော်စွာဦး (LL.B)**
**အထက်တန်းရှေ့နေ စဉ်-၂၅၆၁၇ (၁၆-၂-၂၀၀၇)**
**ရွှေနှင်းဆီလမ်း၊ ပေါက်ချောင်း (၁)ရပ်၊ မိတ္ထီလာမြို့၊ ဖုန်း-၀၉-၂၅၆၅၉၁၈၅၈**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၁-၁၁-၂၀၁၁ ရက်စွဲဖြင့် တပ်ကြပ်ကြီး ကိုကိုအောင်(ဘ)ဦးတင်အောင် ၈/တတက(နိုင်)၀၅၄၆၉၄မှ ဒေါ်တင်တင်အေး(ဘ)ဦးတိုချန်ဖူး(ခ)မောင်အေး ၁၃/လရန(နိုင်)၀၈၇၀၂၉သို့ လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာ မှတ်ပုံတင်အမှတ် (၈၀၂၀/၂၀၁၁)အား ၁၇-၃-၂၀၂၂ရက်မှစ၍ အပြီးအပိုင် ရုပ်သိမ်းပါကြောင်း အသိပေးကြေညာလိုက်ပါသည်။

**ဒေါ်တင်တင်အေး**
**၁၃/လရန(နိုင်)၀၈၇၀၂၉**

## အိတ်ဖွင့်တင်ဒါယှဉ်ပြိုင်မည့်ရက်ကြော်ငြာခြင်း

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာနပိုင် ပဲခူးတိုင်းဒေသကြီးမှ ညပ-၄၀၊ မန္တလေးတိုင်းဒေသကြီးမှ မြဲ-၂ တို့အား (မြေမပါ) အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခြင်းကို ၂၃-၄-၂၀၂၀ရက်တွင် တင်ဒါယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း ၁၉-၃-၂၀၂၀ ရက်နှင့် ၂၀-၃-၂၀၂၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာခဲ့ခြင်းအပေါ် တင်ဒါယှဉ်ပြိုင်မည့်ရက်အား ရွှေ့ဆိုင်းကြောင်း ၂၆-၃-၂၀၂၀ ရက်တွင် ကြော်ငြာခဲ့ပါသည်။ ယခုအခါ ရောင်းချခြင်းကို ကျန်းမာရေးဦးစီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ၃၁-၃-၂၀၂၂ရက်တွင် တင်ဒါယှဉ်ပြိုင်ရမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**

## မြန်မာနိုင်ငံကြက်ခြေနီအသင်း
## အိတ်ပိတ်တင်ဒါခေါ်ယူခြင်း(အရေးပေါ်)

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လူမှုကရုဏာလုပ်ငန်းများတွင် အထောက်အပံ့ပေးရန်အတွက် လိုအပ်သော အထောက်အပံ့ပစ္စည်းများကို ဝယ်ယူနိုင်ရန် အိတ်ပိတ်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ထုတ်ယူရမည့်** - ၁၈-၃-၂၀၂၂ရက်
**ရက်နှင့်အချိန်** နံနက် ၁၀နာရီမှ ညနေ ၃နာရီအတွင်း
**တင်ဒါပုံစံများနောက်ဆုံးလာယူရမည့်** - ၂၃-၃-၂၀၂၂ရက်
**ရက်နှင့်အချိန်** နံနက် ၁၀နာရီမှ ညနေ ၃နာရီအတွင်း
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၈-၃-၂၀၂၂ရက် ညနေ ၃နာရီအတွင်း

**တင်ဒါပုံစံများကို ထုတ်ယူရမည့်နေရာနှင့် တင်သွင်းရမည့်နေရာ**
**ထောက်ပံ့ပို့ဆောင်ရေးနှင့် ဝယ်ယူဖြည့်တင်းရေးဆိုင်ရာစီမံခန့်ခွဲမှုဌာန**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ရန်ကုန်ရုံးခွဲ**
**အမှတ်-၄၂၊ ကမ်းနားလမ်း၊ စတုတ္ထအထပ်**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့**

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် လုပ်ငန်းအသေးစိတ်ကို သိရှိရန် ဖုန်း-၀၉-၄၂၀၇၄၅၄၇၇၊ ၀၁-၃၉၂၀၂၈၊ ၃၉၂၀၂၉၊ ၃၉၂၀၃၀(လိုင်းခွဲ-၁၁၉)သို့ ရုံးချိန်အတွင်း (၁၀)နာရီမှ ညနေ ၄နာရီအတွင်း စုံစမ်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ဝါဦး (၂)လမ်း၊ အမှတ် (၃၈/ခ)ဟုခေါ်တွင်သော အလျားxအနံ (၃၈x၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ်တိုက်၊ အုတ်ခံ၊ ရေ၊ လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိစီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆိုလျက် လက်ရှိပိုင်ဆိုင်ထားသူ ဦးငွေဝင်း ၉/မမန(နိုင်)၀၁၂၄၃၈က ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေ ဒေါ်အေးစန္ဒာ၁၂/လမန(နိုင်)၀၀၂၅၈၁က ဝယ်ယူရန်သဘောတူညီပြီး ရောင်းဖိုးငွေ၏ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါနေအိမ်ခြံမြေအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်း အထောက်အထား စုံလင်စွာဖြင့် ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အဆိုပါနေ့ရက်ကျော်လွန်ပါက ကျွန်ုပ်မိတ်ဆွေဘက်မှ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်လင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၉၀/၁၆)**
**အင်းစိန်ရှေ့နေများအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၂၅၃၈၀၇၄၁၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ရန်ကင်းလမ်း၊ အမှတ်(၃၆၆)နေ ဦးနိုင်လင်းဇော် (ဘ)ဦးတင်မောင်ဇော် ၁၂/သဃက(နိုင်)၀၃၉၄၁၂၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ သဲလမ်း၊ အကွက်အမှတ်(၂၈)၊ ညောင်သုံးပင်မြောက်ကွက်၊ ဦးပိုင်အမှတ် (၁၆)၊ ဧရိယာ(၀ဒသမ၂၁၁)ကေအကျယ်ရှိ (မြို့မြေ)မှာ ဒေါ်မြင့်မြင့်ဦး အမည်ဖြင့် မြေခွန်ပြေစာ စည်းကြပ်လျက်ရှိပြီး ၎င်းမြေကွက်အတွင်းမှ အလျား(၁၄၅) ပေ x အနံ (၃၂)ပေ အကျယ်ရှိ (ခြေရင်း)ဘက်ခြမ်းမြေကွက်အား လက်ရှိထားပိုင်ဆိုင်၍ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်မြင့်မြင့်ဦး ၁၂/သလန(နိုင်)၀၂၀၁၁၉ထံမှ ကျွန်မတို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ ယင်းမြေကွက်နှင့် ပတ်သက်ပြီး ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)အပြည့်အစုံဖြင့် ကျွန်မတို့ထံ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါ မြေကွက်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စမ်းစိမ့်စိမ့်အေး(LL.B)** | **ဒေါ်ခိုင်သူဇာဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၉၄၉/၂၀၁၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၉၇၃၄/၂၀၁၄)** |
| **ဖုန်း-၀၉-၄၂၁၀၅၃၁၁၀** | **ဖုန်း-၀၉-၄၂၁၀၅၃၁၀၁** |

**(ရုံးခန်း)ရန်ကုန်တောင်ပိုင်းခရိုင်၊ တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ငွေစိုး ၈/စလန(နိုင်)၁၁၇၈၀၄၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ပိုက်ထွေး ၈/စလန(နိုင်)၁၀၆၄၃၇၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဇေယျာမိုး ၈/မဘန(နိုင်)၁၄၅၇၃၁၏ နိုင်ငံကူး လက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၇ယ/၇၅၁၈၁ ယာဉ်လက်ဝယ်ရှိသူ ဦးကြည်သိန်း ၁၂/သလန(နိုင်)၀၂၉၅၁၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ချင်းပြည်နယ်ရုံး(ဟားခါး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၉ယ/၄၆၉၄၇ ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းဇော်ထူး ၄/ဟခန(နိုင်)၀၅၂၀၆၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ချင်းပြည်နယ်ရုံး(ဟားခါး)**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ်(၆၇)၊ ထောင်ကုန်းအကွက်၊ ဦးပိုင်အမှတ် (၆၂-စ)၊ မြေဧရိယာ (၀ဒသမ၀၁၇)ကေရှိ မြေ(B)အားပုသိမ်မြို့၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းချိုလမ်း၊ အမှတ်(၇)နေ ဒေါက်တာအောင်မြိုင်မှ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးကြောင်း ဖော်ပြ၍ ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲ လုပ်ထုံးလုပ်နည်း၊ ဥပဒေအမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**
**ပုသိမ်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ တကောင်း (၈)လမ်း၊ တိုက်အမှတ် (၁၆၈/က)၊ တစ် ခန်းတည်း RC (၅)ထပ်တိုက်၏ တတိယထပ် (၄)လွှာ၊ ဧရိယာ ၈၆၇ စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချသူ ဒေါ်သန်းညွန့် ၁၂/ဥကတ(နိုင်)၀၉၇၆၉၀ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးမျိုးသန့် ၁၂/ဥကတ(နိုင်)၁၇၉၅၉၉၊ ဒေါ်မြတ်မြတ်စိုးကြည် ၁၄/မမန(နိုင်)၂၀၃၄၂၃တို့မှ အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်၍ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ဦးမျိုးသန့်၊ ဒေါ်မြတ်မြတ်စိုးကြည်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်နန္ဒာ**
**အထက်တန်းရှေ့နေ (စဉ်-၄၇၆၂၂)**
**အမှတ် (၁၇/က)၊ မြေညီထပ် (၀၁-၀၂)နှင့် ပထမထပ် (၀၁-၀၂)၊ အထက်ပန်းဆိုးတန်းလမ်းနှင့် ဗိုလ်မင်းခေါင်လမ်းထောင့်၊ ဖဆပလရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၉/က)၊ မြေကွက်အမှတ် (၁၀/သ)၊ လေးထောင့်ကန်လမ်း၊ အမှတ် (၉၉-စီ)၊ (၃)ခန်းတွဲ RC (၆)ထပ်တိုက်၏ (၆)လွှာ၊ တိုက်ကိုမျက်နှာမူလျှင် (လက်ဝဲခြမ်း)အပေါ်ဆုံးအခန်း၊ ဧရိယာ စတုရန်းပေ ၈၄၀ရှိ (အမှတ် ၉၉-စီ)၊ (၆)လွှာ၊ လေးထောင့်ကန်လမ်း၊ (ဆ/က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ဟု လည်းကောင်းခေါ်တွင်သော) တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချသူ ဒေါ်ရီရီဝင်း ၁၂/လကန(နိုင်)၀၀၂၁၈၄ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဦးကျော်စိုပြေ ၉/မထလ(နိုင်)၂၅၂၀၈၉မှ အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်၍ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ဦးကျော်စိုပြေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်နန္ဒာ**
**အထက်တန်းရှေ့နေ (စဉ်-၄၇၆၂၂)**
**အမှတ် (၁၇/က)၊ မြေညီထပ် (၀၁-၀၂)နှင့် ပထမထပ် (၀၁-၀၂)၊ အထက်ပန်းဆိုးတန်းလမ်းနှင့် ဗိုလ်မင်းခေါင်လမ်းထောင့်၊ ဖဆပလရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
## ကွန်ပျူတာတက္ကသိုလ်(မြစ်ကြီးနား)
## Centre of Excellence in Software Development and Training–CESDT
## အိန္ဒိယ–မြန်မာသတင်းအချက်အလက်နှင့် နည်းပညာ သင်တန်းကျောင်းအတွက် သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ်(မြစ်ကြီးနား)နှင့် အိန္ဒိယနိုင်ငံ Centre for Development of Advanced Computing(C–DAC)တို့ ပူးပေါင်းဖွင့်လှစ်သည့် Centre of Excellence in Software Development and Training(CESDT) သင်တန်းကျောင်းတွင် အောက်ဖော်ပြပါသင်တန်းများ(အပတ်စဉ်–၁)ကို ၂–၅–၂၀၂၂ ရက်မှ စတင်၍ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်–

| စဉ် | သင်တန်းအမည် | သင်တန်းကာလ | သင်တန်းကြေး(ကျပ်) | လက်ခံမည့်သင်တန်းသားဦးရေ |
|---|---|---|---|---|
| (က) | Certificate course in Data Communication and Networking (CCDCN) | ၂–၅–၂၀၂၂ရက်မှ ၂၄–၆–၂၀၂၂ရက်အထိ ၈ ပတ် | ၄၀၀၀၀ | ၂၀ ဦး |
| (ခ) | Certificate Course in Information Technology(CCIT) | ၂–၅–၂၀၂၂ရက်မှ ၂၂–၇–၂၀၂၂ရက်အထိ ၁၂ပတ် | ၆၀၀၀၀ | ၂၀ ဦး |
| (ဂ) | Certificate course in JAVA Programming (CCJP) | ၂–၅–၂၀၂၂ရက်မှ ၅–၈–၂၀၂၂ရက်အထိ ၁၄ပတ် | ၈၀၀၀၀ | ၂၀ ဦး |

၂။ လျှောက်ထားလိုသူများသည် အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများဖြစ်ရပါမည်–

(က) အသိအမှတ်ပြု ပြည်တွင်း/ပြည်ပတက္ကသိုလ်တစ်ခုခုမှ IT ဆိုင်ရာအထူးပြုဘွဲ့ရရှိထားသူများနှင့် ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်များမှ သိပ္ပံဘွဲ့ B.Sc(Physics), B.Sc(Chemistry), B.Sc(Mathematics))ရရှိပြီးသူများ ဖြစ်ရမည်။

(ခ) မိမိနှင့်တကွ မိဘနှစ်ပါးစလုံးသည် မြန်မာနိုင်ငံသားဖြစ်ရမည်။

(ဂ) သတ်မှတ်ထားသော ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲများကို အောင်မြင်စွာ ဖြေဆိုနိုင်သူ ဖြစ်ရမည်။

(ဃ) သင်တန်းသားများသည် ဝန်ကြီးဌာနများမှ ဝန်ထမ်းဖြစ်ပါက မိမိတို့သက်ဆိုင်ရာဌာန အကြီးအကဲများ၏ ခွင့်ပြုကြောင်း ထောက်ခံစာပါရှိရမည်။

(င) အစိုးရဝန်ထမ်းများမှအပ သင်တန်းသားများသည် သင်တန်းစတင်ဖွင့်လှစ်သည့်ရက်တွင် အသက် (၄၀)ထက် မကျော်လွန်သူဖြစ်ရမည်။

(စ) အကျင့်စာရိတ္တကောင်းသူဖြစ်ပြီး ပြစ်မှုကင်းရှင်းရပါမည်။

၃။ သင်တန်းလျှောက်ထားသူများအနေဖြင့် သင်တန်းလျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါတို့ကို တစ်ပါတည်း ပူးတွဲတင်ပြရပါမည်–

(က) မိမိနေထိုင်ရာမြို့နယ်မှ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာနှင့် မိမိနေထိုင်ရာရပ်ကွက်မှ ပြစ်မှုကင်းရှင်းကြောင်းထောက်ခံစာ

(ခ) ဘွဲ့လက်မှတ်မူရင်းနှင့်မိတ္တူ(၃)စောင်၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်းနှင့် မိတ္တူ(၃)စောင်၊ အိမ်ထောင်စု ဇယားမိတ္တူ (၁)စောင်၊ ပတ်စ်ပို့ (၁.၅"x၁.၅")အရွယ် ဓာတ်ပုံ(၅)ပုံ ပါရှိရမည်။

၄။ သင်တန်းလျှောက်ထားသူများသည် အောက်ဖော်ပြပါအစီအစဉ်အတိုင်း ဝင်ခွင့်စာမေးပွဲများကို ဖြေဆိုကြရမည်ဖြစ်ပါသည်–

| နေ့ရက် | စာမေးပွဲ | အချိန် | နေရာ |
|---|---|---|---|
| ၂၅–၄–၂၀၂၂ (တနင်္လာနေ့) | ဉာဏ်စမ်းမေးခွန်း (ICT knowledge & Mathematics) | နံနက် ၁၀:၀၀– ၁၁:၀၀ နာရီ | CESDT သင်တန်းကျောင်း (မြစ်ကြီးနားတက္ကသိုလ်ဝင်းအတွင်း) |

၅။ ဝင်ခွင့်လျှောက်လွှာများကို CESDT သင်တန်းကျောင်း၌ ၂၁–၃–၂၀၂၂ ရက်မှစတင်၍ ထုတ်ယူနိုင်ပြီး လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် CESDT သင်တန်းကျောင်းတွင် ၂၁–၃–၂၀၂၂ ရက်မှ ၆–၄–၂၀၂၂ ရက်အထိ ရုံးချိန်အတွင်း လျှောက်ထားရပါမည်။

၆။ ဝင်ခွင့်လျှောက်လွှာများကိုစိစစ်၍ ဝင်ခွင့်စာမေးပွဲဖြေဆိုမည့်ကတ်များကို ၁၈–၄–၂၀၂၂ ရက်မှ ၂၄–၄–၂၀၂၂ ရက်အတွင်း CESDT သင်တန်းကျောင်းတွင် ထုတ်ပေးမည်ဖြစ်ပြီး လူကိုယ်တိုင် ထုတ်ယူရမည်။

၇။ ဝင်ခွင့်ရစာရင်း (Short List)ကို ၂၈–၄–၂၀၂၂ ရက်တွင် ကွန်ပျူတာတက္ကသိုလ်(မြစ်ကြီးနား)၏ Website နှင့် ကြော်ငြာသင်ပုန်း၊ CESDT သင်တန်းကျောင်း၏ ကြော်ငြာသင်ပုန်းတို့တွင် ကြေညာပေးသွားမည်ဖြစ်ပါသည်။

၈။ သင်တန်းတည်နေရာ–CESDT သင်တန်းကျောင်း(မြစ်ကြီးနားတက္ကသိုလ်ဝင်းအတွင်း)၊ မြစ်ကြီးနားမြို့။

၉။ သင်တန်းစတင်မည့်ရက် – ၂–၅–၂၀၂၂ ရက်(တနင်္လာနေ့)

၁၀။ အခြားသိရှိလိုသည်များရှိပါက ရုံးချိန်အတွင်း CESDT သင်တန်းကျောင်းဖုန်း ၀၉–၉၆၉၈၂၅၇၆၇၊ ၀၉–၂၅၆၃၅၀၃၉၀၊ ၀၉–၄၀၀၁၂၈၁၅၇ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**သင်တန်းညွှန်ကြားရေးမှူး**
**CESDT သင်တန်းကျောင်း**
**မြစ်ကြီးနားမြို့**

---

### ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဟိန်းဇော်မိုး ၈/မထန (နိုင်) ၀၉၉၉၈၃ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း–၀၉–၂၅၈၀၀၃၈၉၉**

### ပတ်စ်ပို့ပျောက်

ကျွန်မ မမူယာလင်း ၈/အလန (နိုင်)၁၀၁၃၅၁ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း–၀၉–၂၅၈၀၀၃၈၉၉**

### အမည်မှန်

ဦးလှသူ၏ သား၊ လားရှိုးမြို့၊ အလက (၅) (ထ/ခွဲ)၊ Grade–10 တန်းခွဲ A မှ မောင်သန့်စင်ဖြိုး၏ အမည်မှန်မှာ မောင်သန့်ဇင်ဖြိုး ဖြစ်ပါကြောင်း။

**မောင်သန့်ဇင်ဖြိုး**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း ၂ ရပ်ကွက်၊ ရွှေတဆုပ်လမ်း၊ တိုက်အမှတ် ၁၈၆၊ အခန်းအမှတ်(၃၀/၃၂)၊ (၁၂ ပေx ၄၀ ပေ)၊ ၅ လွှာ "B" အခန်းအား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်လှလှဆွေ ၁၂/မရက(နိုင်)၁၂၃၅၁၈ ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ် ဦးခင်မောင်ဇော် ၁၂/ဥကတ(နိုင်)၀၆၀၈၈၀ သည် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ရာ ကန့်ကွက်မည့်သူရှိပါက ဤကြေညာချက်ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်ကို ကြေညာအပ်ပါသည်။

**ဦးခင်မောင်ဇော် ဖုန်း–၀၉–၄၅၅၈၇၂၅၆၅**

### ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိ မြောက်ရပ်၊ သုခဒီပ ရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်အမှတ် (ပ–၃၄၅၅၂)၏ မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဒေါ်ဝင်းစန္ဒာ ၁၂/တမန(နိုင်)၀၁၆၁၂၃ (ဘ)ဦးကျော်မှ မြေချပါမစ်(စလစ်)မိတ္တူမှန် ထုတ်ပေးပါရန် မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက် ၃၀ အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေချပါမစ်(စလစ်) မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**သွေးသည် အသက်**

---

မြန်မာကုမ္ပဏီများဥပဒေအရ
### Powerlink Energy Trading (Myanmar) Co., Ltd.
### နောက်ဆုံးအစည်းအဝေးခေါ်ယူရန်နေ့ရက်နှင့် အချိန် အကြောင်းကြားခြင်း

Powerlink Energy Trading (Myanmar) Co., Ltd.၏ အပြီးသတ် စာရင်းရှင်းလင်း ဖျက်သိမ်းရန်အတွက် အရပ်ရပ်အထွေထွေအစည်းအဝေးကြီးအား တိုက်အမှတ် (၅)၊ အခန်းအမှတ်(၁၇)၊ မြို့ပြအိမ်ရာ၊ မရမ်းကုန်းလမ်းဆုံ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့တွင် ( ၁၀ – ၄ –၂၀၂၂)၊ နေ့လည်(၁း၀၀)၌ ကျင်းပမည်ဖြစ်ကြောင်း ကုမ္ပဏီ၏ အစုရှယ်ယာရှင်အားလုံး တက်ရောက်ကြပါရန် အကြောင်းကြားအပ်ပါသည်။

ဒေါ်ငွေးရင်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း ၀၉ ၇၈၂၃၃၁၅၉၊ ၀၁ ၅၂၃၃၂၂

### "ASIA ROYAL ROSE COMPANY LIMITED" အား အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက် နောက်ဆုံးအစည်းအဝေးတက်ရောက်ရန်ဖိတ်ကြားခြင်း

ကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးကို တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့် အစည်းအဝေးသို့ အစုရှင်များမပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်–

**ကျင်းပမည့်ရက်** – ၁၈–၄–၂၀၂၂ ရက်
**ကျင်းပမည့်အချိန်** – နံနက် ၁၀:၃၀ နာရီ
**ကျင်းပမည့်နေရာ** – NO.(22), (KAGYI–1) STREET, MYOTHIT KA–KHA QUARTER, INSEIN TOWNSHIP, YANGON REGION, MYANMAR.

အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိ၏ အစီရင်ခံစာရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်းပြီးစီးမှုများကို တင်ပြမည်ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

**DAW SAN KYI**
**B.Com(Q),C.P.A**
**Certified Public Accountant**
**AUDITOR & FINANCIAL CONSULTANT**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ မင်းကံကြီးရပ်ကွက်၊ အောင်စေတနာ(စီ)ရပ်၊ (၂)လမ်း၊ အမှတ် ၇၆၊ အလျား ၆၀ ပေ၊ အနံပေ ၄၀ ရှိ ဝိုင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်ကေကေယုကျော် ၈/ပခက(နိုင်)၁၉၇၀၉၂ မှ ဝယ်ယူလက်ရှိပိုင်ဆိုင်ထားပြီး ဒေါ်ကေကေယုကျော်မှ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အိအိခင် ၉/ကပတ(နိုင်)၁၄၃၄၂၆ မှ ဝိုင်းမြေ၏တန်ဖိုးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကျွန်ုပ်ထံသို့ ခိုင်မာလုံလောက်သောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အိအိခင်၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ယုမွန်ထွေး(LL.B, LL.M)**
**အထက်တန်းရှေ့နေ(စဉ်–၅၁၇၅၃)**
**စိုးကောမင်းရပ်၊ မကွေးမြို့**
**ဖုန်း–၀၉–၂၅၈၆၅၂၆၉၈**

### ဦးကျော်စောဝင်း(ခ)ကိုပွင့် ၈/မလန(နိုင်)၀၈၀၃၆၈ နှင့် အများသိစေရန် ပြန်လည်ရှင်းလင်း ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ အောင်မေတ္တာ(စီ)ရပ်ကွက်၊ ၁၂ လမ်း၊ အိမ်အမှတ် (၇၇၄)နေ ဒေါ်အေးမြတ်နိုးဟိန်း(ဘ) ဦးကျော်လွင် ၈/မကန(နိုင်) ၂၆၆၃၈၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ–

ကျွန်ုပ် မိတ်ဆွေ၏ ခင်ပွန်း ဦးကျော်စောဝင်း (ဘ) ဦးသန်းဌေး ၈/မလန(နိုင်) ၀၈၀၃၆၈ မှ ၁၄–၁၂–၂၀၂၁ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတွင် ၁၂–၄–၂၀၁၉ တွင် ဦးကျော်စောဝင်း (ခ) ကိုပွင့် နှင့် ဒေါ်အေးမြတ်နိုးဟိန်းတို့သည် မကွေးမြို့နယ်တရားရုံးတွင် အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးနောက် လင်ခန်းမယားခန်းအပြင် ပစ္စည်းခန်းပါ ခွဲဝေပြတ်စဲပြီးဖြစ်ပါ၍ဟု ဖော်ပြလျက်အများသိစေရန် ကြေညာပါသည်ဟု ထည့်သွင်းကြေညာခြင်းအပေါ် အောက်ပါအတိုင်း အများသိစေရန် ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးမြတ်နိုးဟိန်းနှင့် ဦးကျော်စောဝင်း (ခ) ကိုပွင့်တို့သည် ၅–၆–၂၀၁၉ ရက်နေ့မှစတင်၍ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ် ပြန်လည်ပေါင်းသင်းနေထိုင်လျက် ညောင်ကျပွင့်ကျေးရွာတွင် ကထိန်အလှူတော်မင်္ဂလာပြုလုပ်ခြင်း၊ ပခုက္ကူမြို့နယ်၊ မြစ်ခြေမြို့၊ ကမ္ဗာအေးရပ်၊ ရှင်(၂၀၀)အလှူ၌ ရှင်(၅)ပါး လှူဒါန်းခြင်း၊ ဦးအောင်ဇော်မျိုး၏သမီး မရွှေယမင်းအား အမွေစားအမွေခံအဖြစ် နှစ်ဦးသဘောတူ မွေးစားခြင်းများ ပြုလုပ်ခဲ့ကြပြီး ယနေ့အချိန်အထိ မြန်မာ့ဓလေ့ထုံးထမ်းဥပဒေနှင့်အညီ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လျက် ရှိပါသဖြင့် ၁၄–၁၂–၂၀၂၁ ရက် မြန်မာ့အလင်းသတင်းစာပါ ဦးကျော်စောဝင်း၏ ကြေညာချက်မှာ ၎င်းတစ်ဦးတည်း၏ဆန္ဒဖြင့် ကြေညာခြင်းဖြစ်ပါ၍ တရားဝင်ခြင်း မရှိပါကြောင်း ဦးကျော်စောဝင်းနှင့် အများသိစေရန် ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

**ဒေါ်အေးမြတ်နိုးဟိန်း၏ ညွှန်ကြားချက်အရ–**
**ဦးအောင်နိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်–၁၀၀၄၈ /၂၄–၆–၂၀၁၄**
**အမှတ် $H_2$–၇၉၊ ၂၆ လမ်း၊ မြင်သာရပ်၊ မကွေးမြို့၊**
**ဖုန်း–၀၉–၄၀၁၅၅၆၆၉၃, ၀၉–၇၈၀၇၂၂၄၇၇**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် EE/6473 Nissan AD VZNY 12, Station Wagon (4x4) R ယာဉ်လက်ဝယ်ရှိသူ ဦးသူရအောင် ၉/မရမ(နိုင်)၀၉၀၆၀၃ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တွဲဖက်ပြည်နယ်ရုံး (လားရှိုးမြို့)

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5Q/1184 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

### မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်
### MYANMAR SEAFARERS FEDERATION
### ပဉ္စမအကြိမ်မြောက်အလုပ်အမှုဆောင်ရွေးချယ်တင်မြှောက်ရေးအခမ်းအနား ကျင်းပမည့်သတင်းထုတ်ပြန်ချက်

MSF အဖွဲ့ချုပ်၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ အလုပ်အမှုဆောင်၏ သက်တမ်းသည် (၂)နှစ်ဖြစ်ပါသောကြောင့် ပဉ္စမအကြိမ်မြောက် အလုပ်အမှုဆောင် ရွေးချယ်တင်မြှောက်ရေး အခမ်းအနားအား ၂၀၂၂ခုနှစ် မတ်လ ၂၂ရက်မှ ၃၁ရက်ကြား ကျင်းပမည်ဖြစ်ပါသည်။ အလုပ်အမှုဆောင်အဖွဲ့ရွေးချယ်တင်မြှောက်ရေး အခမ်းအနား ကျင်းပမည့်အချိန်၊ ရက်စွဲနှင့် တည်နေရာအား အခမ်းအနားမကျင်းပမီ (၁၀)ရက်အလိုတွင် ထပ်မံကြေညာပါမည်။

MSF အဖွဲ့ချုပ်၏ လူမှုကွန်ရက်စာမျက်နှာဖြစ်သော FACEBOOK ACCOUNT နှင့် FACEBOOK PAGE များတွင်လည်း အလားတူကြော်ငြာများအား ထည့်သွင်းထုတ်ပြန်မည်ဖြစ်သည်–

**MSFအဖွဲ့ချုပ်၏ ယာယီလိပ်စာ** – MY HOTEL အမှတ်(၂၇၅)၊ ဗားဂရာလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်

အသေးစိတ်သိရှိလိုပါက အောက်ပါဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်–

| | | |
|---|---|---|
| **ဦးဟုတ်စွမ်** | – | ၀၉–၂၅၁၀၂၂၄၆၈ |
| **ဦးဆန်နီဟန်** | – | ၀၉–၄၄၄၆၉၇၉၀၈ |
| **ဦးဘခိုင်** | – | ၀၉–၇၆၂၅၅၀၃၁၅ |
| **ဦးမောင်မောင်လတ်** | – | ၀၉–၇၈၁၀၅၃၅၉၉ |
| **ဦးကျော်လင်းအောင်** | – | ၀၉–၄၃၀၄၃၃၀၄ |
| **ရုံးဖုန်း** | – | ၀၉–၇၅၇၇၃၁၆၁၉ |

### အထူးကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကျိုက်/နောက်ရပ်ကွက် သုမင်္ဂလာလမ်း၊ အမှတ် A–၁/ အခန်း ၀၀၆ နေ ဦးရဲဂေါင်သီဟ ၁၂/သဃက(နိုင်)၁၆၉၆၄၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြော်ငြာအပ်ပါသည်။

ဦးရဲဂေါင်သီဟမှ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၃)ရပ်ကွက်၊ နှယ်သာကီလမ်း၊ အမှတ် ၁၅/၁၆၀ နေ ဒေါ်ခိုင်ခိုင်မြင့် (ဘ)ဦးသန်းမြင့် ၁၀/သထန(နိုင်)၀၁၇၃၄၁ ထံသို့ ၄–၃–၂၀၂၂ ရက်တွင် ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ လွှဲအပ်ပေးခဲ့သော အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၆၃၂/၂၀၂၂) အား ဤကြော်ငြာစာပါသည့်ရက်မှစ၍ ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ဦးရဲဂေါင်သီဟ(ဘ)ဦးမြင့်ဆွေ**

### အထူးကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၃)ရပ်ကွက်၊ တော်ဝင်လမ်း၊ အမှတ် ၇၄/ခ နေ ဒေါ်ခင်ဆုလှိုင် ၉/ခအဇ(နိုင်)၀၀၅၂၇၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြော်ငြာအပ်ပါသည်။

ဒေါ်ခင်ဆုလှိုင်မှ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၃)ရပ်ကွက်၊ နှယ်သာကီလမ်း၊ အမှတ် ၁၅/၁၆၀ နေ ဒေါ်ခိုင်ခိုင်မြင့် (ဘ)ဦးသန်းမြင့် ၁၀/သထန(နိုင်)၀၁၇၃၄၁ ထံသို့ ၄–၃–၂၀၂၂ ရက်တွင် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ လွှဲအပ်ပေးခဲ့သော အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၆၀၈/၂၀၂၂) အား ဤကြော်ငြာစာပါသည့်ရက်မှစ၍ ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ဒေါ်ခင်ဆုလှိုင်(ဘ)ဦးမြင့်ဆွေ**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3Q/6742 Suzuki CIAZ S/L (4x2) (L) ယာဉ်အမည်ပေါက်သူ ဦးရှိုင်းကိုကို ၁၄/ငပတ(နိုင်)၁၆၇၂၀၅ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

### ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

